# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၆၆]


**ကျေးဇူးရှင်**

* သစ်ပင်၏အရိပ်ကို ခိုဖူးလျှင် ထိုသစ်ပင်၏သစ်ကိုင်းကို မချိုးဖဲ့ရ။
* သူတစ်ထူးထံမှ အိပ်ရာနေရာနှင့် ထမင်းအဖျော်ကို ရရှိနေထိုင်စားသောက်ဖူး၏။ ထိုသူ၏ ပျက်စီးရာပျက်စီးကြောင်း မကြံစည်အပ်ပေ။
* ကျေးဇူးရှင်အား ပြစ်မှားလျှင် ပူလောင်၍ ဆင်းရဲဒုက္ခ ရောက်တတ်၏။

(ဇာတကပါဠိ)

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေးတက်ရောက်ရန် လာအိုသို့ထွက်ခွာ

စာမျက်နှာ-၃

# နိုင်ငံတကာအဆင့်မီ မန္တလေးကွန်ပင်းရှင်းစင်တာဖွင့်



မင်းထက်အောင်
(မန်းကိုယ်ပွား)

**မန္တလေး မတ် ၁၃**

မန္တလေးမြို့ကို ဗဟိုပြု၍ ဒေသအကျိုးစီးပွား ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်၊ နည်းပညာနှီးနှောဖလှယ်မှု ပိုမိုအားကောင်းလာစေရန်၊ နိုင်ငံတကာနှင့် ချိတ်ဆက်ရောင်းဝယ်ဖောက်ကားနိုင်မှုများ ပိုမိုထိရောက်အောင်မြင်လာစေရန် ဟူသောရည်ရွယ်ချက်ဖြင့် တည်ဆောက်ခဲ့သော Mandalay Convention Centre ဖွင့်ပွဲအခမ်းအနားကို မတ် ၁၃ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်း ၆၉ လမ်းနှင့် ၇၂ လမ်းကြားရှိ အဆိုပါနေရာ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ●

# ညောင်ဦးခရိုင် မြစ်ရေတင်စီမံကိန်းမှ နှမ်းသီးနှံစိုက်ဧက ၁၁၂၀ ရေပေးဝေမည်



**မလှိုင် မတ် ၁၃**

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၌ မိုးမရွာသောကြောင့် သီးနှံများ ဆုံးရှုံးပျက်စီးခဲ့ရသည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများအတွက် မြစ်ရေတင်လုပ်ငန်းများနှင့် ရေတွင်းရေကန်တူးဖော်ခြင်းလုပ်ငန်းများကို ၁၉၉၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည်။

ညောင်ဦးခရိုင်၌ တစ်နှစ်လုံး ပျမ်းမျှမိုးရေချိန်လက်မ ၂၀ ကျော်သာ ရွာသွန်းသည့်အတွက် မြစ်ရေတင်စနစ်ကို အားထား၍ မိုးစပါး၊ နှမ်းစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးကြရသည်။ ညောင်ဦးခရိုင်အတွင်း မြစ်ရေတင်စနစ်ဖြင့် ရေပေးဝေလျက်ရှိသည့် လုပ်ငန်းကြီးငါးခုမှာ ငါ့သရောက်မြစ်ရေတင်၊ လက်ပန်ခြေပေါ်မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်နှင့် လောကနန္ဒာမြစ်ရေတင်လုပ်ငန်းများဖြစ်သည်။

မြစ်ရေများကို ထပ်ဆင့်ရေတင်စခန်း ၁၇ ဆင့်ဖြင့် ရေတင်ပေးလျက်ရှိရာ ပင်မမြောင်း ၁၀ ဒသမ ၆၈ မိုင်နှင့် လက်တံမြောင်း ၁၉ ဒသမ ၆ မိုင်အရှည်ဖြင့် ရေစုပ်စက်အလုံး ၇၀၊ ထရန်စဖော်မာ ၁၉ လုံး အသုံးပြု၍ ဖြန့်ဖြူးပေးဝေမှုကြောင့်

*စာမျက်နှာ ၈ ကော်လံ ၁* ◆


ယုံကြည်စိတ်ချတည်ဆောက်ကြ ဘိလပ်မြေမှာ ကမ္ဘောဇ

**KBZ CEMENT**

**PORTLAND CEMENT**




Manufactured by **KBZ** Industries Ltd,Myanmar

Distributor : **Shwe Myitta** Cement & General Trading

# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ခရီးသွားများအား ဆွဲဆောင်ရာလေဆိပ်

နိုင်ငံတစ်နိုင်ငံမှတစ်နိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ခရီးသွားရောက်ကြသည့်အခါ ကမ္ဘာလှည့်ခရီးသွားများအား ဦးစွာခရီးဦးကြိုပြု၍ ဝန်ဆောင်မှုပေးသည့်နေရာများမှာ ကြီးကျယ်ခမ်းနားလှသော လေဆိပ်ကြီးများပင်ဖြစ်၏။ လေဆိပ်ကြီးများသည် ဆိုက်ရောက်လာသော ခရီးသွားများအား ကောင်းမွန်သော ဝန်ဆောင်မှုများနှင့်အတူ ဆွဲဆောင်လျက်ရှိပါသည်။ ယခုအခါ ကမ္ဘာ့နာမည်ကျော်လေဆိပ်ကြီးများတွင် ကမ္ဘာလှည့်ခရီးသွားများအား ခရီးသွားလာရန်တစ်ခုတည်းအတွက် ဝန်ဆောင်မှုမျိုး မဟုတ်တော့ဘဲ အပန်းဖြေရန်နေရာတစ်ခုအဖြစ်လည်းကောင်း၊ စားသောက်ရန်နှင့် အမှတ်တရပစ္စည်းများဝယ်ယူနိုင်သော ဈေးဆိုင်များအဖြစ်သို့ လည်းကောင်း ဝန်ဆောင်မှုများကို အဆင့်မြှင့်တင်ပေးနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အဓိကနိုင်ငံတကာလေဆိပ်ဝင်ပေါက်သုံးခုရှိပါသည်။ ရန်ကုန်၊ မန္တလေးနှင့်နေပြည်တော်လေဆိပ်များဖြစ်ပါသည်။ အစောဆုံးသော လေဆိပ်မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်ပြီး ၁၉၅၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ကာ ၁၉၅၇ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ထိုစဉ်က နိုင်ငံတော်သမ္မတ ဒေါက်တာဘဦးကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရပါသည်။ ထိုခေတ် ထိုအခါက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် အရှေ့တောင်အာရှဒေသတွင် အချက်အချာကျရာ လေဆိပ်ကြီးတစ်ခု ဖြစ်ခဲ့ပါသည်။ သို့သော်လည်း ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုတိုးတက်များပြားလာသည့်အလျောက် လေဆိပ်ကိုအဆင့်မြှင့်တင်တိုးချဲ့မှုများပြုလုပ်ခဲ့ရာ ငါးထပ်ရှိလေဆိပ်အဆောက်အအုံသစ်ကြီးတစ်ခုကို မတ် ၁၂ ရက် နံနက်ပိုင်းက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

လက်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ပြည်တွင်းလေကြောင်းလိုင်း ၁၁ လိုင်းနှင့်ပြည်ပလေကြောင်းလိုင်း ၂၈ လိုင်းဝင်ရောက်ပြေးဆွဲလျက်ရှိပြီး ခရီးသည်ဝန်ဆောင်ပေးနိုင်မှုမှာလည်း ပြည်တွင်းပြည်ပ စုစုပေါင်းခရီးသည် ငါးသန်းပတ်ဝန်းကျင်ရှိပါသည်။ မကြာမီကာလများအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အဆင့်မြှင့်တင်မှုများပြုလုပ်လျက်ရှိရာ တစ်နှစ်လျှင်ခရီးသွားဦးရေ သန်း ၂၀ အထိ ဝင်ထွက်သွားလာအသုံးပြုနိုင်မည့် လေဆိပ်ကြီးဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိရန်ကုန်လေဆိပ်ကြီးသို့ ပြည်တွင်းပြည်ပလေကြောင်းလိုင်းများ ဝင်ထွက်သွားလာရာ လေဆိပ်အနေအထားမှ နိုင်ငံတကာလေကြောင်းလိုင်းကြီးများ ဝင်ထွက်သွားလာရာ လေဆိပ်ကြီးအဖြစ်သို့ အဆင့်မြှင့်တင်သွားရမည်ဖြစ်ပါသည်။ လေဆိပ်၏ခမ်းနားထည်ဝါမှုနှင့် ဝန်ဆောင်မှုကောင်းမှုများက ခရီးသွားများအား ဆွဲဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာ့လေဆိပ်ကြီးများကို ဝန်ဆောင်မှုအကောင်းဆုံးဖြည့်ဆည်းပေးပြီး အဘက်ဘက်မှ တိုးတက်လာအောင် ကြိုးပမ်းကြရဦးမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## လုံစန်စေတီတော် ခုနစ်ဆူ ထီးတော်တင်လှူပွဲ ကျင်းပမည်

**မိုးနဲ မတ် ၁၃**

ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် ဆိုင်းဖယ်ကျေးရွာ (ရွာသစ်) တွင် တည်ထားကိုးကွယ်မည့် လုံစန်စေတီတော် ခုနစ်ဆူကို စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တင်လှူခြင်း၊ ဓမ္မာရုံရေစက်ချ မင်္ဂလာကျင်းပခြင်းနှင့် စုပေါင်းရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနားများကို မတ် ၁၉ ရက်မှ ၂၃ ရက် (တပေါင်းလပြည့်နေ့)အထိ အဆိုပါကျေးရွာရှိ စေတီတော်နေရာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

**ထင်သာမြင်သာပြုပြင်စရာ**

## တောင်သာ-ဇဂျမ်း ကျောက်ချောခင်းလမ်းအား ပြုပြင်ပေးစေလို



တောင်သာမြို့နယ်၏ အနောက်ဘက်ခြမ်းဒေသရှိ ကျေးရွာများမှ အဓိက အားထားအသုံးပြုနေသည့် တောင်သာ-ဇဂျမ်း ကျောက်ချောခင်းလမ်း ရှစ်မိုင်ခန့်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ကျေးလက်ဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်ပေးခဲ့ရာ ယခုအခါ အပေါ်ယံမြေသား(ဂန်ဂါ)များ မရှိတော့၍ ချိုင့်ခွက်များဖြစ်ကာ အောက်ခံ ကျောက်သားများကြောင့် သွားလာရေး အဆင်မပြေဖြစ်နေကြောင်း သိရသည်။

"ဒီလမ်းခင်းစက အတော်အဆင်ပြေတယ်။ ညောင်ဦးမြို့နယ် ငါ့သရောက်အထိ ပေါက်တယ်။ ပြုပြင်မှုမရှိဘဲ ထွန်စက်တွေ အသွားများတော့ ပိုဆိုးတာပါ။ ညောင်တိုရွာနဲ့ တောင်သာမြို့ကြားက အပျက်အစီးပိုများနေတယ်"ဟု ခရီးသွားတစ်ဦးက ပြောသည်။

ညောင်ဦး- ငါ့သရောက်- တောင်သာ - နွားထိုးကြီး - မန္တလေးလမ်းကြောင်းကို အဆိုပါလမ်းအတိုင်း မောင်းနှင်ပါက ခရီးမိုင်အကွာအဝေးတိုသဖြင့် ကျောက်ချောခင်းလမ်းအဆင့်မှ ကတ္တရာခင်းလမ်းအဆင့်သို့ တိုးမြှင့်ခင်းနိုင်ပါက လမ်းလည်း အဆင့်မြင့်သွားသဖြင့် အချိန်ကြန့်ကြာမှု မရှိတော့ဘဲ သွားလာရေး ပိုမိုအဆင်ပြေနိုင်ကြောင်းလည်း သိရသည်။

"သံလှည်းဘီးနဲ့ ထွန်စက်နောက်ဘီးတွေက ယက်ထုတ်သလိုဖြစ်တော့ ဝန်နဲ့လမ်း မမျှဘဲ ပျက်လွယ်တာပေါ့၊ ငါ့သရောက်ဘက်မှာတော့ မြေသားထပ်ဖို့ထားတယ်။ ဌာနအနေနဲ့ မပြင်ဖြစ်သေးဘူး။ ဒီလမ်းကနေ မန္တလေးကိုသွားရင် ခရီးတိုတော့ ခရီးသည်တင် အဝေးပြေးယာဉ်တွေပါ ဖြတ်သန်းမောင်းနှင်နေလို့ အဆင့်မြှင့်ပေးနိုင်ရင် ကောင်းမယ်" ဟု တောင်သာမြို့နယ်ကျေးလက်ဌာနဦးစီးမှူးဦးအောင်ကြည်မြင့်က ပြောသည်။ **လင်းလက်ကြယ်(တောင်သာ)**

## ရွှေကျင် နိကာယသာမဏေကျော် ဝိနယလင်္ကာရစာမေးပွဲနှင့် စာပြန်ပွဲ ကျင်းပပြီးစီး

**သန်လျင် မတ် ၁၃**

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့ မဟာအတုလသဒ္ဓမရံသီသာသနာ့ ဗိမာန်တော်ကြီး၌ ပထမအကြိမ် ရွှေကျင်နိကာယ သာမဏေကျော် ဝိနယလင်္ကာရစာမေးပွဲနှင့် စာပြန်ပွဲကို မတ် ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ စာမေးပွဲနှင့် စာပြန်ပွဲတွင် ဝိနယလင်္ကာရဘွဲ့၊ တတိယအဆင့်အောင်၊ ဒုတိယအဆင့်အောင်၊ ပထမအဆင့်အောင် စာမေးပွဲတို့ကို သံဃာတော် ၅၃၁ ပါးတို့က ဖြေဆိုကြပြီး စာဖြေသံဃာတော် အရှင်သူမြတ်တို့အား ပွဲဖြစ်မြောက်ရေးကော်မတီနှင့် အလှူရှင်များက အလှူငွေကျပ်သိန်း ၁၅၀ ကျော် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

## ရတနာပုံတက္ကသိုလ်သန့်ရှင်းရေး အမှိုက်ပုံးများ လှူဒါန်း

**မန္တလေး မတ် ၁၃**

ရတနာပုံတက္ကသိုလ်တွင် အပတ်စဉ် ကြာသပတေးနေ့တိုင်း သန့်ရှင်းသာယာလှပစေရန်အတွက် အမှိုက်ကောက်ခြင်းကို ဆောင်ရွက်လျက်ရှိသော University Clean And Green Association (UCGA) သည် စာအုပ်များကို ကြိုက်တာယူ ကြိုက်သလောက်ယူ သုတပညာမျှဝေလှုပ်ရှားမှု (Knowledge Sharing Activities)မှ ရရှိခဲ့သော အလှူငွေအားလုံးကို ရတနာပုံတက္ကသိုလ် သန့်ရှင်းသာယာလှပစေရေးအတွက် အမှိုက်ပုံး ၇၀ ဝယ်ယူလှူဒါန်းခဲ့ကြောင်း သိရသည်။ "ကျွန်တော်တို့အသင်းအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း ကျောင်းတွင်း၊ ကျောင်းပြင် အမှိုက်ကောက်ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းသား ကျောင်းသူများကို ဘာသာရပ်ဆိုင်ရာသင်ကြားရေးကိစ္စများသာမက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စိတ်ဝင်စားလာအောင် ဆောင်ရွက်ဖို့ လိုအပ်နေဆဲဖြစ်ပါတယ်" ဟု ကျောင်းသားတစ်ဦးက ပြောသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၃-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၈၅၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၉၄၀၀၀/ ၉၅၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀ | - ၅၇၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၆၅၀၀ | - ၁၅၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၃၅၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၆၃.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၅၀ |
| ထိုင်း | တစ်ဘတ် | ၃၄.၆၀၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၁၀၈ |
| တရုတ် | တစ်ယွမ် | ၁၈၇.၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၅၂ |

ခင်ရတနာ-စုစည်းသည်။

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေးတက်ရောက်ရန် လာအိုသို့ထွက်ခွာ

**နေပြည်တော် မတ် ၁၃**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM) သို့ တက်ရောက်ရန်အတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်း ခရီးဖြင့် ထွက်ခွာရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ Watty အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လာအိုပြည်သူ့တပ်မတော်မှ Director of Foreign Relationship၊ Bri-Gen Kenchan NATHALANCY၊ Director of Airforce Department၊ Bri-Gen Khamphat နှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူး Colonel Daokai LERTLIVANH၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး တင်ထွန်းအောင်နှင့်ဇနီးတို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေးကို မတ် ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးကာလအတွင်း၌လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသည် နှစ်နိုင်ငံ သီးခြားစီတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လာအို Watty အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(ဓာတ်ပုံ-မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံ



**နေပြည်တော် မတ် ၁၃**

(၁၃) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM)သို့ တက်ရောက်ရန်အတွက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးဆောက်လုပ်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်သို့ ရောက်ရှိပြီး မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ပညာတော်သင် မြန်မာကျောင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံသည် မြေပြင်၊ ရေပြင်နှင့် ဝေဟင်ပိုင်နက် သုံးခုစလုံးနှင့် ဆက်စပ်နေကြောင်း၊ ကုန်သွယ်ရောင်းဝယ်ရေးအပိုင်းကို မြှင့်တင်ရန်လိုအပ်သကဲ့သို့ နှစ်နိုင်ငံနှင့် တပ်မတော်ပိုင်းဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ကို မြှင့်တင်ရန်၊ ခရီးသွားလာရေးလုပ်ငန်းကိုလည်း မြှင့်တင်ရန်လိုအပ်ကြောင်း၊ သံရုံးဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှု၊ နေထိုင်မှုစည်းကမ်းများ၊ မိသားစုများ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည်များ တင်ပြဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် မြန်မာကျောင်းသားများအတွက် လက်ဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်ရာ (ဝဲပုံ)သံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံးမိသားစုဝင်များ၊ ပညာတော်သင် ကျောင်းသားများက လက်ခံရယူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့အား သံရုံးနှင့် စစ်သံရုံးမိသားစုများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(မြဝတီ)**

# တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄)သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မတ် ၁၃**

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပရာ အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက ဒေသအသီးသီး၌ တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများ အနေဖြင့် ဒေသအလိုက်၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအလိုက်၊ လူမှုစီးပွားဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ဒေသအကျိုးပြု သုတေသနလုပ်ငန်းများ၊ နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး ဈေးကွက်ဝင်သုတေသနများ (Commercialized Research) အဆင့်ထိ ရောက်အောင် ဆောင်ရွက်ပေးကြရန်နှင့် ပညာရပ်နယ်ပယ်အလိုက် ပိုင်နိုင်ကျွမ်းကျင်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ထွန်းလာအောင် ဆရာ ဆရာမများအနေဖြင့် မိမိ၏ အရည်အသွေးသာမက ကျောင်းသားကျောင်းသူများ၏ အရည်အသွေးပါ တိုးတက်လာအောင် ဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးကြရန်နှင့် တက္ကသိုလ်ဆရာ ဆရာမများသည် ပညာရှင်ဟု အသိအမှတ်ပြု ခံထားကြရသူများ ဖြစ်ကြောင်း၊ ဝတ်စားဆင်ယင်မှု၊ ကိုယ်ကျင့်တရားများမှအစ ကျောင်းသားကျောင်းသူများက အလေးထား အတုယူရသည့် စံပြပညာရှင်များဖြစ်အောင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ထူးချွန်ဆုရသင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို တပ်ခွဲအလိုက် ပေးအပ်သည်။ ယင်းနောက် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သင်တန်းဆင်းပွဲသို့ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနနှင့် ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ သမဝါယမ ဒီဂရီကောလိပ်(ဖောင်ကြီး) ကျောင်းအုပ်ကြီး၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၅၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သဘာဝဘေးကာကွယ်ရေး အသိပညာပေး

**မဘိမ်း မတ် ၁၃**

ရှမ်းပြည်နယ် မြောက်ပိုင်း မဘိမ်းမြို့နယ်၌ အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းကို ခိုတာကျေးရွာအုပ်စု ဝိုင်းလုံနှင့် ပြင်လဟာကျေးရွာတို့၌ မတ် ၁၂ ရက်က ဆောင်ရွက်ခဲ့ပြီး ကျေးရွာနေပြည်သူများအား ပညာပေးဟောပြောခဲ့သည်။ အသိပညာပေးလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးက ပညာပေးဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**ထိန်လင်းဦး(ပြန်/ဆက်)**

# ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆီးရီးယားအစိုးရတက်မည်

**ဂျီနီဗာ မတ် ၁၃**

ဆီးရီးယား အစိုးရအနေဖြင့် ယခုသီတင်းပတ်အတွင်း သမ္မတ၏ ကံကြမ္မာနှင့်ပတ်သက်၍ စနေနေ့က ဆွေးနွေးခဲ့ရာ အတိုက်အခံများ ကလည်း သမ္မတ ဘရှာအယ်လ် အာဆတ်ကို ဖြုတ်ချနိုင်ခြင်းမရှိလျှင် နိုင်ငံရေးအရ ဆွေးနွေးပွဲ စတင်နိုင်မည်မဟုတ်ကြောင်း ပြောဆိုလိုက်သည်။

တနင်္လာနေ့တွင် ဂျီနီဗာ၌ ပြုလုပ်မည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲသည် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်။ အပစ်အခတ်ရပ်စဲမှုသည် ဖေဖော်ဝါရီ ၂၇ ရက်နောက်ပိုင်း အကြမ်းဖက်မှုများကို လျှော့ချနိုင်ခဲ့သည်ဟုဆိုသည်။ ဆီးရီးယားအစိုးရအနေဖြင့် အဆိုပါ ဆွေးနွေးပွဲတွင် ပါဝင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဝီလစ်အယ်မော်လန်းက အတည်ပြုပြောကြားခဲ့သည်။



ဆီးရီးယားနိုင်ငံ ဒမတ်စကတ်၌ မတ် ၁၂ ရက်က သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပရာ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝီလစ်အယ်မော်လန်း ရှင်းလင်းပြောကြားစဉ်။

သို့သော်လည်း ဆွေးနွေးပွဲသည် အတိုက်အခံများက ဦးဆောင်နေ၍ အောင်မြင်ဖွယ် မရှိဟု ဆိုသည်။ ဆီးရီးယားအစိုးရကိုယ်စားလှယ်အဖွဲ့သည် ဂျီနီဗာဆွေးနွေးပွဲသို့ တက်ရောက်လိမ့်မည်ဟု ၎င်းက ရုပ်မြင်သံကြားမှတစ်ဆင့် ပြောသည်။ **(ရိုက်တာ)**

# အင်ဒိုနီးရှား၌ ရေကြီးမှုဖြစ်ပွား၊ နှစ်ဦးသေ သုံးဦးပျောက်ဆုံး၊ လူ ၃၀၀၀ ကျော် အိမ်ရာဆုံးရှုံး

**ဂျကာတာ မတ် ၁၃**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် ရေကြီးမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးနေကြောင်း လူပေါင်း ၃၀၀၀ ကျော်၏ အိမ်ရာများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း တနင်္ဂနွေနေ့က အရေးပေါ်ကယ်ဆယ်ရေးဌာနမှ သိရသည်။

ရေလွှမ်းရခြင်းအကြောင်းမှာ စနေနေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘန်ဒန်းခရိုင်ရှိ စီထရန်မြစ်ရေလျှံမှုများဖြစ်ပွားပြီး ခရိုင်တွင်း ဧရိယာအတော်များများ ရေလွှမ်းခံရခြင်းဖြစ်ကြောင်း အမျိုးသားကယ်ဆယ်ရေးအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် ဆူတိုပို ပါဝူ နျူဂရိုဟိုက ပြောသည်။

ရေလွှမ်းမှုအတွင်း နှစ်ဦးသေ၊ သုံးဦးပျောက်ဆုံးပြီး လူ ၃၀၀၀ ကျော်ကို အမြင့်ပိုင်းနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ၎င်းက ဆင်ဟွာသို့ ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သည်။

ခရိုင်တွင်းရှိ လူဦးရေ ၂၄၀၀၀ ကျော်မှာ ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရကြောင်း ဆူတိုပိုက ဖြည့်စွက်ပြောကြားခဲ့သည်။ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒုက္ခသည်များ ကယ်ဆယ်ရေးဆိုင်ရာ ဌာနဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများစသည့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ရေလွှမ်းဒဏ်ခံရသောသူများကို အကူအညီပေးရေးလုပ်ဆောင်နေကြောင်း ဆူတိုပိုက ပြောသည်။

အင်ဒိုနီးရှားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ကမ်းနံဘေး၌ နေထိုင်သူ သန်းပေါင်းများစွာမှာ ရေကြီးရေလွှမ်းဒဏ်နှင့် မြေပြိုမှုဒဏ်တို့ကို ခံရလေ့ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ပါကစ္စတန် အနောက်မြောက်ပိုင်း၌

## ကျောက်မီးသွေးတွင်းပြိုကျ ခုနစ်ဦးသေဆုံး၊ ၄၅ ဦးပိတ်မိ

**အစ္စလာမ်မာဘတ် မတ် ၁၃**

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ကျောက်မီးသွေးတွင်းတစ်တွင်း ပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ခုနစ်ဦးသေဆုံးခဲ့ပြီး ၁၀ ဦးဒဏ်ရာ ရရှိကာ အခြား ၄၅ ဦး ပိတ်မိနေကြောင်း စနေနေ့ညက ဒေသမီဒီယာများတွင် ဖော်ပြခဲ့သည်။ အာဖဂန်နစ္စတန်နယ်စပ်အနီးနေထိုင်သော လူမျိုးစုများ၏နေရာ၌ ကျောက်မီးသွေးတွင်းလုပ်သား ၆၀ ကျော်မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တွင်းပြိုကျမှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း ရုပ်မြင်သံကြားအစီအစဉ်များတွင် ဖော်ပြကြသည်။

နယ်စပ်ဒေသ အစိုးရ တာဝန်ရှိသူတစ်ဦးက သေဆုံးသူအရေအတွက်မှာ တိုးလာနိုင်ဖွယ်ရှိကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့အစည်းများအနေနှင့် ကယ်ဆယ်ရေးပစ္စည်းအလုံအလောက်မရှိမှုကြောင့် တွင်းပြိုကျရာနေရာ၌ ပိတ်မိနေသောသူများကို ကယ်တင်ရာတွင် အခက်အခဲများရှိကြောင်းပြောသည်။

ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် မိုးသည်းထန်သည့် ရာသီဥတု အခြေအနေကြောင့်လည်း အဟန့်အတားဖြစ်ရကြောင်း ပြောသည်။ ဒဏ်ရာရလုပ်သားများကို အနီးရှိဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်းသိရသည်။

အဆိုပါဒေသ၌ မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကို အလူးအလဲ ခံစားရကြောင်း၊ သောကြာနေ့ကတည်းက ရွာသွန်းသောမိုးကြောင့် နိုင်ငံတွင်း လူ ၂၀ ကျော် သေဆုံးခဲ့ပြီး ဒဏ်ရာရသူများလည်း ရှိကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

# ပင်လယ်ပြင် အငြင်းပွားကျွန်းများအကြား ပင်လယ်ရေကြောင်း တရားရေးဌာနသတ်မှတ်ရန် တရုတ်စီစဉ်

**ပေကျင်း မတ် ၁၃**

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ပြင်၌ ၎င်း၏အချုပ်အခြာအာဏာနှင့် အခွင့်အရေးများကို ကာကွယ်ရန်အတွက် နိုင်ငံတကာ ပင်လယ်ရေကြောင်းဆိုင်ရာ တရားရေးဌာန သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း မတ် ၁၃ ရက်၌ ထိပ်တန်းတရားသူကြီးက ပြောသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော လွှတ်တော်နှစ်ရပ်လည်အစည်းအဝေးတွင် တရားသူကြီးချုပ် ဇူချီအန်က တရုတ်နိုင်ငံသည် ရေတပ်အင်အားတည်ဆောက်ရေး အမျိုးသားမဟာဗျူဟာ အဆင့်ကို အကောင်အထည်ဖော်ရန် လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

နိုင်ငံ၏ အမျိုးသားရေးအချုပ်အခြာအာဏာ၊ ရေကြောင်းဆိုင်ရာ အခွင့်အရေးများနှင့် အခြားအကျိုးစီးပွားများကိုလည်း အပြည့်အဝကာကွယ်ရမည်ဖြစ်ကြောင်း၊ ရေကြောင်းဆိုင်ရာ တရားရုံးများကို တိုးတက်အောင်ပြုလုပ်ပြီး နိုင်ငံတကာ ပင်လယ်ရေကြောင်း တရားရေးဌာနများကို တည်ဆောက်သွားရမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ တရားရေးဌာနကို မည်သည့် အချိန်တွင် စတင်အကောင်အထည်ဖော်မည့်အကြောင်းနှင့်ဌာနထားရှိမည့်နေရာ၊ လက်ခံဖြေရှင်းပေးမည့် ပြဿနာအမျိုးအစားများကိုမူ တိတိကျကျမသိရသေးဘဲ အချက်အလက် အသေးစိတ်ကို ၎င်းက ပြောကြားခြင်းမရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်၌ ဂျပန်နှင့်ကျွန်းပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိပြီး တရုတ် (တိုင်ပေ)၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းနိုင်ငံတို့နှင့်လည်း ပိုင်ဆိုင်မှု အငြင်းပွားမှုများ မြင့်တက်လျက်ရှိသည်။ **(ရိုက်တာ)**






**မတ် ၁၂ ရက်က ဒူဘိုင်း၌ ကျင်းပသော ၂၀၁၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပညာရေးနှင့် ကျွမ်းကျင်မှုဖိုရမ်သို့ တက်ရောက်လာသော ယူနက်စကို ညွှန်ကြားရေးမှူး အီရီနာဘိုကိုဗာ ကိုတွေ့ရစဉ်။**

( ဆီးရီးယားနှင့် အီရတ်ရှိ ယဉ်ကျေးမှုအမွေအနှစ် နေရာများကို အိုင်အက်စ်စစ်သွေးကြွများက ဖျက်ဆီးခဲ့သောလုပ်ရပ်မှတစ်ဆင့် အသိပညာနိမ့်ကျပျက်စီးမှုသည် ကမ္ဘာ့လူမှုအသိုက်အဝန်းကိုပါ ထိခိုက်စေနိုင်ကြောင်း နိုင်ငံသားများကို ယူနက်စကိုထိပ်တန်းအရာရှိက စနေနေ့တွင် သတိပေးပြောကြားခဲ့သည်။)

(ဆင်ဟွာ)

# တိုက်ချင်းပစ်ဒုံးပျံစမ်းသပ်မှုအတွက် အီရန်ကိုအရေးယူရန် အစ္စရေးတိုက်တွန်း

**ဂျေရုဆလင် မတ် ၁၃**

လွန်ခဲ့သောသီတင်းပတ်က တိုက်ချင်းပစ်ဒုံးပျံများစမ်းသပ်ခဲ့သည့် အီရန်အား အင်အားကြီးနိုင်ငံများအနေဖြင့် အရေးယူရန် အစ္စရေးက တိုက်တွန်းလိုက်သည်။ အီရန်တော်လှန်ရေးအစောင့်တပ်အနေဖြင့် အမေရိကန်၊ ပြင်သစ်နှင့် အခြားသောနိုင်ငံများက စိုးရိမ်ပူပန်နေသည့် ကြားမှ နျူကလီးယားသယ်ဆောင်နိုင်သော တိုက်ချင်းပစ်ဒုံးပျံများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၂၂၃၁ ကိုချိုးဖောက်လျက် စမ်းသပ်မှုများပြုလုပ်ခဲ့သည်ဟု ဆိုသည်။

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဇန်နဝါရီလက စီးပွားရေးပိတ်ဆို့မှုများကို ဆန့်ကျင်ကြောင်း၊ သမ္မတအိုဘားမား အနေဖြင့်အီရန်ကို အရေးယူသင့်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက တိုက်တွန်းလိုက်သည်။

လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အား အီရန်ကို အရေးယူမှုပြုလုပ်ရန်နေတန်ယာဟု၏ ရုံးက နိုင်ငံခြားရေးရုံးကို ညွှန်ကြားချက်ထုတ်ပြန်လျက် တောင်းဆိုထားသည်။ **(ရိုက်တာ)**

# အနောက်ကနေဒါတွင် ပထမဆုံးအမျိုးသားအနုပညာပြတိုက်ဖွင့်

**ဗန်ကိုဗာ မတ် ၁၃**

ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လေ့ရှိသည့် ဗန်ကိုဗာမြို့ အရှေ့မြောက်ဘက်ရှိ ၁၂၀ကီလိုမီတာတွင်ရှိသော ဝှစ်စတယ်လာတွင် ပထမဆုံး အမျိုးသား အနုပညာပြခန်းကို စနေနေ့က ဖွင့်လှစ်ခဲ့သည်။ ယင်းပြခန်းတွင် နာမည်ကြီးလူသိများသော ကနေဒီယန်လူမျိုး အနုပညာရှင်များဖြစ်ကြသော E. J. Hughes, Stan Douglas, Rodney Graham, Jeff Wall and Ian Wallace တို့၏ အနုသုခုမလက်ရာများကို ဦးစားပေးပြသထားသည်။

ယင်းပြတိုက်သည် အစားထိုးမရနိုင်သော သမိုင်းဝင်အနုသုခုမလက်ရာများ စုဆောင်းထားသော ကမ္ဘာ့အဖိုးတန် ရတနာတစ်ခုဖြစ်သည်ဟု ပြတိုက် ဒီဇိုင်နာတစ်ဦးဖြစ်သူ ဂျွန်ပတ်ကူက ပြောခဲ့သည်။ ယင်းပြတိုက် အဆောက်အအုံနှင့် အနုပညာစုစည်းမှုများအတွက် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄သန်း အကုန်အကျခံကာ အဓိက ပံ့ပိုးကူညီခဲ့သော မိုက်ကယ်အူဒိန်းအား ဂုဏ်ပြုသောအားဖြင့် အူဒိန်းအမျိုးသားပြတိုက်ဟု အမည်ပေးခဲ့သည်။

ဧရိယာ ၅၂၀၀ မီတာကျော် ကျယ်ဝန်းပြီး သုံးနှစ်ကြာ ဆောက်လုပ်ခဲ့ရသော ယင်းပြတိုက်သည် ဝှစ်စတယ်လာရွာအနီးရှိ Blackcomb တောင်ခြေရှိ တောတောင်ထူထပ်သောနေရာတွင် တည်ရှိသည်။ ယင်းမြို့အနေဖြင့် နှစ်ပေါင်း ၁၉၉ နှစ်တာအတွက် ငှားရမ်းခကို အမေရိကန်ဒေါ်လာ၇၄သန်းဖြင့် ကမ်းလှမ်းခဲ့သောကြောင့် ဝှစ်စတယ်လာကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု အူဒိန်းက ပြောခဲ့သည်။ **(ဆင်ဟွာ)**

# ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်း လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မည်

**ရန်ကုန် မတ် ၁၃**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးရေးအတွက် ၂၃၀/၆၆/၁၁ ကေဗွီ၊ (၂×၁၂၅) အမ်ဗွီအေ GIS အရှေ့ဒဂုံ ပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အဆိုပါ ဓာတ်အားခွဲရုံဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မြန်မာနိုင်ငံအတွင်းရှိ နယ်မြေဒေသအနှံ့သို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့စက်ရုံများ၊ ကျောက်မီးသွေးစက်ရုံများ၊ မဟာဓာတ်အားလိုင်းသစ်များ၊ ပင်မဓာတ်အားခွဲရုံသစ်များ၊ ဖြန့်ဖြူးရေးဓာတ်အားလိုင်းသစ်များနှင့် ဓာတ်အား ဖြန့်ဖြူးရေးခွဲရုံသစ်များ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကို နိုင်ငံခြားငွေ၊ ပြည်တွင်းငွေ သန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံ၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ရန်ကုန်မြို့၏ တိုးတက်လာသော လူဦးရေနှင့် နေထိုင်မှုအဆင့်အတန်း၊ ဖွံ့ဖြိုးတိုးတက်လာသော စက်မှုလုပ်ငန်းများနှင့် ရန်ကုန်ပတ်ဝန်းကျင်ဒေသများအတွက် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ၂၃၀/၆၆/၁၁ ကေဗွီ၊ (၂×၁၀၀) အမ်ဗွီအေ အလုံပင်မဓာတ်အားခွဲရုံ၊ ၂၃၀ ကေဗွီ ရွာမ-လှိုင်သာယာ ဓာတ်အားလိုင်း ၈ ဒသမ ၁ မိုင်၊ ၂၃၀ ကေဗွီ သာကေတ-အရှေ့ဒဂုံ ဓာတ်အားလိုင်း ၁၂ ဒသမ ၂၂ မိုင်၊ ၂၃၀/၆၆ /၁၁ ကေဗွီ၊ (၂×၁၂၅)အမ်ဗွီအေ အရှေ့ဒဂုံ GIS ဓာတ်အားခွဲရုံတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်ဓာတ်အားစနစ်၏ အမြင့်ဆုံးသော နွေရာသီ ဝန်အားသုံးစွဲမှုမှာ မဂ္ဂါဝပ် ၂၄၃၀ ခန့်ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးက မဂ္ဂါဝပ် ၁၀၅၀ ခန့် သုံးစွဲနေကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးက မဂ္ဂါဝပ် ၁၂၅၀ ခန့်အထိ တိုးတက်သုံးစွဲလာသည့်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ရေတိုရေရှည် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှာ အိမ်ထောင်စု ၁၀ သန်း၊ လူဦးရေ ၅၁ သန်းရှိသည့်အနက် ၂၀၁၀-၂၀၁၁ ခုနှစ်မှာ အိမ်ထောင်စု ၂ ဒသမ ၂၂ သန်းပဲ မီးသုံးနိုင်ပါကြောင်း၊ ယခု ၂၀၁၅-၂၀၁၆ ခုနှစ်မှာ အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်း လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ကြမည်ဖြစ်ပါကြောင်း၊ ငါးနှစ်တာကာလအတွင်း အိမ်ထောင်စု ၁ ဒသမ ၄၈ သန်း၊ လူဦးရေ ၇ ဒသမ ၄ သန်းကို လျှပ်စစ်ဓာတ်အား ထပ်မံပေးနိုင်ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး၏ ၃၄ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ပြီဖြစ်ပါကြောင်း၊ သို့သော်လည်း လျှပ်စစ်ဓာတ်အား မရသေးသည့် အိမ်ထောင်စုဟာ ၆ ဒသမ ၈ သန်းခန့် ကျန်နေပါသေးကြောင်း။

ပြည်သူတွေ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရန် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများကို အစိုးရအဆက်ဆက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံသည် မဂ္ဂါဝပ် ၂၇၀၀၀ ထုတ်လုပ်မှုအနက် မဂ္ဂါဝပ် ၄၀၀၀ ခန့် အရန်ထားနိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မဂ္ဂါဝပ် ၃၅၀၀ ခန့်သာ သုံးစွဲနိုင်သည့်အတွက် ထိုင်းနိုင်ငံကို မီရန် မဂ္ဂါဝပ် ၂၀၀၀၀ ခန့် ထုတ်လုပ်ရဦးမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေအားနှင့် ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့စက်ရုံများ တည်ဆောက်ပြီး ဓာတ်အားထုတ်လုပ်နိုင်မှသာ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဓာတ်အားခွဲရုံ ဖွင့်လှစ်လိုက်သည့်အပေါ် ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဘက်စုံပညာထူးချွန်လူငယ်၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်တို့က ဓာတ်အားခွဲရုံဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပင်မဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာတိုင်ကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ဓာတ်အားခွဲရုံအတွင်း လိုက်လံကြည့်ရှုကြသည်။ **(အပေါ်ပုံ)**



ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာ အသုံးပြုနိုင်ရေးအတွက် ၂၃၀ ကေဗွီ သာကေတ-အရှေ့ဒဂုံ ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းအတွက် ယူရိုငွေ ၅၁၇၀၅၁၄ နှင့် ယခုဖွင့်လှစ်လိုက်သည့် ၂၃၀/၆၆/၁၁ ကေဗွီ၊ (၂×၁၂၅)အမ်ဗွီအေ အရှေ့ဒဂုံ GIS ဓာတ်အားခွဲရုံ စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၁၈၆၉၄၇၅၆ ဒသမ ၂၉ ဒေါ်လာနှင့် မြန်မာကျပ်ငွေ ၁၁၂၅၆ ဒသမ ၆၉ သန်း အကုန်အကျခံ တည်ဆောက်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးခဲ့ခြင်းအားဖြင့် တိုင်းဒေသကြီးအတွင်း ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရွှေပေါက်ကံ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် မင်္ဂလာဒုံမြို့နယ်များအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် လျှပ်စစ်ဓာတ်အားတည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

၂၃၀ ကေဗွီ သာကေတ-အရှေ့ဒဂုံ ဓာတ်အားလိုင်းတွင် ထူးခြားမှုအနေဖြင့် တပ်ဆင်ရလွယ်ကူသည့် Panza Mast (Mono Pole) တိုင်များကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ်အဖြစ် အသုံးပြုထားခြင်းဖြစ်သည်။

အလားတူ ၂၃၀/၆၆/၁၁ ကေဗွီ၊ (၂×၁၂၅) အမ်ဗွီအေ အရှေ့ဒဂုံ GIS ဓာတ်အားခွဲရုံမှာလည်း Gas Insulated Switchgear တည်ဆောက်ခြင်းဖြင့် ကျစ်လျစ်စွာ ဖွဲ့စည်းတည်ဆောက်ထားပြီး ဓာတ်အားရှိသော အစိတ်အပိုင်းများကို SF6 ဓာတ်ငွေ့ဖြည့်ထားသည့် အလုံပိတ် ကိုယ်ထည်အိမ်အတွင်း တပ်ဆင်ထားရာ သဘာဝဘေးအန္တရာယ်တို့ကြောင့် အပြစ်ဖြစ်ပေါ်မှု လျော့နည်းစေခြင်း၊ ဓာတ်အားပို့လွှတ်မောင်းနှင်ရာတွင် ယုံကြည်စိတ်ချမှုရှိခြင်း၊ မြေသီးအသုံးပြုမှုကို အနည်းဆုံးဖြစ်အောင် ပြုလုပ်ထားခြင်းတို့ကြောင့် အင်အားပြင်းထန်သော ငလျင်ဘေးဒဏ်ကို ခံနိုင်ရည်ရှိကြောင်း သိရသည်။ အဆိုပါ ဓာတ်အားခွဲရုံမှာ မြန်မာနိုင်ငံ၌ ပထမဆုံးတည်ဆောက်သည့် ဓာတ်အားခွဲရုံတစ်ခုဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၃**

ဘင်္ဂလား ပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုအောင်မြင်ရေး ပညာရှင်များဝိုင်းဝန်းဆွေးနွေးရန်လို

**နေပြည်တော် မတ် ၁၃**

မြန်မာနိုင်ငံအတွင်းရှိ ရေအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် စနစ်တကျ စီမံခန့်ခွဲအသုံးပြုနိုင်ရေး၊ ရေနှင့် ဆက်နွယ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေး အပါအဝင် ပိုမိုကောင်းမွန်သော ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု ပြောင်းလဲဆောင်ရွက်ရေးကို အကောင်အထည် ဖော်နိုင်ရေး ဟူသည့် ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ကမ္ဘာ့ရေနေ့ ၂၀၁၆ အကြိုဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအမှတ်(၂)၌ ကျင်းပရာ **(အပေါ်ယာပုံ)** အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ အကြံပေးအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အကြိုဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲ၌ မြစ်ဝှမ်းဒေသများဆိုင်ရာ စီမံချက်များ ပူးပေါင်းဆောင်ရွက်မှု ဘက်စုံတိုးတက်ရေး၊ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု အကောင်အထည်ဖော်ဆောင်ရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝသည့်ပတ်ဝန်းကျင် ဖန်တီးရေးတို့ကို ဝိုင်းဝန်းဆွေးနွေးကြသည့်အပြင် ဧရာဝတီမြစ်ဝှမ်းဒေသ၌ အဓိကဆောင်ရွက်နေသူများ၊ လက်တွေ့အခြေအနေများအပေါ် အခြေခံသည့် ဘက်စုံစီမံခန့်ခွဲမှုအတွက် လိုအပ်ချက်များ၊ ရေကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအတွက် ဆက်သွယ်ဆောင်ရွက်ရသည့် အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုများကိုလည်း အဖွဲ့ငယ်များခွဲ၍ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ၌ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက မြန်မာနိုင်ငံ၏ အဓိကအရေးအပါဆုံးဖြစ်သည့် ဧရာဝတီမြစ်အပါအဝင် ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပညာရှင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့်ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ကြသူများကို ကော်မတီအနေဖြင့် အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။




ထို့နောက် ကမ္ဘာ့ရေနေ့ ၂၀၁၆ အကြိုဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ယခုနှစ် ကမ္ဘာ့ရေနေ့၏ ဆောင်ပုဒ်မှာ **ရေနှင့် အလုပ်အကိုင်တိုးတက်ရေး**ဖြစ်သည်။ ပထမဆုံး ကမ္ဘာ့ရေနေ့ကို ၁၉၉၃ ခုနှစ် မတ်လ ၂၂ ရက်နေ့က ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ စတင်သတ်မှတ်ကျင်းပခဲ့သည်။နှစ်စဉ် ကမ္ဘာ့ရေနေ့ အကြောင်းအရာများကို သတ်မှတ်ရာတွင် ရေချိုနှင့် ရေအရင်းအမြစ်များ၏ အရေးပါမှုများကို သတိပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ဖွဲ့စည်းပြီး ၂၀၁၄ ခုနှစ်မှစတင်၍ ကမ္ဘာ့ရေနေ့ အခမ်းအနားများကို ကော်မတီမှ ဦးဆောင်ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပိုမိုကောင်းမွန်သော ရေအရင်းအမြစ် စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးဆီသို့

မောင်ခိုင်မာ (အထက်မင်းလှ)

မတ်လ ၂၂ ရက်နေ့သည် ကမ္ဘာ့ရေနေ့ (World Water Day) ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် ကမ္ဘာ့ရေနေ့အတွက် ကုလသမဂ္ဂက ချမှတ်ပေးသည့် ဆောင်ပုဒ်မှာ "ပိုမိုကောင်းမွန်သော ရေအရင်းအမြစ် စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးဆီသို့ " (Water and Jobs) ဟူ၍ ဖြစ်ပါသည်။

"ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်"၊ "ရေဆိုသည်မှာ၊ အသက်ပမာ၊ ဘဝပါ"ဟူသည့်အတိုင်း၊ ရေသည် သက်ရှိလောကအတွက် မရှိမဖြစ်ပေ။ ကမ္ဘာကြီး၏ ၇၅ ရာခိုင်နှုန်းသည် ရေထုဖြစ်၏။ လူ၏ခန္ဓာကိုယ်တွင် ရေသည် အလေးချိန်အားဖြင့် ၆၅ ရာခိုင်နှုန်း၊ တိရစ္ဆာန်များဖြစ်ကြသော ကျွဲတွင် ၇၂ ရာခိုင်နှုန်း၊ ငါးတွင် ၆၇ ရာခိုင်နှုန်း၊ ကြက်တွင် ၇၀ ရာခိုင်နှုန်းနှင့် ငှက်ပျောသီးတွင် ၇၆ ရာခိုင်နှုန်းစသဖြင့် ရေဓာတ်များပါဝင်နေကြောင်း သိရသည်။ လူသားခန္ဓာကိုယ်တွင်လည်း အစာချေရန်လည်းကောင်း၊ ချွဲ-သလိပ်-နှပ်များ ထွက်စေရန်အတွက် အမြှေးပါးများကို ထာဝစဉ် စိုစွတ်နေစေရေးအတွက်လည်းကောင်း၊ ခန္ဓာကိုယ်ရှိ ဆဲလ်များ ရှင်သန်စေရန်အတွက်လည်းကောင်း၊ ရေက ဆောင်ရွက်ပေးနေပါသည်။ ထို့အပြင် ခန္ဓာကိုယ်အရေပြားအောက်တွင်ရှိသော ချွေးပေါက်များ၏အောက်ခြေတွင် ရေဓာတ်ကိုစုထားပြီး ပူအိုက်သောအခါ ရေကို ချွေးအဖြစ်ထုတ်ကာ၊ ရေဖျန်းပေးသည့်သဘောဖြင့် ဆောင်ရွက်ပေးကြောင်းလည်း သိရပါသည်။

ရေသည် အစားအစာနှင့် ဆက်စပ်နေပါသေးသည်။ ရေချို ၇၀ ရာခိုင်နှုန်းကို သီးနှံထုတ်လုပ်ရန်အတွက် (တစ်နည်းအားဖြင့်) အစားအစာထုတ်လုပ်ရန်အတွက် အသုံးပြုနေရပါသည်။ ဥပမာအားဖြင့် စပါးတစ်ဧက (တစ်ရာသီအတွက်) ထုတ်လုပ်ရန် ရေချိုပမာဏငါးဧကကုဗပေ ၁၃၅၆၈၉၄ ဂါလန် လိုအပ်ကြောင်း၊ ထပ်ဆင့်၍ အသေးစိတ်တွက်ချက်ပါက တစ်ဧကလျှင် ပျမ်းမျှစပါးတင်း ၈၀ ထွက်ရှိလျှင် ဆန်နို့ဆီဘူးတစ်လုံး ရရှိရန် ရေချို ၃၀၃ ဂါလန် လိုအပ်ကြောင်း၊ ယင်းဆန်ကို ထမင်းချက်သည်အထိ သုံးစွဲရမည့်ရေပမာဏကို ထပ်မံတွက်ချက်ပါက ထမင်းတစ်ဇွန်း (ထမင်းလုံး ၂၂၀ ခန့်) ရရှိရန်အတွက် ရေချို ၂၇ ဒသမ ၅ လီတာခြောက်ဂါလန်လိုအပ်ကြောင်း၊ ယနေ့တစ်ကမ္ဘာလုံးတွင် ရေချို ၇၀ ရာခိုင်နှုန်းအား စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် အသုံးချနေရကြောင်း စသည်တို့ကို ဖတ်၊ မှတ်ရပါသည်။ ဤအချက်များအရ အသားစားယဉ်ကျေးမှုထွန်းကားကျယ်ပြန့်လာခြင်းနှင့် ရေချိုပိုမိုသုံးစွဲမှုတို့မှာ တိုက်ရိုက်အချိုးကျနေသဖြင့် ရေချိုထိန်းသိမ်းရေးကို အလေးထားကြရမည်ဖြစ်ပါသည်။

ဤကဲ့သို့ အဖိုးတန်လွန်းလှသည့် ရေမှာ မကုန်နိုင်မခန်းနိုင်သော သဘာဝသယံဇာတတစ်မျိုးမဟုတ်ပါ။ ရေဟုဆိုရာတွင် ရေချိုနှင့် ရေငန်နှစ်မျိုးရှိရာ ရေချိုကသာ အသုံးဝင်သည်ဟု ဆိုရပါသည်။ ကမ္ဘာတစ်ဝန်းတွင်ရှိသော ရေပမာဏမှာ သန်းပေါင်းကုဗမီတာ ၁၄၀၀ ဖြစ်ပြီး ယင်းပမာဏတွင် ရေချို ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ရေငန် ၉၇ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ရေချို ၂ ဒသမ ၅ ရာခိုင်နှုန်းအနက် ၁ ဒသမ ၉၇ ရာခိုင်နှုန်းသည် ရေခဲတောင်၊ ရေခဲမြစ်များမှ ဖြစ်ပြီး ၀ ဒသမ ၅ ရာခိုင်နှုန်းသည် မြေအောက်ရေနှင့် ၀ ဒသမ ၀၃ ရာခိုင်နှုန်းသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်များမှ ဖြစ်ကြောင်း သိရသည်။ ဖော်ပြပါအချက်အလက်ကိန်းဂဏန်းများက သုံးစွဲ၍ရပါသည်ဆိုသော ရေချိုပမာဏ၏ ရာခိုင်နှုန်းအနည်းငယ်မျှကိုသာ လူသားတို့သုံးစွဲနေရခြင်းဖြစ်ကြောင်း ဖော်ပြနေပါသည်။ သုတေသီများ၏ အဆိုအရ လူသားတစ်ဦးချင်းစီအနေဖြင့် ရေအိမ်သုံးရန်၊ ရေချိုးရန်၊ မီးဖိုချောင်အသုံးပြုရန်၊ အဝတ်အစားလျှော်ရန်နှင့် ပန်းဥယျာဉ်နှင့် အခြားနေရာများတွင် အသုံးပြုရန် အစရှိသဖြင့် ပျမ်းမျှတစ်နေ့လျှင် ရေဂါလန် ၁၀၀ ခန့် သုံးစွဲနေရကြောင်း သိရသည်။ ထို့ကြောင့် သောက်သုံးရေခန်းခြောက်နည်းပါးသွားပါက ကျွန်ုပ်တို့ မည်သို့ဖြစ်ကုန်ကြမည်နည်း။

ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (United Nations Environment Programme-UNEP) ၏ လေ့လာဆန်းစစ်တွေ့ရှိချက်များအရ ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ ကျော်သည် သောက်သုံးရေမရရှိမှု၊ သန်း ၃၄၀၀ ခန့်သည် ရေချိုရရှိရေး ခြိမ်းခြောက်ခံနေရမှုတို့နှင့် ရင်ဆိုင်နေကြရကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ရေပြဿနာကို မဖြေရှင်းနိုင်ပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်မှာ သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေသည် နှစ်စဉ်သန်း ၈၀ ကျော် တိုးပွားလျက်ရှိရာ လူဦးရေတိုးပွားမှုနှင့်အတူ သောက်သုံးရေပြဿနာသည်လည်း ကြီးမားလျက်ရှိကြောင်း၊ လူဦးရေတိုးပွားနှုန်းအရ လူအများအသုံးပြုရန် ရေလိုအပ်ချက်မှာ တစ်နှစ်လျှင် ကုဗမီတာ ၆၄ သန်းအထိ ရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းကြပါသည်။ ကုလသမဂ္ဂရေဘက်ဆိုင်ရာကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ ယနေ့အချိန်မှာပင် စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် ကမ္ဘာ့မြစ်ကြီးများမှ ထောက်ပံ့ပေးနိုင်သော ရေပမာဏထက် ၂၀ ရာခိုင်နှုန်း လိုအပ်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် လိုအပ်ချက်မှာ ၄၀ ရာခိုင်နှုန်းအထိ ရှိလာမည်ဟု ခန့်မှန်းထားပါသည်။ သောက်သုံးရေခန်းခြောက်ပြတ်လပ်မှုကြောင့် အကျိုးဆက်အားဖြင့် အစားအစာမဖူလုံခြင်း၊ ကျေးလက်ဒေသမှ မြို့ပြသို့ အလုံးအရင်းဖြင့် ရွှေ့ပြောင်းခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ရေကြောင်းသွားလာမှုဆိုင်ရာ ထိခိုက်ခြင်းနှင့် ကျန်းမာရေးထိခိုက်ခြင်းများ ဖြစ်ပေါ်နိုင်သည်ဟု ပညာရှင်များက ဆိုပါသည်။ ဤကဲ့သို့ ရေပြဿနာသည် လူသားတစ်ရပ်လုံးအတွက် စိန်ခေါ်မှုဖြစ်နေသည့်အတွက် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိကျင်းပခဲ့သည့် ကုလသမဂ္ဂစုံညီအစည်းအဝေး (2015 United Nations General Assembly)တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ (Sustainable Development Goals-SDGs) ၏ ပန်းတိုင် ၆ တွင် "လူသားတိုင်း သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး" (Goal 6.Ensure available and sustainable management of water and sanitation for all.) ဟူ၍ ချမှတ်ထားပါသည်။

ယနေ့ကမ္ဘာမြေကြီးတွင် ကျွန်ုပ်တို့အသုံးပြုလိုက်သဖြင့် လျော့နည်းသွားသော ရေချိုများကို ပြန်လည်ဖြည့်ဆည်းပေးသည့်နေရာတွင် ပင်လယ်သမုဒ္ဒရာရေမျက်နှာပြင်ရေငွေ့ပြန်ခြင်းက အဓိကဖြစ်ပါသည်။ ထိုသို့ ရေငွေ့ပြန်ပြီး မိုးရွာချရာမှ ရေပေါက်ရေစက်အားလုံး၏ ၈၀ ရာခိုင်နှုန်းသည် ပင်လယ်သမုဒ္ဒရာပေါ်သို့ကျရောက်ပြီး ကျန် ၂၀ ရာခိုင်နှုန်းကသာ မြေပြင်ပေါ်သို့ ကျရောက်ရွာချပါသည်။ ကုန်းမြေပေါ်သို့ ရွာချလိုက်သည့် မိုးရေအချို့မှာ ပင်လယ်သမုဒ္ဒရာထဲသို့ စီးဝင်ပြီး အချို့မှာ မြေကြီးထဲသို့စိမ့်ဝင်ကာ မြေအောက်ရေကို ပြန်လည် ဖြည့်ဆည်းပေးပါသည်။ ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံသည် မြေအောက်ရေကို သောက်သုံးရေအဖြစ် အသုံးပြုနေရပါသည်။ တောင်သူလယ်သမားများအနေဖြင့် ပြန်လည်ရေသွင်းစိုက်ပျိုးရေးအတွက် လိုအပ်သည့်အခါ မြေအောက်ရေကို အသုံးပြုကြရပါသည်။ ပူပြင်းခြောက်သွေ့သည့်ဒေသများတွင် မိုးရေချိန်နည်းပါး၍ သို့မဟုတ် လုံးဝရေမရှိ၍ မြေအောက်ရေကိုသာလျှင် သုံးစွဲရပါသည်။ ထုတ်ယူသုံးစွဲမှုကြောင့် လျော့နည်းသွားသော မြေအောက်ရေကို မိုးရေက ပြန်လည်ဖြည့်စွက်ပေးပါသည်။

ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (United Nations Environment Programme-UNEP) ၏ လေ့လာဆန်းစစ်တွေ့ရှိချက်များအရ ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ ကျော်သည် သောက်သုံးရေ မရရှိမှု၊ သန်း ၃၄၀၀ ခန့်သည် ရေချိုရရှိရေး ခြိမ်းခြောက်ခံနေရမှုတို့နှင့် ရင်ဆိုင်နေကြရကြောင်း၊ ၂၀၃၀ ပြည့်နှစ် တွင် ရေပြဿနာကိုမဖြေရှင်းနိုင်ပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်မှာ သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့ရမည်ဖြစ်




မိုးရေသည်မြေလွှာမှတစ်ဆင့် စစ်ပြီးနောက် ရေငွေ့မပြန်သောရေလွှာ (Unsaturated Layer) အောက်အထိ စိမ့်ဝင်သွားပြီး ရေချိုများကို စုဆောင်းသိုလှောင်ပေးသည့် ရေအောင်းလွှာ (Aquifer) နှင့်ပေါင်းစပ်ကာ စိမ့်စမ်းရေအဖြစ် စတင်စီးထွက်ပါသည်။ ဤနည်းအားဖြင့် ရေချိုများသည် စိမ့်စမ်းပေါက် သို့မဟုတ် လူများတူးဖော်ထားသော ရေတွင်း သို့မဟုတ် ပင်လယ်သမုဒ္ဒရာသို့ စီးထွက်ပါသည်။ အကယ်၍ မြေအောက်ရေကို ဆင်ခြင်တုံတရားမဲ့ ပိုမိုထုတ်ယူသုံးစွဲပါက တဖြည်းဖြည်းနှင့် မြေအောက်ရေလွှာ နိမ့်ဆင်းသွားမည်ဖြစ်ပါသည်။ ထိုအခါ မြေအောက်ရေ ထုတ်ယူသုံးစွဲရေး ခက်ခဲလာပါလိမ့်မည်။ ကမ်းရိုးတန်းဒေသများတွင် မြေအောက်ရေနိမ့်ဆင်းသွားပါက ပင်လယ်ရေငန်များ ဝင်ရောက်လာနိုင်ပါသည်။ ထို့အပြင် ပူပြင်းခြောက်သွေ့သောဒေသများတွင် မြေအောက်ရေလျော့ကျသည့်အတွက် မြေဆီလွှာခန်းခြောက်ပြီး သဲကန္တာရဖြစ်ထွန်းမှုအန္တရာယ်နှင့် ကြုံတွေ့နိုင်ပါသည်။ ရာသီမှန်လျှင် မြေအောက်ရေ ပြန်လည်ပြည့်ဝရေး အခက်အခဲမရှိသော်လည်း ယခုလို ရာသီဥတုဖောက်ပြန်နေသည့်ကာလဝယ် မြေအောက်ရေ ပြန်လည်ပြည့်ဝရေးမှာ အမှန်တကယ် အခက်အခဲရှိပါသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် နိုင်ငံတကာတွင် ရေချိုရှားပါးပြတ်လပ်မှုအနည်းဆုံးတစ်လမှ နှစ်ဝက်အထိ တွေ့ကြုံခံစားရနိုင်ဖွယ်ရှိသည့် ဒေသ(နိုင်ငံများ) စာရင်းတွင် မြန်မာနိုင်ငံ ပါဝင်ပါသည်။ တစ်ဖက်တွင်လည်း ၂၀၁၆ ခုနှစ်သည် အယ်နီညိုနှစ်ဖြစ်သည့်အတွက် မြန်မာတို့၏ အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်သည် ရုတ်တရက် လျော့နည်းသွားနိုင်ကြောင်းလည်း သိရသည်။

ကမ္ဘာမြေတွင် သောက်သုံးရေပြဿနာအကြီးအကျယ်ကြုံတွေ့နေရသည်ဖြစ်၍ ကျွန်ုပ်တို့လူသားအားလုံးတို့သည် ရေအရင်းအမြစ် စီမံခန့်ခွဲမှုကို စနစ်တကျ စီမံဆောင်ရွက်ကြရန် အခြေအနေက တောင်းဆိုနေပြီဖြစ်ပါသည်။ ယခုအခါတွင် ရေပြဿနာအတွက် ရေဝေရေလဲဧရိယာ၊ စီမံခန့်ခွဲထိန်းသိမ်းရေးဆောင်ရွက်ရာတွင် Phytotechnology နည်းပညာကို အသုံးပြုလာကြကြောင်း၊ ယင်းနည်းပညာမှာ အပင်များကိုအသုံးချလျက် ဂေဟစနစ်၊ သဘာဝပတ်ဝန်းကျင်နှင့် ရေသံသရာ၊ ဇလဗေဒသံသရာတို့ကို အသုံးပြုနိုင်ကြောင်း၊ ရေအရင်းအမြစ်ကာကွယ်ခြင်း၊ ကမ်းစပ်ရေတိမ်ပိုင်း ဂေဟစနစ်ထိန်းသိမ်းခြင်းတို့တွင်လည်း အသုံးဝင်ကြောင်း သိရပါသည်။ မည်သို့ဆိုစေ ကျွန်ုပ်တို့ အားလုံးသည် သူ့ကြောင့်၊ ငါ့ကြောင့်ဟု အပြစ်တင်ငြင်းခုံနေကြမည့်အစား-

(၁) ရေကို ချွေချွေတာတာ၊ အကျိုးရှိရှိအသုံးချရန် လိုအပ်ပါမည်။
(၂) မိုးရွာမှ ရေရမည်ဖြစ်၍ မိုးရွာလျှင် ဆည်၊ မြောင်း၊ ကန်၊ ချောင်းများကို စနစ်တကျပြုလုပ်၍ ရေကို ထိန်းထားကြရပါမည်။
(၃) တောင်သူလယ်သမားများအနေဖြင့် လယ်ကန်သင်းများဆင့်ခြင်း၊ ရေလိုအပ်ချက်နည်းသော သီးနှံစိုက်ပျိုးခြင်း၊ ရေရှားပါးသောဒေသများ၌ ရေကန်များပြုပြင်ခြင်း၊ တစ်ဖက်ရပ်ဆည်များကို လူထုအားဖြင့်ဆောင်ရွက်ခြင်း၊ ရေသွင်း၊ ရေထုတ်မြောင်းများ စနစ်တကျစီစဉ်ခြင်း၊ ဆည်ရေပိုရေလျှံများကို စနစ်တကျဖမ်းယူသိုလှောင်ခြင်း၊ ရေစုပ်ယူမှုများသောသီးနှံ(ဥပမာ-ငှက်ပျောအား စီးပွားဖြစ်စိုက်ပျိုးခြင်း) အစားဖြစ်နိုင်ပါက ရေစုပ်ယူမှုနည်းသော သီးနှံပုံစံပြောင်းလဲစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ကြရပါမည်။
(၄) ရာသီဥတုမှန်ကန်စေရန်သစ်တောများကို ထိန်းသိမ်းပြီး တရားမဝင် ဥပဒေမဲ့၊ စည်းကမ်းမဲ့ သစ်ခုတ်ခြင်းများကို ရှောင်ကြဉ်ကြရပါမည်။
(၅) မြစ်ဝှမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရပါမည်။
(၆) အစိမ်းရောင်စီးပွားရေးလုပ်ငန်းကို အားပေးကြရပါမည်။
(၇) အစိုးရနှင့် ထုတ်လုပ်သူများက လုပ်ငန်းများ၊ စီမံချက်များ၊ ဆောင်ရွက်ကြရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assesment-EIA) စနစ်အား National Instrument အဖြစ် အသုံးပြုကြရပါမည်။
(၈) သယံဇာတအားလုံးကို အကျိုးရှိစွာ သုံးစွဲကြရပါမည်။ တစ်ဦးတစ်ယောက်ချင်းအနေဖြင့်ပင် ဘုံပိုင်ခေါင်းများ ရေမယိုစေရန် ဂရုပြုရပါမည်။ မလုံသည့်ရေဘုံပိုင်ခေါင်းများ ပြုပြင်သုံးစွဲရပါမည်။ **(ရေတစ်ပေါက်ယိုနေခြင်းသည် တစ်နေ့တာကြာပါက ၂၂ လီတာ အလဟဿဖြစ်စေဟုဆိုပါသည်။)**

အထက်ဖော်ပြပါ လုပ်ဆောင်ဖွယ်ရာ(Jobs) များသည် လူသားဘဝရှင်သန်ရပ်တည်နိုင်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်သည့်လုပ်ငန်းများဖြစ်ပါသဖြင့် တစ်စုံတစ်ရာ၏တောင်းဆိုမှု၊ တာဝန်ပေးမှုကိုမျှ စောင့်ဆိုင်းရန်မဟုတ်ဘဲ ယခုကစ၍ ကိုယ်စီကိုယ်စီလုပ်ဆောင်ကြပါလျှင် ရေပြဿနာ၏စိန်ခေါ်မှုကို အလွယ်တကူဖြတ်ကျော်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းတင်ပြလိုက်ရပေသည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ သတ္တမအကြိမ် (၄၇)ပါးစုံညီ ဒသမအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် မတ် ၁၃**

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ သတ္တမအကြိမ် (၄၇)ပါးစုံညီ ဒသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။



ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒက (ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးဆိုင်ရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူပြီး ပထမနေ့အစည်းအဝေးကို ရပ်နားခဲ့သည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ၁၉၈၀ ပြည့်နှစ် မေ ၂၄ ရက်မှ ၂၆ ရက်အထိ ပထမအကြိမ် ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးကို နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများသည် လေးလတစ်ကြိမ် ကျင်းပကြောင်း သိရသည်။ **(သတင်းစဉ်)**



ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ သာသနာ့ဝေပုလ္လစာတ်တော်ကျောင်းတိုက် စာသင်တိုက်၌ တည်ထားကိုးကွယ်သော ဆုတောင်းပြည့်စာတ်တော်စေတီတော်၏ (၉)ကြိမ်မြောက် သံဃိကဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၁၃ ရက်က ကျင်းပစဉ်။ မိုးလွင်ဦး(လွိုင်လင်)

## ပုဇွန်တောင်မြို့နယ်လုံးဆိုင်ရာ ပထမပြန်စာမေးပွဲ စာအောင်ဆုပေးအပ်

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်လုံးဆိုင်ရာ ဆရာတော်ကြီးများ ကြီးမှူးကျင်းပသည့် ပုဇွန်တောင်မြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် ပထမပြန် စာမေးပွဲစာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပုဇွန်တောင်မြို့နယ် စင်ကာပူပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် အလှူရှင်များက တန်းစဉ်အလိုက် အောင်မြင်တော်မူကြသည့် ရဟန်း၊ သာမဏေများအား စာအောင်ဆုလက်မှတ်၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် ကြသည်။

အဆိုပါပထမပြန်စာမေးပွဲကို ဓမ္မာစရိယစသည့် အဆင့်မြင့်တန်းစာမေးပွဲများ မဝင်နိုင်သေးသည့် ရှင်ငယ်၊ ရဟန်းငယ်များ ပရိယတ္တိစာပေကိုအခြေခံမှစ၍ ကြိုးစားအားထုတ်သင်ကြားလိုစိတ်များဖြစ်ပေါ်လာစေရေး ရည်ရွယ်ကာ မတ် ၂ ရက်မှ ၈ ရက်ထိကျင်းပခဲ့ပြီး မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၈ ကျောင်းမှ ရဟန်း၊ သာမဏေ ၁၀၆ ပါးတို့ တန်းစဉ်အလိုက် ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။ **ကိုချစ်**

## ရှုရီမဒ်ဘာဂဝတ်ကထာ ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်

**မန္တလေး မတ် ၁၃** မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၉ လမ်းနှင့် လမ်း ၈၀ ကြား၊ ၂၇ လမ်း၌တည်ရှိသော ရှုရီသနန္တနဓမ္မဟိန္ဒူဘုရားကျောင်းတော်ကြီး၌ မတ် ၁၇ ရက်မှ ၂၃ ရက် (တပေါင်းလပြည့်နေ့)အထိ ရှုရီမဒ်ဘာဂဝတ်ကထာတရားတော် ရွတ်ဖတ်ပူဇော်ပွဲကို ခုနစ်ရက်တိုင်တိုင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တပေါင်းလပြည့်နေ့ နံနက် ၉ နာရီတွင် ပူရ်ဏာဟူသီ၊ ဟဝန်းမီးပူဇော်ပြီး နံနက် ၁၁ နာရီတွင် တက်ရောက်ကုသိုလ်ယူကြသော ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့အား မဟာပရ်ဆာဒါးမ်ဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ ကျင်းပရေးကော်မတီမှ နှိုးဆော်ထားကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## မကွေးမြို့၌ ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာနဖွင့်

**မကွေး မတ် ၁၃**

မကွေးတိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုနှင့်ပတ်သက်သည့် လိုအပ်သည့် သတင်းအချက်အလက်များ ပြန်ကြားပေးနိုင်ရန်ရည်ရွယ်သည့် ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာနကို မတ် ၁၁ ရက်က ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး၌ ဖွင့်လှစ်ခဲ့သည်။

"တိုင်းဒေသကြီးအတွင်းမှာ ဘယ်နေရာက ဘာပစ္စည်းတွေထွက်တယ်။ ဘာတွေထုတ်လုပ်နိုင်တယ်။ သဘာဝအရင်းအမြစ်တွေက ဘာတွေရှိတယ်။ လက်ရှိထုတ်လုပ်နေတဲ့ အရည်အသွေးပမာဏ၊ ဘာတွေလိုအပ်နေလဲဆိုတာကို ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာနက ဆောင်ကြဉ်းပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် Site Seeing ကြည့်ကြတဲ့ နိုင်ငံခြားသားသင်္ဘောတွေ မကွေးဆိပ်ကမ်းကိုကပ်တဲ့အခါ ဒီစင်တာကို လာရောက်လေ့လာနိုင်အောင် ကြိုတင်ပြင်ဆင်ထားပါတယ်။ တိုင်းဒေသကြီးရဲ့ ပို့ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုပို့ကုန်တွေရဲ့သတင်းကောင်းတွေကို ကမ္ဘာကြီးအနှံ့ ဖြန့်ဝေပေးနိုင်ပါလိမ့်မယ်" ဟု စင်တာဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က ပြောကြားသည်။

တိုင်းဒေသကြီးအတွင်း ထွက်ရှိသည့်ကုန်ပစ္စည်းများကို ပြည်ပပို့ကုန်အဆင့် ကုန်သွယ်မှုမြှင့်တင်ရုံနှင့်မလုံလောက်ဘဲ ဒေသတွင်းသဘာဝအရင်းအမြစ်များ၊ ရှေးဟောင်းဘုရားပုထိုး၊ အဆောက်အအုံများ၊ တစ်မူထူးခြားသည့် တောရွာဓလေ့ထုံးတမ်းများ စသည့် ကဏ္ဍများကလည်း ကမ္ဘာလှည့်ခရီးသည်များကို ဖိတ်ခေါ်ပြီး ဝန်ဆောင်မှုကဏ္ဍမှ ပို့ကုန်ဝင်ငွေရရှိနိုင်ကြောင်း၊ ဝန်ဆောင်မှုပို့ကုန်များတိုးတက်ရရှိအောင် CBT (Community Based Tourism) ပုံစံကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးမောင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး (အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ) ဦးမြင့်နိုင်တို့က စင်တာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ စင်တာဆိုင်းဘုတ်အား အမွှေးနံ့သာပက်ဖျန်းခြင်းများဆောင်ရွက်ပြီး စင်တာ၌ ခင်းကျင်းပြသထားသော ဒေသထွက်စားသောက်ကုန်၊ အဝတ်အထည်၊ လယ်ယာထွက်သီးနှံများ၊ လက်မှုပစ္စည်းများ၊ အနုပညာပစ္စည်းများကို ဖွင့်ပွဲတက်ရောက်လာသူများက ကြည့်ရှုအားပေးခဲ့ကြောင်း၊ ဖွင့်ပွဲနေ့ ထူးခြားမှုတစ်ခုအနေဖြင့် ညနေ ၄ နာရီခွဲတွင် ကနေဒါနှင့် ဩစတြေးလျမှ ကမ္ဘာလှည့်ခရီးသည် ၆၀ ခန့် လာရောက်ပြီး စင်တာ၌ လေ့လာမှတ်တမ်းတင်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## မြစ်ကြီးနား၌ တိုင်းရင်းသားစာပေညီလာခံ အတွေ့အကြုံ ရှင်းလင်း

**မြစ်ကြီးနား မတ် ၁၃**

ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဦးစီးကျင်းပသော International Language Conference တိုင်းရင်းသားစာပေညီလာခံအတွေ့အကြုံနှင့် Indigenous People ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ အတွေ့အကြုံရှင်းလင်းပွဲကို မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် ရှမ်းမျိုးနွယ်စုများ ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် Unicef (မြစ်ကြီးနား) ရုံးခွဲပညာရေးတာဝန်ခံ ဦးသိန်းသန်းထွန်းက ဌာနေတိုင်းရင်းသားများ စာပေသင်ကြားနိုင်ရေးနှင့် ကချင်ပြည်နယ်အတွင်း ပညာရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ပြီး ရှမ်းတိုင်းသားရေးရာဝန်ကြီး ဒေါ်ခင်ပြုံးရီက မန္တလေးတက္ကသိုလ်၌ ကျင်းပခဲ့သည့် စာပေညီလာခံအတွေ့အကြုံနှင့် ကုလသမဂ္ဂမှထုတ်ပြန်ထားသည့် Indigenous People ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင် ဦးစိုင်းမြသန်းက တိုင်းရင်းသားစာပေသင်ကြားရာ၌ တွေ့ကြုံရသော အခက်အခဲများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

◆ **ရှေ့ဖုံးမှ**

မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ငါ့သရောက် မြစ်ရေတင် ကန်များကိုလည်း ရေတိုးမြှင့် ပေးစေလိုကြောင်း အဆိုပါကျေးလက်ဒေသခံ တစ်ဦးက ပြောသည်။

"ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်မှာ အသားတင်စိုက်ပျိုးနိုင်တဲ့ မြေမှာ ၁၆၁၀၂၅ ဧကရှိပြီး လယ်မြေ ၂၅၆ ဧက၊ ယာမြေ ၁၅၃၅၂၃ ဧက၊ ကိုင်းကျွန်းမြေ ၇၀၄၁ ဧက၊ ဥယျာဉ်မြေ ၂၀၅ ဧက ရှိပါတယ်။ ညောင်ဦးမြို့ရှိ မြစ်ရေတင်လုပ်ငန်းအလိုက် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးသီးနှံများဖြစ်တဲ့ မိုးစပါး ၂၄၅၅ ဧက၊ မိုးပဲတီစိမ်း ၂၇၈၅ ဧက၊ မိုးမြေပဲ ဧက ၁၁၈၀ ကိုလည်း မြစ်ရေတင်စနစ်နဲ့ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခု ၂၀၁၆-၂၀၁၇ ခုနှစ် နွေသီးနှံများ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်နေပါတယ်" ဟု ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးနိုင်က ပြောကြားသည်။ **ကျော်ကျော်(မလှိုင်)**

✻ **ကျောဖုံးမှ**

ဗိုလ်မင်းရောင်၊ ဗိုလ်ဗထူး၊ ရွှေလင်ပန်း၊ ပုလဲကွန်ဒိုအစရှိသည့် အိမ်ရာရရှိထားသူများ ဖြစ်နေပါက ပေါက်မဲစာရင်းမှ ပယ်ဖျက်ခြင်း ခံရမည်ဖြစ်သည်။ "အရင်ရပြီးတဲ့သူတွေတော့ ထပ်ရမှာမဟုတ်ပါဘူး။ ရပြီးသူတွေရှိလာပါက အစားထိုးနိုင်ဖို့လည်း အရန် ၂၄၈ ဦးကိုလည်း ဒီကနေ့ မဲနှိုက်ရွေးချယ်ထားပါတယ်။ ဒီကနေ့ မဲဖောက်ပေးတဲ့ တိုက်ခန်း ၁၁၅၂ ခန်းအတွက် မဲနှိုက်ပေးတာဖြစ်လို့ အခြားအိမ်ရာပေါက်ပြီးသားဆိုရင်တော့ အရန်ရွေးချယ်မဲဖောက်ပေးထားတဲ့ သူတွေထဲက ငယ်စဉ်ကြီးလိုက် ပေါက်မဲမှာ ထည့်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ဦးနေဝင်းအောင်က ဆက်လက်ပြောပြသည်။

ယင်းဗန္ဓုလ အငှားအိမ်ရာအတွက် အမှန်တကယ်မဲပေါက်မည့်သူ ၁၁၅၂ ဦး၊ အရန်လျာထားသူ ၂၄၈ ဦး စုစုပေါင်း ၁၄၀၀ မဲနှိုက်ပေးခဲ့ကြောင်းသိရသည်။ ယင်းထွက်ရှိလာသည့် ပေါက်မဲစာရင်းကို အစိုးရရုံးရှိစာရင်းတွင် ကွန်ပျူတာဖြင့် ယခင်အိမ်ရာ ရရှိထားခြင်း ရှိ မရှိ စစ်ဆေးအတည်ပြုကာ အစိုးရအဖွဲ့ရုံး အစည်းအဝေးသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ ယင်းမှ တစ်ဆင့် အတည်ပြုပြီး ပေါက်မဲစာရင်းကို ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးရုံးများသို့လည်းကောင်း ပေးပို့သွားမည်ဖြစ်ကြောင်း၊ အငှားအိမ်ရာ မဲပေါက်ထားသူများ အနေဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိမ်ငှားရမ်းခြင်းဆိုင်ရာ စာချုပ်စာတမ်းများ ဆက်လက်ချုပ်ဆိုရမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော် ရန်ကုန်မြို့မှာ အငှားနေလာတာကြာပါပြီ။ အခုလို နိုင်ငံတော်က အိမ်ရာစီမံကိန်းတွေ စီစဉ်ပေးတော့ ကျေးဇူးတင်ပါတယ်။ အခုမဲပေါက်တော့ ပြောမပြတတ်အောင် ဝမ်းသာမိပါတယ်" ဟု မြောက်ဥက္ကလာပမြို့နယ်မှ အနေးယာဉ်လုပ်သား ဦးခင်ဇော်က ပြောသည်။

"ကျွန်မတို့ နေထိုင်တာကတော့ မြောက်ဒဂုံ (၃၀)ရပ်ကွက်ပါ။ သန်းခေါင်စာရင်းကတော့ ဒလ သန်းခေါင်စာရင်းနဲ့ နေတာပါ။ အငှားနေတာကြာပြီ။ အိမ်ခန်းငှားခတွေကလည်း တဖြည်းဖြည်းတက်လာတော့ အဆင်မပြေဘူး။ အခု မဲပေါက်တယ်ကြားရတော့ မျက်ရည်တောင်ကျမိတယ်။ တကယ်ပါ၊ အခုလိုစီစဉ်ပေးတဲ့တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ဒေါ်စမ်းမြင့်က ပြောသည်။

အဆိုပါ ဗန္ဓုလအငှားအိမ်ရာစီမံကိန်းသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၂)လမ်းမကြီးနှင့် ဗန္ဓုလလမ်းထောင့်၌ တည်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးက ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်း တစ်လ အိမ်ခန်းငှားရမ်းခငွေကျပ် သုံးသောင်းနှုန်းဖြင့် ငှားရမ်းရန် လျှောက်လွှာများ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ယခုအခါ အဆိုပါ ဗန္ဓုလအငှားအိမ်ရာစီမံကိန်းသည် အိမ်ရာများ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ရာ မဲပေါက်သူများအား စိစစ်ပြီးချိန်တွင် အခန်းအပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ဆွာမြို့ အုန်းခြံကျေးရွာဘုန်းတော်ကြီးကျောင်း မိဘမဲ့ကလေး ၈၀ ကျော်အတွက် အလှူရှင်များ လိုအပ်နေ



**ရေတာရှည် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ အုန်းခြံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လွန်ခဲ့သော သုံးလခန့်ကစ၍ မိဘမဲ့ကလေးငယ်များနှင့် ဆင်းရဲနွမ်းပါးသည့် ကလေးငယ်များအား ထိန်းသိမ်းစောင့်ရှောက်ကာ ပညာသင်ကြားပေးလျက်ရှိပြီး နေ့စဉ်အစာအာဟာရအတွက် ငွေကျပ်တစ်သိန်းကျော် ကုန်ကျလျက်ရှိသဖြင့် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း ဆရာတော် ဦးကောဝိဒက မိန့်ကြားသည်။

လက်ရှိ၌ မိဘမဲ့ကလေးတိုင်းရင်းသားပေါင်းစုံ ၈၅ ဦးရှိသည်။ သူငယ်တန်းမှ နဝမတန်းအထိ ပညာသင်ကြားလျက်ရှိပြီး လက်ရှိတွင် ကလေးများကို ယာယီအဆောက်အအုံများ၌ နေရာချထားပေးကာ အဆောက်အအုံများ ဆက်လက်ဆောက်လုပ်ရဦးမည်ဖြစ်ကြောင်း ဆွာမြို့နေ ဒေသခံတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ လူငယ်ပရဟိတအသင်းက တတ်နိုင်သရွေ့ လုပ်ပေးနေပါတယ်။ အလှူရှင်တွေလည်း လာကြပါတယ်။ အဆောက်အအုံတွေအတွက် အလှူရှင်တွေရှိပေမယ့် လိုအပ်ချက်တွေက များပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အုန်းခြံကျေးရွာမှာ အိမ်ခြေ ၂၀ ကျော်သာရှိသည့်အတွက် ကလေးငယ်များအတွက် တတ်နိုင်သည့်ဘက်မှ ချက်ပြုတ် ကျွေးမွေးရေးတို့ကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အုန်းခြံကျေးရွာသို့ သွားလိုလျှင် ဆွာမြို့ အထပ်သား စက်ရုံမြောက်ဘက်မှတစ်ဆင့် ရှမ်းရွာ၊ ထိုမှတစ်ဆင့် အုန်းခြံရွာသို့ မော်တော်ယာဉ်များဖြင့် အချိန်မရွေးသွားရောက်နိုင်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ထိုင်းနိုင်ငံချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တနင်္သာရီမြို့မှ ပြန်လည်ထွက်ခွာ

**တနင်္သာရီ မတ် ၁၃**

တနင်္သာရီ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း၊ မြိတ်ခရိုင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတာဝန်ခံ ဦးမိုးကျော်တို့က ဦးဆောင်၍ AKM Tourism ခရီးသွားကုမ္ပဏီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မြဲကာ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ထိုင်းနိုင်ငံ ပရာကျွတ်ခရီခရမ်ခရိုင်ဝန်(အငြိမ်းစား) Mr. Weera Sriwattma traku ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင် ၁၇၉ ဦးသည် မော်တော်ယာဉ် ၄၉ စီးနှင့် မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မြိတ်မြို့သို့ နှစ်ညအိပ် ချစ်ကြည်ရေးခရီးသွား ရောက်ခဲ့သည်။ ထို့နောက် မတ် ၁၃ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် တနင်္သာရီမြို့သို့ ပြန်လည်ရောက်ရှိကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် ဌာနဆိုင်ရာ ဦးစီးမှူးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

Mr.Weera က မြိတ်ခရိုင် မြိတ်မြို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ရာတွင် အစိုးရပိုင်းရော လုပ်ငန်းရှင်များကပါ နွေးထွေးစွာကြိုဆိုကြသဖြင့် အလွန်ပင်ဝမ်းမြောက်မိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်လိုသူများလည်း များပြားပါကြောင်း၊ မိမိတို့ ချစ်ကြည်ရေးအဖွဲ့ဝင်များကလည်း အထူးပင်ဝမ်းမြောက်လျက်ရှိပါကြောင်း၊ နောင်တွင်လည်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍများဖြင့် အခါခွင့်သင့်သလို လာရောက်ပါဦးမည်ဖြစ်ကြောင်း ပြောကြားသည်။




ယင်းသို့ ထိုင်းနိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ၁၇၉ ဦး မြိတ်မြို့၌ နှစ်ညအိပ်လာရောက်လည်ပတ်ရာတွင် ယင်းချစ်ကြည်ရေးအဖွဲ့က တစ်ဦးလျှင် အနည်းဆုံး ဘတ်ငွေ ၅၀၀၀ မှ ၂၀၀၀၀ ခန့် ဝယ်ယူသုံးစွဲခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ယင်းချစ်ကြည်ရေးအဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က တနင်္သာရီမြို့၏ ရှုခင်းဓာတ်ပုံကို အမှတ်တရပေးအပ်ရာ **(ဝဲပုံ)** ချစ်ကြည်ရေးအဖွဲ့(ကိုယ်စား) Mr.Weera က မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဦးစီးမှူးများအား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ပြီး ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားကြကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# အိမ်ရာအဆောက်အအုံနှင့် အိမ်ခြံမြေဆိုင်ရာ ပြပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၃**

ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အတူ အဆင့်မြင့်ဝန်ဆောင်မှုများ ပြည်သူများ တိုက်ရိုက်သိရှိပြီး ဈေးကွက်သစ်များ ပေါ်ထွန်းလာရေးနှင့် လူမှုဘဝနေထိုင်မှုများ ပြောင်းလဲလာသည့် အချိန်ကာလနှင့်အညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အိမ်ရာအဆောက်အအုံနှင့် အိမ်ခြံမြေဆိုင်ရာပြပွဲ ၂၀၁၆ (Housing & Real Estate -2016) ပြပွဲကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၁၉ ရက်မှ ၂၁ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သုံးရက်ကြာကျင်းပမည်ဖြစ်ရာ ယင်းပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အိမ်ရာအဆောက်အအုံနှင့် ပတ်သက်သည့် တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲစီမံကိန်းများ၊ တည်ဆောက်တော့မည့်စီမံကိန်းများ၊ တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမြှင့် အိမ်ရာစီမံကိန်းများနှင့် အိမ်ခြံမြေများကို ပြောင်းလဲလာသည့် နေထိုင်မှုဘဝများနှင့်အညီ အဆင့်အတန်းမြင့် အသုံးအဆောင် ပစ္စည်းများကို စုပေါင်းခင်းကျင်း ပြသမည်ဖြစ်သည့်အတွက် အရည်အသွေးပိုင်းကို မျက်မြင်တွေ့ရှိပြီး မှန်ကန်စွာ ရွေးချယ်နိုင်ကြမည် ဖြစ်ကြောင်း Asst Marketing Manager ဦးမြင့်ဇော်က ပြောကြားသည်။

ပြပွဲတွင် ပြည်တွင်း ပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်လှေကားများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်တွင်းခေတ်မီပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မြေအကျိုးဆောင်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာဘဏ်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ အာမခံလုပ်ငန်းများမှ ပြည်သူလူထုအတွင်း ထိထိရောက်ရောက်ကျယ်ကျယ်ပြန့်ပြန့်ထိုးဖောက်နိုင်ရန်ရည်ရွယ်၍ စီစဉ်ကျင်းပမည့် ပြပွဲဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြပွဲ၌ အိမ်ရာအဆောက်အအုံနှင့် အိမ်ခြံမြေဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ ဆွေးနွေးဟောပြောပွဲများကိုလည်း ထည့်သွင်းကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။ **မောင်သော်(ကမာရွတ်)**

## မြန်မာ့ရုပ်မြင်သံကြား
**News Channel**

၁၄-၃-၂၀၁၆ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆ း ၀၀ - မင်းကွန်း ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇ း ၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၉ း ၃၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၉ း ၅၀ - **KOICA နှင့်တွေ့ဆုံခြင်း**
- ၁၀ း ၃၅ - အနုပညာသတင်း အစီအစဉ်
- ၁၁း ၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၃ း ၂၀ - Tasty Trip

**ညပိုင်း**

- ၁၅ း ၃၅ - ရွှေ့ပြောင်းအလုပ်သမားအစီအစဉ်
- ၁၆ း ၃၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၁၉ း ၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်** (အပိုင်း-၂၂)
- ၂၀ း ၀၀ - ပြည်တွင်းသတင်း
- ၂၀ း ၃၅ - **အပူလှိုင်း**
  - နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ**(အပိုင်း-၁၁)
  - ပြည်သူ့နီတိ **ဘယ်သူမှုံသလဲ**

**မှတ်ချက်။** ။ **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# ပုလဲမြို့နယ်အတွင်းရှိကျေးရွာငါးရွာ ဆိုလာစနစ်ဖြင့် မီးလင်းပြီ

**ပုလဲ မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ တောင်ရင်းကျေးရွာ၊ ပေပင်ကျေးရွာ၊ ကံသာယာကျေးရွာ၊ ပုလဲမြိုင်ကျေးရွာနှင့် ပေါက်ပင်ချောက်ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၄ ဒသမ ၂၀ ဖြင့် 13 Technology ကုမ္ပဏီက တာဝန်ခံ၍ ဆောင်ရွက်ခဲ့သောဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများပြီးစီးပြီဖြစ်ရာ မတ် ၁၂ ရက်မှစတင်၍ မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က “ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသနေ ပြည်သူတွေအတွက် အကျိုးပြုထိရောက်မည့်လုပ်ငန်းတွေဖြစ်တဲ့ လမ်းတံတားလုပ်ငန်း၊ ရေပေးရေးလုပ်ငန်း၊ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းတွေနဲ့ ကျေးရွာတွေမှာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရာမှာ မဟာဓာတ်အားလိုင်းနဲ့ အလှမ်းဝေးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ကျေးရွာတွေကို ဆိုလာစနစ်နဲ့ လျှပ်စစ်မီးရအောင် ဦးစားပေးဆောင်ရွက်ပေးပါတယ်။ ဒီနှစ်မှာတော့ ကျေးရွာငါးရွာ ရှိအိမ်ထောင်စု ၃၇၁ စုကို ဆိုလာစနစ်နဲ့ မီးလင်းနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်” ဟု ပြောကြားသည်။

ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိသဖြင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးအပါအဝင် ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ဖယောင်းတိုင်နှင့် မီးစက်များအသုံးပြုသည်ထက် စရိတ်လည်း များစွာ လျော့နည်းသက်သာစေမည်ဖြစ်ရာ ကျေးလက်နေပြည်သူများအတွက် ငွေကြေးကုန်ကျမှု သက်သာစေမည် ဖြစ်သည်။ ထို့အပြင် ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်များအသုံးပြုခြင်းကြောင့် ဖြစ်ပွားနိုင်သည့် မီးဘေးအန္တရာယ်များကိုလည်း များစွာလျော့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

**လှိုင်းအသင့်အတင့်ရှိမည်**

**နေပြည်တော် မတ် ၁၃** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# သောက်သုံးရေအခက်အခဲဖြစ်နိုင်သည့် သဲတောလေးကျေးရွာသို့ သောက်သုံးရေများ ဖြန့်ဝေ

**မိတ္ထီလာ မတ် ၁၃**

နွေရာသီ၌ အယ်နီညိုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ခြင်း လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိကျေးရွာများသို့ သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ရေထွက်ပင်ရင်းများစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ ဖြေရှင်းဆောင်ရွက်ပေးမည့်နည်းလမ်းများ၊ ကြိုတင်အသိပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ သောက်သုံးရေအခက်အခဲရှိနိုင်သည့် ဂဠုန်ကုန်းအုပ်စု သဲတောလေးကျေးရွာသို့ မတ် ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းပြီးရေဂါလန် ၁၂၀၀ အားဖြန့်ဝေခဲ့ကြောင်း သိရသည်။

ထို့အပြင် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဇော်မြင့် ဦးဆောင်ပြီး အဖွဲ့ငါးဖွဲ့ခွဲ၍ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အယ်နီညိုဖြစ်စဉ်ကြောင့် ရေပြတ်လပ်မှု ဖြစ်ပေါ်နိုင်သည့် ကျေးရွာ ၃၀ တို့ကို သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ရေထွက်ပင်ရင်းများစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ ဖြေရှင်းဆောင်ရွက်ပေးမည့်နည်းလမ်းများ ကြိုတင်အသိပေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပထမဦးစားပေးအဖြစ် သောက်သုံးရေပြတ်လပ်နိုင်သည့် ကုန်းတန်းကြီး၊ ကျောင်းရွာ၊ ပေါက်ပင်အိုင့်၊ ရေငံ (ရှေ့) နဘဲကုန်း၊ သဲတောလေး၊ ရွာသာကျေးရွာများရှိ ရေတွင်း၊ ရေကန်များစသည့် ရေထွက်ပင်ရင်းများကို စစ်ဆေးပြီး ယင်းရေကာလ မည်မျှသုံးစွဲနိုင်မည်ကို စစ်ဆေး၍ ရေပြတ်လပ်မှုဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးနိုင်ရန် စီစဉ်ထားကြောင်းနှင့် ဂဠုန်ကုန်းအုပ်စု သဲတောလေးကျေးရွာသည် အိမ်ခြေ ၈၀ ခန့်၊ လူဦးရေ ၂၀၀ ကျော် နေထိုင်ပြီးရေငန်ထွက်ရှိသည့် ကျေးရွာဖြစ်သည့်အတွက် မိုးရေများကိုရေကန်များဖြင့် စုဆောင်းကာ အသုံးပြုလျက်ရှိရာ နှစ်စဉ် နွေရာသီ၌ သောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး ရေဂါလန် ၁၂၀၀ ကို မတ် ၁၃ ရက်က သွားရောက် ဖြန့်ဝေပေးခဲ့ကြောင်းနှင့် သဲတောလေး ကျေးရွာနှင့်အတူ မြို့နယ်အတွင်းရှိ အခြားသောက်သုံးရေ အခက်အခဲဖြစ်နိုင်သည့် ကျေးရွာများကို သောက်သုံးရေအဆင်ပြေသည့် မိုးရာသီအထိ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ကျောက်ချောလမ်းဖွင့်

**မာန်အောင် မတ် ၁၃**

ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်၌ မာန်အောင်-ငပုန်ကုန်း-မိမ္မကြွယ်ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ်လဒုတိယပတ်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်၊ မြို့နယ်ကျေးလက် ဦးစီးမှူး ဦးတင်အောင်ခန့်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါလမ်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၅၉ သန်းဖြင့် ကျောက်ချောလမ်း အရှည်သုံးမိုင်ခြောက်ဖာလုံရှိပြီး ရွာခုနစ်ရွာတို့ကို ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **(၁၅၇)**



# ရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေလှူဒါန်း

**သရက် မတ် ၁၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ရင်ကြီးကျေးရွာ၌ နွေရာသီရေပြတ်လပ်မှုမရှိစေရေး၊ သောက်သုံးရေချိုလှူဒါန်းရခြင်းနှင့် မိုးမကျမီအထိ ရေအခက်အခဲမရှိစေရေးဆွေးနွေးခြင်းကို မတ် ၁၂ ရက် ညနေ ၃ နာရီက ရင်ကြီးကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်းထိုက်က နွေရာသီရေသုံးစွဲမှုအခြေအနေ အနီးဆုံးရယူနိုင်သည့် နည်းလမ်းများ၊ မိုးဦးမကျသည်အထိ ရေအခက်အခဲမရှိစေရေး၊ ရေအသုံးပြုမှုစနစ်တကျရှိစေရေး ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဦးမောင်မောင်ကြီးနှင့်အဖွဲ့က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနပိုင်ယာဉ်ဖြင့် သောက်သုံးရေချို ၃၁၅ ဂါလန်ကို ရင်ကြီးကျေးရွာသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

● ရှေ့ဖုံးမှ

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ မန္တလေးမြို့ရုံးစိုက် တရုတ်ကောင်စစ်ဝန်ချုပ်နှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်၊ တိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီများမှဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် Mandalay Convention Centre ကို မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်း၊ ကမ္ဘောဇဘဏ်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်မျိုး၊ ဧရာဝတီဘဏ်မန်နေဂျင်းဒါရိုက်တာဦးဖြိုးအောင်၊ သမဝါယမဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်၊ Mandalay Investment & Development Group Limited ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် C.A.D ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇင်မင်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က Mandalay Convention Centre ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော Mandalay Convention Centre & Commercial Complex နှင့် Mandalay Industrial & Trade Centre ပုံစံငယ်များ၊ ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် သမဝါယမဘဏ်၊ Mercedes-Benz Car Show၊ M9 Group Co.,Ltd. ၏ Samsung Brand ကောင်တာ၊ KTM ဆိုင်ကယ်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ Mandalay Convention Centre & Commercial Complex အား မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် Mandalay Investment & Development Group Limited တို့က အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် C.A.D ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ပထမအဆင့်အနေဖြင့် Mandalay Convention Centre ကို အကြိုဖွင့်လှစ်ခြင်းဖြစ်ပြီး RC သံကူကွန်ကရစ် စတီးဖရိန်အဆောက်အအုံအမျိုးအစားဖြစ်ကာ မြေအောက်ထပ်တွင် ကားရပ်နားစခန်း၊ မြေညီထပ်တွင် ပြပွဲခန်းမနှင့် ပွဲကြိုခန်းမ၊ ပထမထပ်တွင် မင်္ဂလာခန်းမနှစ်ခု၊ ကွန်ဖရင့်ခန်းမ၊ နှီးနှော ဖလှယ်သင်ကြားရေးခန်း သုံးခုနှင့် ပွဲကြိုခန်းမ၊ ဒုတိယထပ်တွင် နှီးနှောဖလှယ်ပွဲသင်ကြားရေးခန်းမ သုံးခုနှင့် စီမံအုပ်ချုပ်ရေးဌာနများပါရှိပြီး နိုင်ငံတကာအဆင့်မီ ဗဟိုလေအေးပေးစက်၊ အသံစနစ် မီးသတ်အချက်ပေးနှင့်မီးသတ်စနစ်၊ စက်လှေကားခြောက်စင်းနှင့် ဓာတ်လှေကားသုံးစင်းတို့ဖြင့် နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားကြောင်း သိရသည်။

# လေရှီးမြို့၌ မီးသတ်ရုံးအဆောက်အအုံသစ်ဖွင့်

**လေရှီး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ခန္တီးခရိုင် လေရှီးမြို့ မီးဘေးအန္တရာယ်လုံခြုံရေးအထောက်အကူပြု မီးသတ်ရုံးအဆောက်အအုံဖွင့်ပွဲအခမ်းအနားကို မတ် ၁၀ ရက် နံနက် ၁၁ နာရီက ယင်းအဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိုတီနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အဆောက်အအုံဆိုင်းဘုတ်ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက အမွှေးနံ့သာရည် ပက်ဖျန်းပေးခဲ့သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် မြို့မိမြို့ဖများ တက်ရောက်အားပေးချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။ **ချင်းတွင်းသား**

# သင်္ကြန်ကာလအတွင်း မူးယစ်ဆေးသုံးစွဲမှု၊ အရက်သေစာသောက်စားမှုနှင့် တုတ်၊ ဓား လက်နက်ကိုင်ဆောင်မှုများ စစ်ဆေးအရေးယူသွားမည်



ယမန်နှစ် သင်္ကြန်ကာလက မန္တလေးမြို့၌ ရေပက်ခံကားများဖြင့် ပျော်ပါးကြသည့် လူငယ်များကိုတွေ့ရစဉ်။

**မန္တလေး မတ် ၁၃**

၂၀၁၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ အရက်သေစာသောက်စားမှုနှင့် တုတ်၊ ဓား လက်နက်ကိုင်ဆောင်မှုများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"အဓိက လူစည်ကားတဲ့နေရာဖြစ်တဲ့ မန္တလေးကျုံးပတ်လည်တစ်လျှောက်၊ မန္တလေးကန်တော်ကြီးနဲ့ ဦးပိန်တံတားတို့မှာလုံခြုံရေး တိုးမြှင့်ချထားမယ်။ သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲတာတွေ၊ အရက်သေစာသောက်စားတာတွေနဲ့ တုတ်၊ ဓားလက်နက်ကိုင်ဆောင်မှုတွေကို တိုင်းဒေသကြီးရဲတပ်ဖွဲ့က အထူးစစ်ဆေးအရေးယူမှုတွေ ဆောင်ရွက်သွားမှာပါ"ဟု ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ထွန်းက ပြောသည်။

"ပြီးခဲ့တဲ့နှစ် သင်္ကြန်ကာလမှာလည်း ကားတွေနဲ့ ဆိုင်ကယ်တွေမှာတုတ်၊ ဓားလက်နက်အပြင် ဘီယာပုလင်းတွေ တွေ့ရှိသိမ်းဆည်းခဲ့မှုကများပြားခဲ့တယ်။ ဒီလိုသိမ်းဆည်းတာတွေဟာ မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်လာမှာစိုးတဲ့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီနှစ်သင်္ကြန်မှာလည်း လုံခြုံရေးကို အထူး ကြပ်မတ်ဆောင်ရွက်သွားဖို့ တပ်ဖွဲ့ဝင်အင်အားတွေကို တိုးမြှင့်သွားမှာပါ"ဟု ၎င်းကဆက်လက်ပြောသည်။ သင်္ကြန်ကာလအတွင်း မန္တလေးသူ၊ မန္တလေးသားများ အနေဖြင့် မော်တော်ဆိုင်ကယ်နှင့် ကားများတွင် အိတ်ဇောပိုက်များ ဖြုတ်ခြင်း၊ လိုင်စင်မဲ့မောင်းနှင်ခြင်းနှင့် နံပါတ်ပြားများဖြုတ်၍ မောင်းနှင်ခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ထားပြီး စစ်ဆေးတွေ့ရှိပါက ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လျှပ်စစ်ဓာတ်အားပြည့်မီစွာဖြန့်ဖြူးပေးနိုင်ရန် ဂန့်ဂေါမြို့တွင် ထရန်စဖော်မာတိုးချဲ့တပ်ဆင်

**ဂန့်ဂေါ မတ် ၁၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ ကျောတိုက်ရပ်ကွက်အတွင်း မီးရထားဘူတာရုံနှင့် အထကကျောင်းအနီးဝန်းကျင်တွင် လျှပ်စစ်ဓာတ်အားကျဆင်းနေသောကြောင့် လျှပ်စစ်ဓာတ်အား ပြည့်မီစွာဖြန့်ဖြူးနိုင်ရေးအတွက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးကို တိုးချဲ့တပ်ဆင်ခွင့် ချထားပေးခဲ့ရာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာဦးမောင်ညို၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ဇော်နှင့် လျှပ်စစ်လုပ်သားများက မတ် ၁၀ ရက်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယခု တည်ဆောက်တပ်ဆင်နေဆဲ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက ကျောတိုက်ရပ်ကွက်တွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာ သုံးလုံးအထိရှိလာမည်ဖြစ်၍ ရပ်ကွက်အတွင်း နေရာမလပ် လျှပ်စစ်ဓာတ်အားပြည့်မီစွာ ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။ ဂန့်ဂေါမြို့သည် ရပ်ကွက်လေးရပ်ကွက်၊ အိမ်ခြေ ၂၃၀၀ ကျော်ရှိပြီး မြောက်ကုန်းရပ်ကွက်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာသုံးလုံး၊ စည်ပင်ရပ်ကွက်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံး၊ မြို့မရပ်ကွက်တွင် ၃၁၅ ကေဗွီအေ တစ်လုံးနှင့် ၂၀၀ ကေဗွီအေ တစ်လုံးတို့ကို တပ်ဆင်ထားပြီးဖြစ်၍ လျှပ်စစ်ဌာနပိုင် ထရန်စဖော်မာ ၁၀ လုံးအထိရှိလာမည်ဖြစ်သည့်အပြင် ပုဂ္ဂလိကအလုပ်ရုံများမှ မိမိတို့ အစီအစဉ်ဖြင့် တပ်ဆင်ထားသော လျှပ်စစ်ထရန်စဖော်မာများမှ တစ်ဆင့်လည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း မြို့နယ်လျှပ်စစ်ဌာနမှ သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# လုပ်ငန်းခွင်အတွင်း သေဆုံးခဲ့သော မြန်မာအလုပ်သမားအတွက် လျော်ကြေးငွေ အမြန်ဆုံး ပြန်လည်ရရှိရေး MAT ကူညီမည်

**ချာချင်ဆောင် မတ် ၁၃**

ထိုင်းနိုင်ငံ ချာချင်ဆောင်မြို့ ပဲလီယို-တလတ်ခေါ်ရီစွပ် ဈေးအနီး ၂၄လမ်းရှိ ဆားကတ်အဟောင်းရောင်းဝယ်ဆိုင်၌ အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားတစ်ဦးမှာ ဇန်နဝါရီလက လုပ်ငန်းခွင်အတွင်း သေဆုံးခဲ့မှုကြောင့် အလုပ်ရှင်မှ သေဆုံးသူ၏ မိသားစုဝင်များကို လျော်ကြေးငွေပေးမည်ဟု ဆိုသော်လည်း ယနေ့အချိန်ထိ ရွှေ့ဆိုင်းနေသဖြင့် အဆိုပါလျော်ကြေးငွေအမြန်ဆုံး ရရှိရေးအတွက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) က ကူညီပေးမည်ဖြစ်ကြောင်း ယင်းအဖွဲ့ထံက သိရသည်။

အဆိုပါ အလုပ်ရုံ၌ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ရွှေလောင်းတင်ကျေးရွာမှ မြန်မာအလုပ်သမား မောင်စိုးမင်းနောင် (၂၁နှစ်)မှာ ပြီးခဲ့သည့် ဇန်နဝါရီ ၁၅ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲခန့်က လုပ်ငန်းခွင်အတွင်း အလုပ်လုပ်ကိုင်နေစဉ် ၁၂ဘီး မော်တော်ယာဉ်တိုက်မိ၍ သေဆုံးခဲ့ခြင်းဖြစ်ပြီး သေဆုံးပြီး သုံးရက်အကြာ သင်္ဂြိုဟ်သည့်နေ့၌ ထိုင်းရဲတပ်ဖွဲ့ဝင်များနှင့်တကွ အလုပ်ရုံပိုင်နှင့် ယာဉ်မောင်းတို့က သေဆုံးသူ၏ အစ်မ မမိုးစန္ဒာဝင်းကို ခေါ်ကာ ယာဉ်တိုက်မှုကြောင့် သေဆုံးခဲ့သူအတွက် လျော်ကြေးငွေ ဘတ်ခုနစ်သိန်း ပေးမည်ဟုဆို၍ အမှုမဖွင့်ရန်ပြောဆိုကာ အမှုမဖွင့်ကြောင်းကို လက်မှတ်ရေးထိုးခိုင်းစေခဲ့ကြောင်း သိရသည်။

ထို့နောက် ဇန်နဝါရီ ၁၉ ရက်တွင် အစ်မဖြစ်သူ မှန်ကန်ကြောင်းဆိုသည့်အချက်ကို ရဲစခန်းတွင် လက်မှတ်ထိုးခိုင်းစေခဲ့ပြီး လျော်ကြေးငွေ ဘတ်ခုနစ်သိန်းကို ၄၅ ရက်မြောက်နေ့တွင် ပေးမည်ဟုဆိုကာ ၎င်းတို့က ချိန်းဆိုခဲ့သော်လည်း ချိန်းဆိုသော ၄၅ ရက်ပြည့်သည့် မတ် ၁ရက်တွင် လျော်ကြေးငွေ လက်ခံရယူရန်အတွက် သေဆုံးသူ၏ အစ်မက လာရောက်ခဲ့ရာ အလုပ်ရုံပိုင်ရှင်က အတွေ့မခံကြောင်းပြောသည်။

ထို့အတွက်ကြောင့် လုပ်ငန်းခွင်အတွင်း ယာဉ်တိုက်ခံရပြီး သေဆုံးခဲ့သော မြန်မာအလုပ်သမား ကိုစိုးမင်းနောင်၏ လျော်ကြေးငွေများကို ရရှိရန်အတွက် သေဆုံးသူ၏ အစ်မက မတ် ၇ ရက်က MATအဖွဲ့ထံ အကူအညီ တောင်းခံလာသောကြောင့် လျော်ကြေးငွေ အမြန်ဆုံးရရှိရေးအတွက် ကူညီ ဆောင်ရွက်ပေးရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(SP)**



ရန်ကုန်မြို့ လှိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်၌ မတ် ၁၁ ရက်က စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဥက္ကဋ္ဌ ဦးသန်းအောင် ဆွေးနွေးပို့ချစဉ်။ သန္တာမေ(ပြန်/ဆက်)



# မြိတ်မြို့၌ ကျောက်တင်ကားများနှင့် မြေသယ်ယာဉ်များ အရှိန်ပြင်းစွာမောင်းနှင် ယာဉ်တိုက်မှုမကြာခဏဖြစ်ပွားမှုကြောင့် ဒေသခံခရီးသွားပြည်သူများ စိုးရိမ်လျက်ရှိ

**မြိတ် မတ် ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ခရီးသွားလာရာတွင် လွယ်ကူအဆင်ပြေစေရန် မော်တော်ကား၊ ဆိုင်ကယ်များဖြင့် အဓိကထားသွားလာလျက်ရှိရာ ယခုအခါ မြို့တွင်းနှင့် မြို့ပြင်များတွင် မိုးလင်း/မိုးချုပ်နေ့စဉ် ကျောက်တင်ကားများနှင့် မြေသယ်ယာဉ်ကားကြီးအချို့သည် တင်နိုင်သည့်ဝန်အားထက် ပိုမိုတင်ဆောင်ပြီး အရှိန်ပြင်းစွာစည်းကမ်းမဲ့မောင်းနှင်မှုများကြောင့် လမ်းများချောမွေ့လာသည်နှင့်အမျှ ယာဉ်တိုက်မှုမကြာခဏဖြစ်ပွားနေ၍ ဒေသခံခရီးသွားပြည်သူများ စိုးရိမ်ပူပန်မှုများပြားလာကြောင်းသိရသည်။

ပုဂ္ဂလိကလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျောက်တင်ကားများ၊ မြေသယ်ယာဉ်ကြီးများ မြို့တွင်းမြို့ပြင် မောင်းနှင်မှုအား ဒေသခံခရီးသွားပြည်သူများ နားလည်လက်ခံပေးနိုင်သော်လည်း ကျောက်တင်ကားများ၊ မြေသယ်ယာဉ်ကြီးများသည် အဆမတန်တင်ဆောင်ပြီး စည်းမဲ့ကမ်းမဲ့ အရှိန်ပြင်းစွာမောင်းနှင်မှုများကြောင့် အချို့ကားများသည် နောက်ပိတ်မပါဘဲ မောင်းနှင်သဖြင့် ကျောက်ခဲအသေး၊ အကြီးများ လမ်းမပေါ်ကျရောက်မှု၊ မြေသယ်ယာဉ်ကြီးများပေါ်မှ မြေမှုန့်များ လွင့်စဉ်ကျရောက်၍ လမ်းသွားလမ်းလာများနှင့် ဆိုင်ကယ်မောင်းနှင်သူများ မကြာခဏ ထိခိုက်ဒဏ်ရာရရှိပြီး၊ ယာဉ်တိုက်မှုများလည်း ဖြစ်ပွား၍ ဒေသခံပြည်သူများ ယာဉ်တိုက်မှုဖြစ်ပွားမည့် အန္တရာယ်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ်မောင်းနှင်သူများကိုသာ အဓိကထား စစ်ဆေးအရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြသော်လည်း ကျောက်တင်ကားများနှင့် မြေသယ်ယာဉ်ကြီးများကို စစ်ဆေးကြပ်မတ်မှု အားနည်းကြောင်း ဒေသခံများက သုံးသပ် ပြောကြားလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

**ပြင်ဆင် ဖတ်ရှုပါရန်**

မြန်မာ့အလင်းသတင်းစာ မတ် ၁၃ ရက်စာမျက်နှာ ၁၀ နှင့် မတ် ၁၄ ရက်ထုတ် စာမျက် နှာ ၁၇ တို့တွင် ဖော်ပြပါရှိခဲ့သော အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်းအစား အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **(ပညာရေး)**

# မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ အရာရှိလောင်းများ မွေးထုတ်ပေးလျက်ရှိ

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ မတ် ၁၃ ရက်က အမှတ်စဉ်(၈)ကုန်သွယ်ရေကြောင်း အရာရှိလောင်း ၁၃၃ ဦးကို အဆိုပါကောလိပ်စစ်ရေးပြကွင်း၌ သင်တန်းဆင်းပွဲ ကျင်းပသည်။

ထိုသင်တန်းဆင်းပွဲတွင် အရာရှိလောင်း သင်တန်းသား တပ်ခွဲအသီးသီးမှ စစ်ကြောင်းပုံပြ၍ ချီတက်အလေးပြုခြင်းကို ဆောင်ရွက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က နှစ်နှစ်တာသင်တန်းကာလတွင် အရာရှိလောင်း သင်တန်းသား ၁၃၃ ဦးမှ စံပြအရာရှိလောင်း (ရေကြောင်း)နှင့် စာပေထူးချွန် (ရေကြောင်း)ဆုရ (ရ/၂၃၃၃) အရာရှိလောင်း နေရဲလွင်၊ စံပြအရာရှိလောင်း (အင်ဂျင်နီယာ)နှင့် စာပေထူးချွန် (အင်ဂျင်နီယာ) ဆုရ (စ/၂၃၅၇) အရာရှိလောင်း ကောင်းထက်နိုင်နှင့် တပ်ခွဲအလိုက် အကောင်းဆုံးစစ်ရေးပြဆုရ ဘရဏီတပ်ခွဲနှင့် ရေဝတီတပ်ခွဲတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်ကနေ သင်တန်းသား အရာရှိလောင်းတွေကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IOM) က သတ်မှတ်ထားတဲ့ သင်ရိုးညွှန်းတမ်းတွေအတိုင်း အခြေခံပြီး သင်ကြားနေပါတယ်။ (Simulator) အပါအဝင် လိုအပ်တဲ့ လေ့ကျင့်သင်ကြားမှုဆိုင်ရာ အလုပ်ရုံနဲ့ ပစ္စည်းကိရိယာတွေကို နိုင်ငံတကာအဆင့်မီ ဖြည့်ဆည်း လေ့ကျင့်ပေးလျက်ရှိပါတယ်။ ပထမနှစ်က ရေကြောင်းဆိုင်ရာ စာပေပညာရပ်ကို အများဆုံးသင်ကြားရတယ်။ ဒုတိယနှစ်က ရေယာဉ်တွေပေါ်မှာ လက်တွေ့လုပ်ကိုင်တဲ့နေရာမှာ စည်းကမ်းစနစ် ဦးဆောင်မှု၊ တာဝန်ယူတတ်မှုတွေရှိအောင် လေ့ကျင့်ပေးတယ်။ ဒုတိယနှစ်မှာ ရေကြောင်းပညာရပ်နဲ့ ရေကြောင်းအင်ဂျင်နီယာပညာရပ်နှစ်ခုကို သင်ကြားပေးပြီး သင်တန်းဆင်းတွေဟာ သင်တန်းတွေဆက်တက်ပြီး နိုင်ငံတကာရေယာဉ်တွေပေါ်မှာ ဂရိတ်အဆင့် ကုန်သွယ်ရေကြောင်းအရာရှိငယ်တွေအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရမှာပါ။ ဒီသင်တန်းကို ၁၀ တန်းစာမေးပွဲအပြီး သတ်မှတ်ပညာအရည်အချင်းနှင့် ကျန်းမာရေးစစ်ဆေးချက်အောင်မြင်သူများ တက်ရောက်ခွင့်ရှိပါတယ်" ဟု မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်ကျောင်းအုပ်ကြီး Capt.တင်ဦးက ပြောသည်။




**သင်တန်းဆင်းရေကြောင်းအရာရှိလောင်းများ မိသားစုဝင်များနှင့်အတူ စစ်ရေးပြကွင်းအတွင်း ပျော်ရွှင်စွာတွေ့ရစဉ်။**

အဆိုပါသင်တန်းဆင်းပွဲတွင် ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာလက်မှတ်ရ ရေကြောင်းပညာအရာရှိလောင်း ၆၄ ဦး၊ ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၆၉ ဦး စုစုပေါင်း ၁၃၃ ဦးအား မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ မွေးထုတ်ပေးလိုက်ပြီး အဆိုပါသင်တန်းများအား ၁၉၆၃ ခုနှစ်မှ ယနေ့အချိန်ထိ ရေကြောင်းအရာရှိလောင်း ၂၅၄၀ နှင့် ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း ၂၄၈၅ ဦးအား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# လယ်ဧက ၄၀၀၀ ကျော်အတွက် စိုက်ပျိုးရေရရှိရေး ဆည်တည်ဆောက်ပြီးစီး



**ရမည်းသင်း မတ် ၁၃**

လယ်ဧက ၄၁၅၃ ဧက အောင်မြင်ဖြစ်ထွန်းစေရန် စိုက်ပျိုးရေရရှိရေး ရေပေးဝေနိုင်မည့် မြင်းခြံရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ပြီးစီးပြီဟု သိရသည်။

အဆိုပါ မြင်းခြံရေလွှဲဆည်သည် ရမည်းသင်းမြို့နယ် ချောင်းခွကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ ရွှေဒါးချောင်းပေါ်တွင်တည်ရှိပြီး ဒေသခံတောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြင်းခြံရေလွှဲဆည်ကို အလျား ၉၂ ပေ၊ အကျယ်ပေ ၁၀၀၊ အမြင့် ၆ ပေ၊ လက်ဝဲမြောင်းမကြီး အရှည်ပေ ၇၅၀၀ ရှိပြီး ရေခွဲအဆောက်အအုံကားလမ်းဖြတ်နေရာများတွင် တံတားနှစ်စင်းနှင့် ၅ ပေ ရေကျအဆောက်အအုံတစ်လုံးကို တည်ဆောက်ထားသည့်အပြင် လက်ယာမြောင်းကိုလည်း အရှည် ပေ ၅၇၀၀ နှင့် မြောင်းထိပ် အဆောက်အအုံတစ်ခု လျှည်းကူးတံတားနှစ်စင်း တည်ဆောက်ထားသည်။

ရမည်းသင်း မြို့နယ်အတွင်း ယခု မြင်းခြံရေလွှဲ ဆည်တည်ဆောက်ပေးခြင်းကြောင့် ဝါးတီးကန်ရေသောက် လယ်ယာမြေများအား ရေကူပေးဝေနိုင်မည့်အပြင် မြင်းခြံရေလွှဲဆည်မှတစ်ဆင့် လွှဲယူသောရေဖြင့် မြောင်းတစ်လျှောက်ရှိ လယ်ဧကများ၊ ဝါးတီးကန်တောင်လုံးကန်ရှိ စိုက်ပျိုးလယ်ဧကများ စုစုပေါင်း ၄၁၅၃ ဧကကို စိုက်ပျိုးရေဖူလုံစွာရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**အတ်ကလေး (ရမည်းသင်း)**

# သုံးခွမြို့နယ်တွင် ပဲတီစိမ်းဈေးနှုန်းများကျဆင်း တောင်သူများ အခက်ကြုံ

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပဲတီစိမ်းအသစ်များ ဈေးကွက်အတွင်း စတင်ရောက်ရှိချိန်တွင် တစ်တင်း(ပိဿာ ၂၀)လျှင် ငွေကျပ် ၄၂၀၀၀ ရှိရာမှ ပဲတီစိမ်းများ ဖြိုင်ဖြိုင်ပေါ်လာပြီး မတ် ၁၃ ရက်တွင် ငွေကျပ် ၃၆၅၀၀ ဖြစ်သွားသဖြင့် တောင်သူများ အခက်ကြုံနေရကြောင်း သိရသည်။

ပဲကုန်သည်တစ်ဦးက ပဲဈေးနှုန်းများ ကျဆင်းရခြင်းမှာ ဒေါ်လာဈေးကျခြင်း၊ ထိုင်းနိုင်ငံတွင် ယခုနှစ် ပဲတီစိမ်းစိုက်ပျိုးမှုများလာပြီး ဈေးနှုန်းသက်သာခြင်း၊ ပဲရင့်မှည့်ချိန်နှင့် ဆွတ်ခူးချိန်တို့တွင် အချိန်အခါမဲ့ မိုးများရွာသွန်းသဖြင့် ပဲတီစိမ်းများ အရည်အသွေးကျဆင်းခြင်းနှင့် အခြားအကြောင်းများကြောင့်ဖြစ်နိုင်ကြောင်း သုံးသပ်ပြောဆိုသည်။

ပဲဒိုင်တွင် ပဲလာရောက်ရောင်းချသူ မိချောင်းဂေါင်းကျေးရွာမှ ကိုပိုင်စိုးဦးက "တောင်သူအချို့ ပဲဈေး ၄၂၀၀၀ ဈေးကို ရောင်းဖို့ မီလိုက်သေးတယ်။ ဈေးထပ်တက်ဦးမယ်ထင်လို့ စောင့်လိုက်တာ ဈေးကကျသွားတယ်။ အခုတော့ မစောင့်နိုင်တော့ဘူး။ ရတဲ့ဈေးနဲ့ ရောင်းရပါတယ်။ သူများဆီက ယူထားတဲ့ မြေဆီဖိုး၊ ပိုးသတ်ဆေးဖိုး၊ ထွန်ယက်ခတွေပေးရဦးမယ်။ ဘဏ်ချေးငွေကလည်း ဆပ်ရဦးမယ်။ ဒီနှစ်က ပဲဈေးကကျ အထွက်နှုန်းကလျော့၊ အထွေထွေကုန်ကျစရိတ်ကများတော့ သိပ်အဆင်မပြေဘူး" ဟု ပြောဆိုသည်။

သုံးခွမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းသီးနှံ၊ ပဲတီစိမ်းစိုက်ဧက ၁၃၀၄၃၀၊ ပဲလွမ်းဧက ၃၇၀ စုစုပေါင်း ဧက ၁၃၀၈၀၀ စိုက်ပျိုးထားကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# Myanmar Idol သီချင်းဆိုပြိုင်ပွဲ၏ Top- 11 အဆင့်မှ ထွက်ခွာခဲ့ရသည့် ပြိုင်ပွဲဝင်များထဲမှ တစ်ဦးကို ပြန်လည်ရွေးချယ်မည်

**ရန်ကုန် မတ် ၁၃**

Myanmar Idol သီချင်းဆိုပြိုင်ပွဲ၏ ပထမအဆင့် ဖြစ်သည့် Top-11 ပြိုင်ပွဲမှစတင်ကာ ပရိသတ်၏ မဲပေးရွေးချယ်မှုအရ ပြိုင်ပွဲကထွက်ခွာခဲ့ရသည့် ပြိုင်ပွဲဝင်တွေထဲက ပရိသတ်အကြိုက်ဆုံး ဖြစ်ခဲ့သည့် ပြိုင်ပွဲဝင်တစ်ဦးကို ပရိသတ်မဲပေးရွေးချယ်မှုနှင့် ပြန်လည်ရွေးချယ်မည့် Pantene Wild Card အစီအစဉ်ဖြင့် ရွေးချယ်မည်ဖြစ်သည်။

Myanmar Idol ၏ ပရိသတ်များအနေဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့် အနှစ်သက်ဆုံးပြိုင်ပွဲဝင်ကို မဲပေးရန်အတွက် အခမဲ့ရုပ်သံလိုင်းဖြစ်ပြီး မြန်မာနေရှင်နယ် ရုပ်သံလိုင်း (mntv) နှင့် Pantene ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတို့တွင် အတိအကျ ကြေညာပေးသွားမည်ဖြစ်သည်။ Myanmar Idol သီချင်းဆိုပြိုင်ပွဲ၏ Rock သီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြသည့် Top-7 အဆင့် သီဆိုယှဉ်ပြိုင်မှု ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် မေကြည်သည် ပရိသတ်၏ မဲပေးရွေးချယ်မှုအနည်းဆုံးရရှိခဲ့ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။ မတ် ၁၈ ရက် ည ၉ နာရီတွင် ပြုလုပ်မည့် Myanmar Idol သီချင်းဆိုပြိုင်ပွဲ၏ Top-6 သီဆိုယှဉ်ပြိုင်မှုတွင် ပရိသတ်၏ မဲပေးရွေးချယ်မှုအရ Top-6 ကို တက်ရောက် လာနိုင်ခဲ့သည့် ပြိုင်ပွဲဝင် Mဇော်ရိန်၊ စောထက်နိုင်စိုး၊ နင်ဇီမေ၊ စောလားထော်ဝါ၊ Sophia Everest နှင့် ဇော်မင်းဦးတို့သည် အဆိုပါ ပြိုင်ပွဲတွင် နွေရာသီနှင့်ပတ်သက်သည့် သီချင်းများနှင့် သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ပြီး အခမဲ့ mntv မှ တိုက်ရိုက် Live ထုတ်လွှင့်ပြသပေးသွားမည် ဖြစ်သည်။

Myanmar Idol သီချင်းဆိုပြိုင်ပွဲကို မြန်မာနေရှင်နယ် ရုပ်သံလိုင်း mntv က စီစဉ်ကျင်းပခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံတွင် အောင်မြင်ကျော်ကြားလျက်ရှိသော သီချင်းဆိုပြိုင်ပွဲတစ်ခုဖြစ်သည့် American Idol မှ ဆင်းသက်လာသော သီချင်းဆိုပြိုင်ပွဲတစ်ခု ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲနည်းတူ ပြိုင်ပွဲများကို ပြင်သစ်၊ ဂျာမနီ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံစသည့် ကမ္ဘာ့နိုင်ငံများ၌ ကျင်းပနေကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# Myanmar National Symphony Orchestra Concert 2016

## မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် မတ် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. YUNO-SUKE YAMAOTO (Conductor & Composer )နှင့် စန္ဒရားဆရာမ Mrs. KYOKO KOYAMA တို့ ပူးပေါင်းတင်ဆက်သည့် Myanmar National Symphony Orchestra Concert 2016 ဖျော်ဖြေပွဲကို မတ် ၁၅ ရက် ညနေ ၄ နာရီတွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ အဆိုပါဖျော်ဖြေပွဲကို မည်သူမဆို အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား News Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ

**ပြည် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၁ ရက်က ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမူတင်က အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်တက္ကသိုလ် စာကြည့်တိုက်မှူး ဒေါ်သန်းသန်းထွေးက စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မူမူတင်က စာကြည့်တိုက်လုပ်ငန်းများကို ကူညီဆောင်ရွက်မည့်သူများနှင့် ဆက်သွယ်ဆောင်ရွက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလက (၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက စာကြည့်တိုက်များအပေါ် ပြည်သူများ၏ ထင်မြင်ယူဆချက်အသစ်များဖြစ်ပေါ်လာရေးစသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။**(ခရိုင် ပြန်/ဆက်)**

# မင်းပြားမြို့အနီး စစ်တွေ-ရန်ကုန် ခရီးသည်တင်ယာဉ်တစ်စီးမီးလောင်



**မင်းပြား မတ် ၁၃**

မတ် ၁၃ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က ယာဉ်မောင်း ဦးရဲမင်းထွန်း မောင်းနှင်လာသည့် ရန်ကုန်မှ စစ်တွေသို့ ထွက်ခွာလာသော အောင်ပြည့်စုံခရီးသည်တင် ဟွန်ဒိုင်းအမျိုးအစားယာဉ်အမှတ် YGN-2D --- သည် မင်းပြားမြို့နယ် ကြက်ယက်ကျေးရွာအနီး မိုင်တိုင်အမှတ် (၈၅/၈၄) တွင် ကားနောက်ခန်းအင်ဂျင်မှ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ဓါတ်ပုံ)**

မီးလောင်မှု ဖြစ်ပွားသည်ကို သိလျှင်သိချင်း မင်းပြား မီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရမှု တစ်စုံတစ်ရာမရှိခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမြင့်ဝေက ပြောကြားသည်။

မီး လောင်ခဲ့သည့် အောင်ပြည့်စုံ အမြန်ယာဉ်ပေါ်၌ ခရီးသည် အမျိုးသား ၃၇ ဦးနှင့် အမျိုးသမီး ၁၅ ဦးစုစုပေါင်း ၅၂ ဦး လိုက်ပါလာကြောင်းသိရသည်။ မီးလောင်မှုကြောင့် အောင်ပြည့်စုံမော်တော်ယာဉ်မောင်း ဦးရဲမင်းထွန်း(၃၂နှစ်)ကို မင်းပြားမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြတ်ဝေ**

# ထော်လာဂျီနှင့် မှန်လုံယာဉ် မျက်နှာချင်းဆိုင်တိုက်၊ နှစ်ဦးသေ

**ပုသိမ် မတ် ၁၃**

ပုသိမ်-ရန်ကုန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၁/၇) နှင့် (၂၂/ ၁) ကြား မဲဇလီအောက်စုကျေးရွာအနီး၌ မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ယာဉ်မောင်း သူရမြင့် (၄၀နှစ်)၊ ပုသိမ်မြို့ အမှတ်(၉)နယ်မြေ သင်္ဘောကျဉ်းနေသူ မောင်းနှင်လာသော ခရီးသည် ၅၀ ခန့်တင်ဆောင်လာသည့် ပုသိမ်-ရန်ကုန် ခရီးသည်ယာဉ် နေလဝင်းမှန်လုံယာဉ်နှင့် ယာဉ်မောင်း မျိုးကိုဦး(၂၉နှစ်) အောက်စုကျေးရွာ မဲဇလီကျေးရွာအုပ်စုနေ မောင်းနှင်လာသည့် ထော်လာဂျီယာဉ်ပေါ်၌ ကုက္ကိုသားခြောက်ထင်းများ သယ်ဆောင်ပြီး မဇင်သူစိုး (၃၅နှစ်) စန်သယော်ကျေးရွာ ထန်းတပင်မြို့နေသူ ပြည့်ဖြိုးအောင်(၂၂ နှစ်) ဆားမလောက်ကျေးရွာ ညောင်တုန်းမြို့နေသူတို့ ခရီးကြုံလိုက်ပါလာသော ထော်လာဂျီ ယာဉ်တစ်စီးသည် လမ်းမကြီး အလယ် အရှိန်ပြင်းစွာ မောင်းနှင်လာရာမှ မျက်နှာချင်းဆိုင်တိုက်မိကာ ထော်လာဂျီယာဉ်တိမ်းမှောက်ပြီး ယာဉ်မောင်း မျိုးကိုဦးတွင် ဒဏ်ရာ(စိုးရိမ်ရ) ရရှိသွားပြီး မဇင်သူစိုးနှင့် ပြည့်ဖြိုးအောင်တို့နှစ်ဦးမှာ ထော် လာဂျီယာဉ်နှင့် ကုက္ကိုသားခြောက်များပိ၍ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။

ပုသိမ်-ရန်ကုန် ခရီးသည်တင်မှန်လုံယာဉ်၌ လိုက်ပါလာသော ဦးသန်းအောင်(၄၂ နှစ်) ပန်းတနော်မြို့နေသူမှာ ဒဏ်ရာအနည်းငယ် ရရှိသွားကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် မဲဇလီနယ်မြေရဲစခန်းမှ ယာဉ်မောင်း မျိုးကိုဦးနှင့် သူရမြင့်တို့နှစ်ဦးကို အရေးယူထားကြောင်း သိရသည်။

"ဖြစ်လာပြန်တော့လည်း သနားစရာ၊ ကရုဏာသက်စရာပါ။ ထော်လာဂျီတွေဟာ လယ်ယာကဏ္ဍမှာသာ အသုံးပြုဖို့ဖြစ်ပါတယ်။ ဒါပေမယ့် အမြန်လမ်းမကြီးတွေပေါ်မှာ ကုန်တင်ယာဉ်ပြုလုပ်နေကြတယ်။ အမြန်ယာဉ်ကြီးတွေနဲ့အတူ ယှဉ်ပြိုင်မောင်းနှင်ကြတယ်။ စပယ်ယာမပါ၊ ဘက်မှန်မရှိ၊ ယာဉ်စည်းကမ်း နားမလည်ကြတော့ ယာဉ်တိုက်မှု၊ ထော်လာဂျီယာဉ်တိုက်မှုတွေ များပြားလာတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး ယာဉ်ထိန်းတာဝန်ခံရဲမှူး စောဝင်းက ပြောသည်။ **ပုသိမ်-လှကြည်**





# မိုင်းခတ်မြို့နယ်၌ ထမင်းအိုးတည်ရာမှတစ်ဆင့် နေအိမ် ၄၈ လုံးမီးလောင်

**မိုင်းခတ် မတ် ၁၃**

ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ် နောင်ဒွန်းကျေးရွာအုပ်စု အင်လုံကျေးရွာ၌ မတ် ၁၂ ရက် ညနေ ၄ နာရီခွဲခန့်က အိမ်ရှင် ဦးအိုက်ယိုး၏ သက်ငယ်မိုး၊ ဝါးကာ၊ ပျဉ်ခင်းနေအိမ်၌ ထင်းမီးဖြင့် ထမင်းအိုးတည်ရာမှ နေအိမ် ၄၈ လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ မီးလောင်ရာနေရာသို့ မီးငြိမ်းသတ်ယာဉ်သွားလာနိုင်ခြင်းမရှိသဖြင့် သန္ဓေမီးသတ် ငါးဦး၊ အရန်မီးသတ် ၁၅ ဦး၊ အပေါ့စားမီးသတ်စက်တစ်လုံးဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် သက်ငယ်မိုး၊ ပျဉ်ခင်း၊ နေအိမ် ၄၈ လုံး၊ သုံးဘီးဆိုင်ကယ် သုံးစီး၊ ဟာလာစက် ခုနစ်လုံး၊ လက်တွန်းထွန်စက် ၁၂ စီး၊ ဆိုင်ကယ် ၂၅ စီး၊ စပါးတင်း ၁၅၀၀နှင့် ဝက်ငါးကောင် မီးလောင်ဆုံးရှုံးသွားကြောင်း အိမ်ထောင်စု ၄၈ စု၊မီးဘေးသင့်ပြည်သူ စုစုပေါင်း ၂၅၈ ဦးတို့အား အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နေရာချထားပေးထားကြောင်းနှင့် ဦးအိုက်ယိုးအား မိုင်းခတ်မြို့နယ်ရဲတပ်ဖွဲ့စခန်းက အရေးယူထားကြောင်းသိရှိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ဓာတ်ပုံ-MFSD**

# တနင်္သာရီမြို့နယ် အရှေ့သမီးလုရွာ၌ မီးလောင်မှုဖြစ်ပွား မီးဘေးသင့်သူများအား စေတနာရှင်များထောက်ပံ့လှူဒါန်း

**တနင်္သာရီ မတ် ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ဘန်လောကျေးရွာအုပ်စု အရှေ့သမီးလုရွာ၌ မတ် ၁၁ ရက်က ဒေါ်နှင်းမေ (၉၂ နှစ်) နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ရာ ၎င်း၏ဓနိမိုး ထရံကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံးနှင့် အနီးရှိ ဦးအေးပု၏ ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံး စုစုပေါင်း နေအိမ်နှစ်လုံးမီးလောင် ဆုံးရှုံးခဲ့သည်။

ထိုသို့ မီးလောင်ကျွမ်းစဉ် ဘန်လောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံကျေးရွာသူ ကျေးရွာသားများက အပေါ့စားမီးသတ်စက်နှစ်လုံးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးက နေအိမ်တစ်အိမ်လျှင် ငွေကျပ် ငါးသောင်းစီ၊ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူရက တစ်အိမ်လျှင် ငွေကျပ် ငါးသောင်းစီကို လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် (၂) ဦးရဲမြင့်ဆွေက ငွေကျပ်ငါးသောင်းစီ၊ မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ ငွေကျပ် သုံးသောင်း၊ ဦးလင်းထိုက် မိသားစုက ငွေကျပ်တစ်သောင်း၊ ဦးကျော်မျိုးသက် မိသားစုက ငွေကျပ်တစ်သောင်းနှင့် အုပ်ချုပ်ရေးမှူး ဦးအေးလွင် မိသားစုက ငွေကျပ်နှစ်သောင်းကိုလည်းကောင်း မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ထိန်ဝင်း(ပြန်/ဆက်)**



# အရှိန်မထိန်းနိုင်သည့်ကား အင်ကြင်းပန်းအဝိုင်းပေါ်ရောက်

**နေပြည်တော် မတ် ၁၃**

နေပြည်တော် ဥတ္တရသီရိမြို့နယ် အင်ကြင်းပန်းအဝိုင်းတွင် မတ် ၁၂ ရက် ည ၇ နာရီခွဲက အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရာဇသင်္ဂဟလမ်းအတိုင်း မြောက်မှ တောင်သို့ ယာဉ်မောင်း ဦးကျော်ထူး (၅၁) နှစ် မောင်းနှင်လာသော ဟွန်ဒါဖစ် အနက်ရောင် ယာဉ်အမှတ် YGN/7H---- ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ အင်ကြင်းပန်းအဝိုင်းအား တိုက်မိပြီး အဆိုပါ အဝိုင်းပေါ်သို့ တက်သွားခဲ့ရာ ယာဉ်၏ ရှေ့ပိုင်းတစ်ခုလုံး ပျက်စီးသွားခဲ့ပြီး ယာဉ်မောင်း ဦးကျော်ထူးမှာ ဒဏ်ရာရရှိကာ နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။



အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင်တိုက်မိ၍ လူတစ်ဦးသေဆုံး

**မကွေး မတ် ၁၃**

မကွေးမြို့ ကန်သာရပ်ကွက်၌ မတ် ၁၂ ရက်က ဆိုင်ကယ်ချင်းမျက်နှာချင်းဆိုင်တိုက်မိ၍ လူတစ်ဦး သေဆုံးသွားခဲ့ကြောင်း နယ်မြေခံရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၂ ရက် နံနက် ၃ နာရီ မိနစ် ၅၀ က ကန်သာ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသဖြင့် ယာဉ်ထိန်းရုံးမှ ဒုရဲအုပ်တင်မောင်ကို သွားရောက်စစ်ဆေးရာ သစ္စာလမ်းအတိုင်း ပြည်တော်သာလမ်းဘက်မှ အထက(၁)လမ်းဘက်သို့ ဟန်သာဖြိုး (၂၉)နှစ် မကွေးမြို့နေသူမောင်းနှင်လာသော ၁၃ယ/------- အနက်ရောင်ဆိုင်ကယ်နှင့် ယင်းလမ်းအတိုင်း မျက်နှာချင်းဆိုင်မှ နောင်နောင်ဇော်(၂၇)နှစ် မကွေးမြို့နေသူမောင်းနှင်သော ၃၆ယ/-------ကမ်ဘိုဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိသဖြင့် ဟန်သာဖြိုးနှင့် နောင်နောင်ဇော်တို့မှာ ဒဏ်ရာများရရှိ၍ တိုင်းဒေသကြီးဆေးရုံသို့ တင်ပို့ကုသစဉ် ဟန်သာဖြိုးမှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှစ်ဦးအား မကွေးမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**



# မဘိမ်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၆၀၀ ဖမ်းမိ

**မဘိမ်း မတ် ၁၃**

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ရမ်းဘိုကျေးရွာအုပ်စု ဒေသအခေါ် မိုးမှောင်ကျတွင် မတ် ၁၂ ရက်က စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဘိမ်းမြို့မရဲစခန်းမှ ဒုတိယစခန်းမှူး ရဲအုပ်ကျော်စန်းဝင်း၊ ရဲအုပ်ဗိုလ်ငွေးနှင့်အဖွဲ့ဝင်များသည် အသိသက်သေများနှင့်အတူ ရမ်းဘိုကျေးရွာအုပ်စု ဒေသအခေါ် မိုးမှောင်ကျတွင် မူးယစ်ဆေးဝါး သတင်းအရ ဦးရန်ချိန်မြင့်၏ မြေစိုက်မိုးကာတဲအတွင်း ဝင်ရောက်ရှာဖွေရာ တဲ၏ နောက်ဘက်ပေါက်နှင့် နှစ်ပေခန့်အကွာ မြေကျင်းတူး၍ မြှုပ်ထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၆၀၀ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၂၃၉၂၀၀၀၀၀ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ အဆိုပါမူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ ရန်ချိန်မြင့် (၄၁နှစ်) ရှာရှစ် တန်းကျေးရွာ နမ့်ခမ်းမြို့နယ် နေသူအား မဘိမ်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စိတ်ကြွရူးသွပ်ဆေးပြား ၅၂၅၀၊ ဘိန်းဖြူ ၅ ဒသမ ၆ ဂရမ်တို့ ဖမ်းဆီးမိ

**ကသာ မတ် ၁၃**

မူးယစ်တပ်စု(၆)ကသာမှ ဒုရဲမှူးရန်နိုင်ထွန်းဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဗန်းမောက်မြို့နယ် မံစီကြီးနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ရဲအုပ်မောင်ဇော် ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် မတ် ၁၂ ရက် ညနေ ၄ နာရီခွဲက ဗန်းမောက်မြို့နယ် ကနန်းဒေသစိတ် ဟော်ယောကျေးရွာ ဦးစံပြည့်၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်း၏ဇနီးဒေါ်မြဝင်းနှင့် လိပ်စောကျေးရွာနေ စိန်ဝင်း၊ ရွှေသန်းတို့ သုံးဦးအားတွေ့ရှိရပြီး ၎င်းတို့ထံမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅၀၊ ကာလတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀ နှင့် ဘိန်းဖြူ ၅ ဒသမ၆ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၅၆၀၀၀၀၊ ငွေစက္ကူရောရာ ငွေကျပ် ၂၈၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့မှ နေအိမ်အားဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အနောက်ခန်းအတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကာလတန်ဖိုး ငွေကျပ် ၁၉၅၀၀၀၀၀ နှင့် ဒေါ်မြဝင်း၏ နေအိမ်အိပ်ခန်းအတွင်းမှ ငွေစက္ကူရောရာ ငွေကျပ် ၃၈၀၀၀၀၀ တို့အား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဗန်းမောက်မြို့မ ရဲစခန်းက ဒေါ်မြဝင်း(၅၃)နှစ် ဗန်းမောက်မြို့နယ်၊ စိန်ဝင်း (၄၃) နှစ်



ဗန်းမောက်မြို့နယ်နှင့် (တစ်ရွာတည်းနေ) ရွှေသန်း (၃၈နှစ်) တို့ သုံးဦးအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

**နေပြည်တော် မတ် ၁၃**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း တပ်မတော် တိုင်းဒေသကြီး ပြည်နယ်ရဲတပ်ဖွဲ့များ၊ မူးယစ်တပ်ဖွဲ့စုများ၊ ရထားရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့က ဘိန်း ၂၈ မှု (အလေးချိန် ၄၄ ဒသမ ၅၇၄၅ ကီလို)၊ ဘိန်းဖြူမှု ၂၀၀ (အလေးချိန် ၄ ဒသမ ၁၉၃၆ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂ မှု (၈၃၄၁၉၆၆ ပြား)၊ ဆေးခြောက် ၁၈မှု(အလေးချိန် ၂၄ ဒသမ ၆၇၄၇ ကီလို)၊ ဘိန်းဆီခဲ နှစ်မှု (အလေးချိန် ၀ ဒသမ ၂၆၉၅ ကီလို)၊ အဆင့်နိမ့်ဘိန်း သုံးမှု (အလေးချိန် ၀ ဒသမ ၀၃၁၈ ကီလို)၊ ဘိန်းဆီရည် တစ်မှု (၀ ဒသမ ၀၉၂၅ လစ်တာ)၊ အက်တက်စီဆေးပြား ၁၀ပြား၊ ဘိန်းစာမှုန့် လေးမှု (အလေးချိန် ၀ ဒသမ ၁၄ ကီလို)၊ စိတ်ကြွအကြေမှုန့် တစ်မှု (အလေးချိန် ၀ ဒသမ ၀၁၉၂ ကီလို)၊ ကဖင်း ၂၂ကီလို၊ အိုက်စ် လေးမှု(အလေးချိန် ၁ ဒသမ ၁၀၀၂ ကီလို)၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၀ ဒသမ ၅ လစ်တာ၊ ဆူဒိုအက်ဖီဒရင်း ဆေးပြား ၁၀၀၀ ၊ Phosphorica Acid နှစ်မှု (၁၀၅၃ လစ်တာ)၊ အရိုးမီးသွေး ကီလို ၃၀၀၊ အက်စီတုန်း လေးလစ်တာ၊ ဗျူပရီနော်ဖင်း ကိုးပြား၊ ထရာမဒေါလ် ကိုးတောင့်၊ မှတ်ပုံတင်ပျက် ကိုးမှုနှင့် အခြားအမှု နှစ်မှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၇၀၁ ဦး၊ အမျိုးသမီးတရားခံ ၁၀၅ ဦး၊ စုစုပေါင်း တရားခံ ၈၀၆ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/9565 Mitsubishi Fuso Truck (8x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိုးအေး ၁၃/လရန(နိုင်)၁၃၆၉၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ဦးပိုင်အမှတ်(၃)၊ ၉×၁၀ကြား၊ ၇၃×၇၆ ကြားရှိ ဦးပြုံး အမည်ပေါက် ဂရန်မြေကွက်အား ဦးလေးဖြစ်သူ ဦးပြုံး (လူပျိုကြီးဘ၀)၊ ဖခင် ဦးဘဆန်း၊ မိခင် ဒေါ်တင်ညွန့်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၃၅၉၁/၂၀၀၈ဖြင့် အမွေဆက်ခံခဲ့သော ဇနီး ဒေါ်နှင်းဥ ကွယ်လွန်သဖြင့် ကျန်ရစ်သော ခင်ပွန်း ဦးသိန်းဆု ၉/မနမ(နိုင်)၀၁၆၀၃၉မှ ဂရန်မူရင်းမှာလက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူ၊ အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၁၊၇)စီးယာဉ်ကြီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)


## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ် (c-၂)၊ ဦးပိုင်အမှတ် (၁၄၆)၊ ၆၂×၆၃၊ ရွှေဝါထွန်း×ဇလပ်ဝါကြားရှိ ဒေါ်အေးမြင့်အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးမြင့်သိန်း ၉/မနမ(နိုင်)၀၈၀၆၂၁မှ မြေဖိုး၊ လမ်းဖိုးပြေစာပျောက်ဆုံး၍ ထုတ်ပေးသည့်ဒဏ်ကြေးပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/၄၊ လူနေရပ်ကွက်အမှတ် နဝဒေးအိမ်ရာ၊ မြေကွက်အမှတ် ၆၈၂၊ ဧရိယာ ၀ဒသမ၁၄၇၈ဧကရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်နှင့်မြေကွက်ပေါ်ရှိ အမှတ် (၂A/၆)၊ (၇၄)လမ်း၊ နဝဒေးအိမ်ရာဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို အမည်ပေါက် အာရှရွှေခြင်္သေ့ အပြည်ပြည်ဆိုင်ရာလီမိတက်ထံမှ ကျွန်မ၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်ပါသည်။

ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်မထံ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်ဝင်းမြင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)**
**အမှတ် (၁၁၀၀)၊ ခရေလမ်း၊ (၃၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၂၀၈၅၈**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဇမ္ဗူအေး(၆)လမ်း၊ အမှတ် (၂၅၉/က) ဦးမြင့်သိန်း (ဘ)ဦးတင်စိန် ၁၂/လမန(နိုင်)၀၈၄၄၁၉မြေချပါမစ် အမည်ပေါက်သည့်မြေအကျယ်(၂၀×၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံနှင့်ရေ၊ လျှပ်စစ်မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်တင်ဝင်း ၁၄/ပတ(နိုင်)၁၀၈၂၄၁မှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နွယ်နွယ်ထွန်း**
**အထက်တန်းရှေ့နေ (စဉ်-၂၉၂၁၀)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့် (၁)၊ အမှတ် (၀၅၅၄)၊ မြေကွက်နှင့် ပတ်သက်၍ မူလပိုင်ရှင် ဦးမြလှိုင် (ခ) မြင့်စိုး (၁၂/သလန (နိုင်) ၀၄၉၅၉၀) ထံမှ ဆက်စပ်စာချုပ်များအရ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်သူ ကျွန်ုပ်၏ မိတ်ဆွေဦးကျော်သူက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့တွင် မြေချပါမစ်ထုတ်ယူမည်ဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ (၁၄) ရက်အတွင်း တရားဝင် စာချုပ်စာတမ်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးချမ်းမြေ့လင်း(LL.B)**
(စဉ်-၂၇၂၆၀)
အထက်တန်းရှေ့နေ
အမှတ် (၈၃/၇) (ပထမထပ်) ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၃၈၅၂၀၅ , ၀၉ - ၄၄၈၀၀၄၈၁၂

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၁၂)၊ ဦးပိုင်အမှတ် ၂-ဗ၊ ၃၀×၃၁ကြား၊ ၇၅×၇၆ကြားရှိ ဦးဗယ်လားအမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးဗယ်လား၊ မိခင်ဒေါ်မွန်နီး၊ (သား) ဦးသိန်းရွှေတို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သူ (သားများနှင့်ချွေးမ)တို့ဖြစ်သော ဦးတင်အောင် ၉/မရမ(နိုင်)၀၆၀၃၈၇၊ ဦးလှရွှေ ၉/မရမ(နိုင်)၀၆၀၃၈၉၊ ဒေါ်အန်ဂျလင်း(ခ)အိအိလင်း ၉/မရတ(နိုင်)၀၇၄၀၀၉ တို့မှ ဘိုးဘအမည်ပေါက်မြေပုံ၊ တရားရုံးကျမ်းကျိန်ချက်၊ သေဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# လက်ရွေးစင်ကစားသမားဟောင်းကြီးများသင်ကြားပေးမည့် ဘောလုံးသင်တန်းဖွင့်

ပုသိမ် မတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ယခင် ဧရာဝတီတိုင်း လက်ရွေးစင်ဘောလုံးအားကစားသမားဟောင်းကြီးများအစည်းအရုံးကကြီးမှူး၍ နွေရာသီအခြေခံ ဘောလုံးအားကစားသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲကို မတ် ၁၃ ရက် ညနေ ၃ နာရီခွဲက ပုသိမ်မြို့ကျောက်တိုင်အားကစားကွင်း၌ ဖွင့်လှစ်ရာ ကျောင်းပေါင်းစုံမှ လူငယ်ဘောလုံးအားကစားဝါသနာရှင် ၅၀ ကျော် တက်ရောက်ကြောင်းသိရသည်။

အဆိုပါသင်တန်း၌ ယခင်တိုင်းလက်ရွေးစင် ဘောလုံးအားကစားသမားဟောင်းကြီးများဖြစ်ကြသော ဦးသန်းရွှေ၊ ဦးဖိုးဝင်း၊ ဦးတင်ရွှေ၊ ဦးခင်မောင်ဝင်း၊ ဦးမျိုးသူရိန်၊ ဦးကိုကိုလေးတို့က အခြေခံဘောလုံးပညာကို ဧပြီ ၁၅ ရက်အထိ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ **ပုသိမ်-လှကြည်**



# နွေရာသီဘောလုံးသင်တန်းအတွက် ဘောလုံးများထောက်ပံ့

ရန်ကုန် မတ် ၁၂

မရမ်းကုန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံဘောလုံးသင်တန်းသို့ အနောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိမော် လာရောက်ကြည့်ရှုစစ်ဆေးပြီး ဘောလုံးအလုံးရေ ၃၀ လုံး ထောက်ပံ့ပေးရာ နည်းစနစ်မှူး ဒေါ်ဖြူဖြူဝေက လက်ခံရယူပေးကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

❖ *ကျောဖုံးမှ*

အမှားအယွင်းများခဲ့သည်။ ဟံသာဝတီနောက်ခံလူများမှာ ရတနာပုံတိုက်စစ်မှူးများဖြစ်သည့် အောင်သူနှင့်မာတူနာကို မထိန်းနိုင်ခဲ့၍ အခွင့်အရေးများပေးခဲ့ရသည်။ ၂၄ မိနစ်တွင်ရတနာပုံအသင်း အဖွင့်ဂိုးရခဲ့ပြီး ရဲကိုဦး၏ ဖန်တီးပေးမှုကို အောင်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံ ကစားပုံပိုကောင်းလာပြီး ၂၆ မိနစ်တွင် ဟံသာဝတီနောက်ခံလူ ဂျော့ဂျီ၏ အမှားမှတစ်ဆင့် မာတူနာရကာ ဒုတိယဂိုးသွင်းယူခဲ့သည်။ ၃၄ မိနစ်တွင် မာတူနာက ရတနာပုံအတွက် တတိယဂိုးသွင်းယူခဲ့ပြီး တစ်မိနစ်အကြာတွင် ဘမ်ဘာက ဟံသာဝတီအတွက် ချေပဂိုးတစ်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက အချိန်အတော်များများ ဖိကစားနိုင်ခဲ့ပြီး ရတနာပုံအသင်းက တန်ပြန်တိုက်စစ်ဖြင့်သာ အဓိက တိုက်စစ်ဆင်ခဲ့သည်။ ဟံသာဝတီအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရှိနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ မောင်မောင်လွင်၏ ပြစ်ဒဏ်ဘောကန်ချက် ဘားထိထွက်ခဲ့ပြီး ဘမ်ဘာ၏အပိုင်ကန်သွင်းချက်များ လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ ပွဲချိန်မိနစ် ၆၀ ကျော်တွင် ရတနာပုံနည်းပြချုပ် ရီနေး ကွင်းအတွင်းမှ ထုတ်ပယ်ခံခဲ့ရသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် မကွေးနှင့် ရှမ်းယူနိုက်တက်တို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ၄၁ မိနစ်တွင် ကိုကိုနိုင်က မကွေးအတွက် ဂိုးစတင်သွင်းယူခဲ့၍ ရှမ်းအသင်းနောက်မှလိုက်ကစားခဲ့ရသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်က ချေပဂိုးရရှိရန် တိုက်စစ်မြှင့်ခဲ့ပြီး ၈၁ မိနစ်တွင် ဇင်မင်းထွန်းက ချေပဂိုးပြန်သွင်းခဲ့သည်။

ပွဲစဉ်(၁၀)အပြီးတွင် ရတနာပုံအသင်းက ၁၀ ပွဲကစား ၂၆ မှတ်ဖြင့် ပထမအကျော့မပြီးဆုံးမီ ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး ဟံသာဝတီအသင်းက ၁၀ ပွဲကစား ၂၁ မှတ်၊ ဧရာဝတီအသင်းက ၁၀ ပွဲကစား ၁၇ မှတ်၊ လက်ရှိချန်ပီယံရန်ကုန်အသင်းက ကိုးပွဲကစား ၁၆ မှတ်၊ ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်းတို့က ၁၄ မှတ်စီ၊ မကွေးအသင်းက ၁၃ မှတ်၊ ဇေယျာရွှေမြေအသင်းက ၁၂ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရခိုင်အသင်းက ၁၀ မှတ်၊ Horizon အသင်းက လေးမှတ်၊ Southern အသင်းက သုံးမှတ်တို့ ရရှိထားသည်။ ရန်ကုန်-ဇွဲကပင်ပွဲကို ရွှေ့ဆိုင်းထား၍ ယင်းနှစ်သင်းမှာ ကိုးပွဲစီသာ ကစားရသေးပြီး ပထမအကျော့ နောက်ဆုံး ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၁)ကို ဧပြီ ၂ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

## ဥရောပလိဂ် ဘောလုံးပွဲများ အနိုင်အရှုံး

၁၂/ ၁၃ - ၃ - ၂၀၁၆


| | | |
|---|---|---|
| ထရှိုင်ယက်စ် | ၀-၉ | ပီအက်စ်ဂျီ |
| လော့ရီယန် | ၁-၁ | မာဆေး |
| ဂူအင်ဂမ့် | ၂-၀ | စိန့်အီတီယန် |
| အဂျာဇီယို | ၁-၀ | ကိန်း |
| မောင့်ပယ်လီယာ | ၀-၂ | နိုက်စ် |
| ဘက်စတီယာ | ၁-၂ | လိုင်လီ |
| တူးလော့ | ၄-၀ | ဘော်ဒိုး |
| အမ်ပိုလီ | ၁-၁ | ဆမ်ဒိုးရီးယား |
| ချီယေဗို | ၀-၀ | အေစီ |
| ဘာစီလိုနာ | ၆-၀ | ဂီတာဖေး |
| ဆယ်တာဗီဂို | ၁-၀ | ဆိုဆီဒက် |
| အက်သလက်တီကို | ၃-၀ | ဒီပို့တီဗို |
| ဗယ်လက်ကာနို | ၁-၁ | အီဘာ |

❍ *ကျောဖုံးမှ*

ပွဲအပြီးတွင် ဝက်ဖို့ဒ်ကို အာဆင်နယ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲများအနက် အဲဗာတန်နှင့် ချယ်လ်ဆီးတို့ပွဲကို မတ် ၁၃ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်တို့က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးတို့အနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်ပီအက်စ်ဂျီကို နှစ်ကျော့စလုံး ရှုံးနိမ့်သဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရပြီးနောက် မျှော်လင့်စရာဖလားဆို၍ အက်ဖ်အေဖလားသာ ကျန်ရှိတော့ရာ ယခုပွဲတွင် အနိုင်ရရှိရေး ကြိုးစားခဲ့သည်။ အဲဗာတန်တို့ကလည်း အိမ်ရှင်ပီပီ ချယ်လ်ဆီးကို ပြန်လည်တုံ့ပြန်ကစားနိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ပေ။



ဝက်ဖို့ဒ်အတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး အစ်ဟာလို သွင်းယူစဉ်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ကစားခဲ့ပြီး ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ အဲဗာတန်အတွက် အဖွင့်ဂိုးကို ၇၈ မိနစ်တွင် တိုက်စစ်မှူး လူကာကူက သွင်းယူပေးပြီး အနိုင်သေချာမည့် ဒုတိယဂိုးကိုလည်း ၈၂ မိနစ်တွင် လူကာကူကပင် သွင်းယူပေးသည်။ ယခုပွဲတွင်နှစ်ဖက်အသင်းကစားသမားများ ပြိုင်ဆိုင်မှုပြင်းထန်သောကြောင့် ၈၄ မိနစ်တွင် ချယ်လ်ဆီးမှ ကော်စတာ၊ ၈၇ မိနစ်တွင် အဲဗာတန်မှ ဘာရီတို့ နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။ **သီဟ**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် FF/7918 Toyota Corolla FIELDER S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းညွန့် ၁၂/တတန(နိုင်)၀၀၀၂၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5E/9564 Mitsubishi Fuso Truck(8×4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိုးအေး ၁၃/လရန(နိုင်)၁၃၆၉၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

**မွေးနေ့မင်္ဂလာတောင်းဆုလွှာ**

ချစ်ခင်မြတ်နိုးရသော ကျေးဇူးရှင်ဖေဖေ ဦးလှငွေး (လ/ထ မြို့နယ်ပညာရေးမှူး -ငြိမ်း) ၏ (၁၄. ၃. ၂၀၁၆) ရက်နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့နိုင်ပါစေ။

ချစ်သား-ကိုအောင်မြတ်ကျော်၊ သမီး-မကဗျာသွယ်

ချစ်မြေး-မမေသင်းကဗျာ၊ မောင်ထက်ဦးဝေယံ

ဆရာအာသာ SUCCESS (မြို့လယ်ကျောင်း) Language Academy
အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်၊ 202046, 392048

သူငယ်တန်းဖြေမှ (၉)တန်းဖြေကလေးများအတွက်
4-Skill English (Level 1 to 5)
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March 14 စပါပြီ။
သင်တန်းကြေး-၆၀၀၀၀/
ကျောင်းကားစုံစမ်းနိုင်ပါသည်။

၈ တန်းအထောက်အကူပြု
(၆+၇)တန်း ဖြေဆိုထားသူများအတွက်
Grammar သင်တန်းများ ၄၀၀၀၀/
7:30 - 9 (Mon to Thurs) Mar 14
1 - 2:30 (Mon to Thurs) Mar 14

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု
(၆+၇) တန်းဖြေ - Level 1
(၈+၉) တန်းဖြေ - Level 2
Letter Writing + Essay
7:30-10:30 (Sat + Sun) Mar 12
12 - 3:00 (Sat + Sun) Mar 12 } စပါပြီ။

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူ နှင့် အလုပ်ကောင်းရလိုသူများအတွက်

BASIC ENGLISH SPEAKING
10-11:30 (Mon ~ Thurs) 7 Mar
1 - 4:00 (Sat + Sun) 12 Mar
1 - 2:30 (Mon ~ Thurs) 21 Mar
7:30 - 9 (Mon ~ Thurs) 28 Mar

BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 12 Mar
7:30 - 9 (Mon ~ Thurs) 14 Mar
1 - 2:30 (Mon ~ Thurs) 14,28 Mar
6 - 7:30 (Mon ~ Thurs) 14 Mar
9:00-12:00 (Sat + Sun) 20 Mar
10-11:30 (Mon ~ Thurs) 21 Mar

PRE-INTERMEDIATE (4-SKILL ENGLISH)
6 - 7:30 (Mon ~ Thurs) 16 Mar
12 - 3:00 (Sat + Sun) 19 Mar
10-11:30 (Mon ~ Thurs) 21 Mar
1 - 2:30 (Mon ~ Thurs) 28 Mar

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 14 Mar

VOCAB ENRICHMENT
1 - 2:30 (Mon ~ Thurs) 28 Mar

BASIC GRAMMAR
9 - 12:00 (Sat + Sun) 12 Mar

IELTS (Four Skills)
1 - 4:30 (Sat + Sun) 19 Mar
1 - 3:30 (Mon ~ Thurs) 28 Mar

IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 25 Apr

IELTS (Reading)
1 - 3:00 (Mon ~ Thurs) 25 Apr

IELTS (Writing)
7:30 - 9 (Mon ~ Thurs) 7 Mar
7:30-10:30 (Sat + Sun) 19 Mar

IELTS (Grammar)
10-11:30 (Mon ~ Thurs) 25 Apr

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 14 Mar
12 - 3:00 (Sat + Sun) 19 Mar

BASIC GRAMMAR
7:30-10:30 (Sat + Sun) 19 Mar

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30-10:30 (Sat + Sun) 12 Mar
1 - 2:30 (Mon ~ Thurs) 14 Mar
4:30-7:30 (Sat + Sun) 19 Mar

BASIC FOUR SKILLS ENGLISH
4:30-7:30 (Sat + Sun) 12 Mar
10-11:30 (Mon ~ Thurs) 14 Mar
1:30-4:30 (Sat + Sun) 19 Mar
7:30-10:30 (Sat + Sun) 20 Mar
3:30 - 5 (Mon ~ Thurs) 28 Mar
6 - 7:30 (Mon ~ Thurs) 28 Mar

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 7 Mar
4:30-7:30 (Sat + Sun) 19 Mar

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု
(၈+၉) တန်းဖြေထားသူများအတွက်
Letter Writing + Essay သင်တန်းများ ၄၀၀၀၀/
7:30-10:30 (Sat + Sun) 12 Mar
7:30-9:00 (Mon to Thurs) 14 Mar

၈ တန်းအထောက်အကူပြု
(၆+၇)တန်း ဖြေဆိုထားသူများအတွက်
Grammar သင်တန်း
12 - 3:00 (Sat + Sun)
March 12 စပါပြီ။ ၄၀၀၀၀/

# ကျွန်တော်နဲ့ ခရိုနီအရင်းရှင်စီးပွားရေးစနစ်



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော် ဒီဆောင်းပါး ရေးသင့် မရေးသင့် အတော်လေးစဉ်းစားခဲ့ပါတယ်။ ဂျာနယ်တွေမှာ ခရိုနီအကြောင်းကို အမြဲရေးနေကြတယ်။ ခရိုနီတွေအဖြစ် စွပ်စွဲခြင်းခံရတဲ့သူတွေကို ရှုထောင့်အမျိုးမျိုးက မိမိရဲ့အယူအဆတွေကို ဖော်ထုတ်နေကြတယ်။ ဒါကြောင့် ဒီအကြောင်း ကျွန်တော်ရေးရင် ဘာများထူးပါ့မလဲဆိုပြီး တွေးမိတာ။ ဒါပေမယ့် ရေးသားခဲ့တာကို ဖတ်ပြီးတစ်ခုခုလိုနေတယ်။ မပြည့်စုံဘူးလို့ ယူဆမိတာကြောင့် အခုလိုရေးမိခဲ့တာ။

ပထမဦးဆုံးက ခရိုနီဆိုတဲ့ဝေါဟာရရဲ့အဓိပ္ပာယ်။ အမှန်က ခရိုနီဆိုသူဟာ မိမိနဲ့ရင်းနှီးသူ မိမိရဲ့သူငယ်ချင်း တစ်ယောက်အကြောင်းတစ်ယောက်သိတယ်၊ သူဟာ ငါ့ရဲ့ ခရိုနီလို့ပြောရင် သူနဲ့ငါ ရင်းနှီးမှုရှိတယ်။ ပတ်သက်တယ်လို့ဆိုတာ ဖြစ်တယ်။ ဒါကြောင့် လူတိုင်းမှာ ခရိုနီဆိုတာရှိကြတာပဲ။ ပုလင်းတူ ဘူးဆို့တွေ၊ ကျောင်းနေဘက်သူငယ်ချင်းတွေ၊ ပြောမနာဆိုမနာတွေဟာ ခရိုနီတွေသာ ဖြစ်တယ်။ ဒါပေမယ့် အခုလို ရိုးရိုးသားသားရှိနေတဲ့ အနေအထားတစ်ခုကို စီးပွားရေးနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်မှာ အသုံးပြုတဲ့အခါ အဓိပ္ပာယ်က တစ်မျိုးဆောင်သွားပါတယ်။ ရင်းနှီးမှု၊ ခင်မင်မှုကို အလွဲသုံးစားပြုပြီး ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေထက် ပိုပြီးယူလာကြတာကို ပြောကြတာဖြစ်တယ်။ မြန်မာပြည်မှာတော့ ခရိုနီတွေ လွန်ခဲ့တဲ့ခေတ်တစ်ခေတ်မှာ စတင်ပေါ်ပေါက်လာပြီး နေ့ချင်းညချင်း ကြွယ်ဝချမ်းသာလာကြတာကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရတယ်။ စီးပွားရေးရဲ့ အခြေခံအယူအဆတစ်ခုက ယှဉ်ပြိုင်မှုဖြစ်တယ်။ ယှဉ်ပြိုင်မှုအားကောင်းလေလေ စားသုံးသူများအတွက် အကျိုးကျေးဇူးရလေလေလို့ ဆိုကြတယ်။ ယှဉ်ပြိုင်မှု စီးပွားရေးအရ ထိရောက်မယ်၊ စွမ်းရည်ပြည့်ဝမယ်လို့ လက်ခံကြတယ်။ ဒီယှဉ်ပြိုင်မှုဟာ တရားတဲ့ယှဉ်ပြိုင်မှုဖြစ်ဖို့ မြေညီကွင်းဖြစ်ရမယ်လို့ အားလုံးက လက်ခံကြတယ်။ အင်္ဂလိပ်လိုတော့ level playing လို့ ခေါ်ပါတယ်။ ခရိုနီအရင်းရှင် စီးပွားရေးစနစ်မှာ အခုလို တရားတဲ့ယှဉ်ပြိုင်မှုမရှိဘဲ ဘက်လိုက်တဲ့ မျက်နှာလိုက်တဲ့ သဘောဖြစ်ပါတယ်။ ခရိုနီအရင်းရှင်စီးပွားရေးစနစ်ဟာ နိုင်ငံတိုင်းလိုလိုမှာ ရှင်သန်နေတာ တွေ့ရပါတယ်။ လက်ရှိကာလ အမေရိကန်ပြည်ထောင်စုမှာ ၂၀၁၆ နိုဝင်ဘာလမှာ ကျင်းပမယ့် သမ္မတရွေးကောက်ပွဲအတွက် ယှဉ်ပြိုင်မယ့် သမ္မတလောင်းတွေက မဲဆွယ်နေကြတယ်။ အခုလို တစ်ယောက်နဲ့ တစ်ယောက်အပြိုင်အဆိုင် အနိုင်လုနေကြတဲ့အချိန်မှာ တစ်ဦးနဲ့တစ်ဦး ခရိုနီအရင်းရှင်စီးပွားရေးစနစ်ကို ထောက်ခံအားပေးသူဆိုပြီး ဝေဖန်အပြစ်တင်နေကြတာ တွေ့ရတယ်။ ယှဉ်ပြိုင်မှုကို အမြဲအားပေးနေတဲ့ နိုင်ငံမှာတောင် အခုလို ဖြစ်နေတာ အံ့သြစရာပါပဲ။ အင်ဒိုနီးရှားနိုင်ငံမှာလည်း တစ်ချိန်တုန်းက ခရိုနီအရင်းရှင်စီးပွားရေးစနစ်ဟာ ရှင်သန်ကြီးထွားခဲ့တယ်။ စီးပွားရေးအရ အလွန်အောင်မြင်လာတယ်လို့ ပြောနိုင်တဲ့ တောင်ကိုရီးယားနိုင်ငံမှာလည်း ခရိုနီအရင်းရှင်စီးပွားရေးစနစ်ဟာ ရှင်သန်လျက်ရှိနေပြန်တယ်။ အမှန်တော့ နိုင်ငံရေးအာဏာနဲ့ စီးပွားရေးဩဇာကို အထိန်းအကွပ်အဖြစ် ပေါင်းစပ်နေရင် ခရိုနီအရင်းရှင်စီးပွားရေးစနစ် ပေါ်ပေါက်လာမှာသာ ဖြစ်တယ်။

ခရိုနီအရင်းရှင်စီးပွားရေးစနစ်ဟာ နိုင်ငံတစ်နိုင်ငံမှာ ကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်နဲ့ ဆက်စပ်နေတာ တွေ့ရတယ်။ တစ်နည်းပြောရင် ကျွန်တော် မကြာခဏပြောနေတဲ့ နိုင်ငံရေးဘောဂဗေဒဖြစ်တယ်။ နိုင်ငံရေးနဲ့ စီးပွားရေးကို ခွဲခြားလို့မဖြစ်နိုင်ပါဘူး။ ဒီမိုကရေစီနိုင်ငံရေးစနစ်ကျင့်သုံးတဲ့ နိုင်ငံတွေမှာ ခရိုနီအရင်းရှင်စီးပွားရေးစနစ် ကြီးထွားရှင်သန်ဖို့ အခြေအနေအားနည်းပါတယ်။ ပွင့်လင်းမြင်သာမှုကို အခြေခံတဲ့ မိမိတို့ထောက်ခံအားပေးတဲ့ ပြည်သူတွေကို ကိုယ်စားပြုတဲ့ ဒီမိုကရေစီစနစ်အတွင်း လက်သိပ်ထိုး ကျင့်ကြံတဲ့ ခရိုနီအရင်းရှင်စီးပွားရေးစနစ်ရှိဖို့ ခက်ခဲလှပါတယ်။ ဥပဒေအရ ပုံစံအမျိုးမျိုးနဲ့ ကြီးကြပ်ထိန်းသိမ်းနိုင်မှသာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ခရိုနီအရင်းရှင်စီးပွားရေးစနစ်ကို သုံးသပ်ရင် ခရိုနီနဲ့ ခရိုနီစနစ်ကို ခွဲခြားဖို့ အရေးကြီးပါတယ်။ တစ်နည်းပြောရရင် လူနဲ့မှုကို ကွဲကွဲပြားပြား ခွဲခြားနိုင်စွမ်းရှိရမှာဖြစ်တယ်။ ကျွန်တော် စောစောက တင်ပြခဲ့သလို ခရိုနီဆိုတာက ရှိနေမှာပါပဲ။ လူရယ်လို့ဖြစ်လာရင် အပေါင်းအသင်းမိတ်ဆွေသူငယ်ချင်းရှိကြတာပဲ။ ခင်မင်ရင်းနှီးတဲ့သူတွေနဲ့ လှုပ်ရှားနေကြရတာဖြစ်တယ်။ ကျောင်းနေဘက် သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဘက်တွေဟာ မိမိရဲ့ခရိုနီ တွေဖြစ်တယ်။ အခုလို ခရိုနီတွေရှိနေတာနဲ့ ရင်းနှီးမှု အဆက်အသွယ် အပေါင်းအသင်းကို မတရားသောနည်းနဲ့ အခွင့်အရေးယူတာကိုတော့ လက်ခံလို့မဖြစ်ပါဘူး။ နိုင်ငံရေး၊ လူမှုရေးနဲ့ စီးပွားရေးနယ်ပယ်တွေမှာ ခရိုနီ စနစ်ကို တတ်နိုင်သမျှ ရင်ဆိုင်ဖြေရှင်းရမှာသာ ဖြစ်ပါတယ်။

> **ခရိုနီအရင်းရှင်စနစ်ဟာ အဂတိလိုက်စားမှုနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ အဂတိလိုက်စားမှုများလေလေ ဒီစနစ်ကြီးဟာ ကြီးထွားလေလေ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုကို ထိထိရောက်ရောက် တိုက်ဖျက်ဖို့လိုအပ်တယ်။ နမူနာပြနိုင်ဖို့ အရေးကြီးတယ်။ အခုတော့ အဂတိလိုက်စားမှုဟာ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းမှာ အမြစ်တွယ်နေခဲ့**

ခရိုနီအရင်းရှင်စီးပွားရေးစနစ်ကို လုံးဝပပျောက်အောင် ဆောင်ရွက်နိုင်စွမ်း မရှိနိုင်ပေမယ့် ဒီစနစ်ကို ထိန်းသိမ်းစီမံလို့ ရနိုင်ပါတယ်။ ရမယ်လို့လည်း ယုံကြည်မိပါတယ်။ အရေးကြီးဆုံးက ဒီစနစ်ကြီးထွားစေတဲ့ ယဉ်ကျေးမှုကို တိုက်ဖျက်ဖို့ဖြစ်ပါတယ်။ ယဉ်ကျေးမှုလို့ ပြောရာမှာ ပတ်ဝန်းကျင်ကို ရည်ညွှန်းတာသာ ဖြစ်ပါတယ်။ မတရားတာကို လက်ခံတဲ့၊ ခွင့်လွှတ်တဲ့စနစ်ကို ရင်ဆိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် တရားဥပဒေစိုးမိုးရေးဟာ အဓိကကျတယ်။ လက်တစ်လုံးကြားလုပ်တာ ဥပဒေကို မျက်ကွယ်ပြုတာတွေကို ရဲရဲဝံ့ဝံ့ရင်ဆိုင်အရေးယူရမှာ ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ ဥပဒေမရှိတာ မဟုတ်ပါဘူး။ နည်းတာထက် များတဲ့ဘက်က သာပိုနေတာ။ ဒါပေမယ့် ရှိတဲ့ဥပဒေကို မလိုက်နာတာ တာဝန်ရှိသူတွေက မလေးစားတာ၊ အာဏာကိုသုံးပြီး ကိုယ်လိုသလို လျစ်လျူရှုတာမို့ ရှိတဲ့ဥပဒေဟာ အဲလို အားနည်းနေတာ တွေ့ရတယ်။ တစ်ဖက်မှာလည်း ပွင့်လင်းမြင်သာမှုမရှိဘဲ ဘယ်သူက ဘယ်အချိန်က ဘယ်လိုအခွင့်အရေးတွေကို ဘယ်လိုနည်းနဲ့ ရသွားတာတွေ မသိရတာမို့ အခြေအနေတွေက ဆိုးလာခဲ့တာဖြစ်တယ်။ ခရိုနီအရင်းရှင် စီးပွားရေးစနစ်ကို အားပေးတာက ကိုယ်ကျိုးစီးပွား ပဋိပက္ခပဲ ဖြစ်တယ်။ အာဏာရရင် အခွင့်အရေးရတယ်ဆိုတဲ့ အယူအဆက ယဉ်ကျေးမှုတစ်ရပ်ဖြစ်နေတယ်။ မိဘလုပ်သူက ရာထူးရထားရင် သားသမီးတွေအနေနဲ့ မပတ်သက်အောင် ဆင်ခြင်ရမှာ ဖြစ်တယ်။ ကျွန်တော် အမြဲပေးတဲ့ ဥပမာတစ်ခုရှိပါတယ်။ ကျောင်းအုပ်ဆရာကြီးရဲ့ ဇနီးသည်ဟာ အချက်အပြုတ်ကောင်းတယ်ဆိုပါစို့။ မုန့်ဟင်းခါးဟာ လူကြိုက်များခဲ့ရင် သူ့အနေနဲ့ ခင်ပွန်း တာဝန်ယူထားတဲ့ကျောင်းမှာ ဈေးရောင်းဖို့မစဉ်းစားသင့်ပါဘူး။ လုပ်ခဲ့ရင် စားသုံးတဲ့ ကျောင်းသား ကျောင်းသူ မိဘတွေဟာ ဆရာကြီးကို မျက်နှာလုပ်ချင်လို့ ဝယ်စားတဲ့အဖြစ်မျိုးမဖြစ်ရအောင် ရှောင်သင့်ပါတယ်။ ဝမ်းရေးအတွက်ရောင်းချမယ်ဆိုရင်တောင် သူ့ခင်ပွန်းရဲ့ ကျောင်းမှာမရောင်းဘဲ အခြားနေရာတွေမှာ ရောင်းချနိုင်မှသာ ဖြစ်ပါတယ်။

ခရိုနီအရင်းရှင်စီးပွားရေးစနစ်ကို ကြီးထွားအောင် အားပေးတဲ့ နောက်အချက်တစ်ခုကတော့ သူများမှာမရှိတဲ့ သတင်းအချက်အလက်တွေကို မိမိကိုယ်ကျိုးစီးပွားအတွက် အလွဲအသုံးချလုပ်တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်ကာလက မော်တော်ယာဉ်တင်သွင်းတဲ့ ပေါ်လစီတွေ ပြောင်းလဲတော့မယ်ဆိုတဲ့သတင်းကို ကြိုတင်ရထားပြီး ကားဟောင်းတွေကို အောက်ဈေးပေးပြီးတော့ ရောင်းချပေးပြီး ကားစလစ်တွေကိုရယူပြီး ကားအသစ်တွေကို သွင်းခဲ့တာသိခဲ့ရတယ်။ ဒါတွေက ပေါ်လစီချမှတ်တဲ့သူတွေနဲ့ နီးစပ်မှုရှိသူတွေက ကြိုတင်သိထားပြီး အခွင့်အရေးယူခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက တော်လှန်ရေးကောင်စီခေတ်မှာ ငွေတွေသိမ်းတော့မယ်ဆိုတာ ကြိုတင်သိတော့ မိမိလက်ထဲမှာရှိတဲ့ငွေတွေကို ဈေးသွားဝယ်စေတဲ့ အဖြစ်ကို သတိရမိပြန်တယ်။

ကျွန်တော့်အနေနဲ့ ခရိုနီအရင်းရှင်စီးပွားရေးစနစ်ကို ရင်ဆိုင်နိုင်ဖို့ စဉ်းစားသင့်တဲ့ မဟာဗျူဟာတွေကို တင်ပြဆွေးနွေးချင်ပါတယ်။ ပထမဦးဆုံးကတော့ စီးပွားရေးလုပ်ငန်းတွေကို စီမံအုပ်ချုပ်ရာမှာ ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုကို ကျင့်သုံးဖို့ဖြစ်ပါတယ်။ အရေးအကြီးဆုံးက ပိုင်ဆိုင်မှုနဲ့စီမံအုပ်ချုပ်မှုတာဝန်ကို ခွဲခြားနိုင်ဖို့ဖြစ်ပါတယ်။ များသောအားဖြင့် စီးပွားရေးလုပ်ငန်းတွေမှာ ပိုင်ရှင်လုပ်သူတွေကိုယ်တိုင်ပါဝင်ပြီး စီမံအုပ်ချုပ်နေကြတယ်။ အမှန်တော့ ပိုင်ဆိုင်မှုကို မစွန့်လွှတ်ဘဲ ကျွမ်းကျင်တဲ့ စီမံခန့်ခွဲသူတွေကိုတာဝန်ပေးခဲ့ရင် ခရိုနီစနစ်ကို အားပေးရာရောက်ပါတယ်။ ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုကို ကျင့်သုံးပါက တာဝန်ယူမှု၊ တာဝန်ခံမှုရှိရုံမက တရားမျှတမှု၊ ပွင့်လင်းမြင်သာရှိမှု စတာတွေဟာ မြင့်မားလာမှာသာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးအဆောက်အအုံကိုသုံးသပ်ရင် ၉၀ ရာခိုင်နှုန်းခန့်ဟာ မိသားစုစီးပွားရေးတွေဖြစ်ပြီး အများပိုင်လို့ခေါ်တဲ့ကုမ္ပဏီတွေဟာလည်း အနည်းစုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ဦးပိုင်၊ အများပိုင်ဆိုတာထက် ဒီလုပ်ငန်းတွေကို ဘယ်ပုံဘယ်နည်း စီမံနေသလဲဆိုတာက အရေးကြီးလှပါတယ်။ သူများက အများပိုင်ဖြစ်တာမို့ ကိုယ်ကလည်းအများပိုင်လုပ်ရုံနဲ့ မပြည့်စုံပါဘူး။ အရေးကြီးတာက သီလသမာဓိရှိရှိနဲ့ စီမံအုပ်ချုပ်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပုံသဏ္ဌာန်နဲ့ အနှစ်သာရမကွဲပြားတဲ့ဒုက္ခက ကြီးမားလှပါတယ်။ မကြာသေးခင်က ရန်ကုန်စတော့အိတ်ချိန်းကို ခမ်းခမ်းနားနားဖွင့်လှစ်ခဲ့တယ်။ ဒါပေမယ့် ဖွင့်ပြီးတဲ့အချိန်ကစပြီး ယနေ့အထိ လှုပ်ရှားမှုမရှိသေးဘူး။ အဆောက်အအုံဖွင့်လှစ်တာက သိပ်မခက်လှဘူး။

ဒါပေမယ့် ဒီစတော့အိတ်ချိန်းကို ကျကျနနလှုပ်ရှားနိုင်ဖို့က အချိန်ယူရမယ်။ အခြေခံလိုအပ်ချက်တွေက အများကြီး။ ဒါတွေကို အဆင်သင့်မဖြစ်ခင် ဖွင့်လိုက်တာ။ ဖွင့်ပါတယ်ဆိုတာ တစ်ခုပဲပြောနိုင်တာဖြစ်တယ်။ ဒီအိတ်ချိန်းမှာ ပါဝင်နိုင်မယ့်အရည်အချင်းရှိတဲ့ ကုမ္ပဏီတွေဟာ နည်းပါးတာမို့ ဖွင့်လှစ်ပြီးချိန်မှာတောင် ရှင်သန်စွာလုပ်နိုင်ဖို့ အလွန်ကြိုးစားရမှာသာဖြစ်တယ်။ အခုလို အကျင့်ပါနေတဲ့ ယဉ်ကျေးမှုကိုတော့ ရဲရဲဝံ့ဝံ့ရင်ဆိုင်ရမှာသာဖြစ်ပါတယ်။

ခရိုနီအရင်းရှင်စီးပွားရေးစနစ်ကို တုံ့ပြန်နိုင်ဖို့ တစ်ဖက်က လူမှုရေးတာဝန်ကျေတဲ့စီးပွားရေးလုပ်ငန်းတွေကို အားပေးအားမြှောက်ပြုဖို့ လိုအပ်မှာဖြစ်တယ်။ တစ်နည်းပြောရရင် ခရိုနီအဖြစ်သတ်မှတ်ခြင်းခံရသူတွေ ပိုင်ဆိုင်ကြီးကြပ်တဲ့ စီးပွားရေးလုပ်ငန်းတွေကို လူမှုရေးတာဝန်ကျေမှုနဲ့ ပတ်သက်ပြီး အသိပေးရုံသာမက ထင်သာမြင်သာတဲ့ ဆောင်ရွက်ချက်များကို ပြုလုပ်စေရမှာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံသာမက တစ်ကမ္ဘာလုံးမှာလည်း ကြိုးစားဆောင်ရွက်နေတာဖြစ်တယ်။ ဒီလှုပ်ရှားမှုကို စီအက်စ်အာလို့ခေါ်ဝေါ်သတ်မှတ်ပါတယ်။ ကျွန်တော်ဟာ စီအက်စ်အာနဲ့ ပတ်သက်ပြီး မြန်မာပြည်ကို ၂၀၀၈ ခုနှစ် ပြန်ရောက်ကတည်းက ဟောပြောတိုက်တွန်းခဲ့ပါတယ်။ ကနဦးကတော့ ကျွန်တော်တို့ကုမ္ပဏီမှာ စီအက်စ်အာမလိုပါဘူး။ ကျွန်တော်တို့ အမြဲအလှူအတန်းတွေလုပ်နေတာပဲလို့ ဆင်ခြေပေးကြတယ်။ စီအက်စ်အာနဲ့ အလှူအတန်းမတူညီတာကို အများသဘောပေါက်အောင် အတော်ကြိုးစားခဲ့ရတယ်။ တစ်ဖက်ကလည်း ကုလသမဂ္ဂအဖွဲ့အစည်းက ကြီးမှူးပြီး တစ်ကမ္ဘာလုံးမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ စီအက်စ်အာ ဆောင်ရွက်ဖို့ အားပေးတဲ့အနေနဲ့ UN Global Compact ကို ဖော်ထုတ်ခဲ့တယ်။

အခုဆိုရင် မြန်မာကုမ္ပဏီ ၂၀၀ ဟာ အဖွဲ့ဝင်တွေဖြစ်နေကြပြီ။ အဖွဲ့ဝင်ကုမ္ပဏီများဟာ လူ့အခွင့်အရေး၊ ဝန်ထမ်းရေးရာ၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဦးစားပေးပြီး ဆောင်ရွက်နေကြတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရာမှာ စီအက်စ်အာကိုကျင့်သုံးရုံမက UN Global Compact အဖွဲ့ဝင်အဖြစ် ပါဝင်ဖို့ အားပေးလျက်ရှိပါတယ်။

ခရိုနီအရင်းရှင်စီးပွားရေးစနစ်ကို စီမံတဲ့နေရာမှာ လွတ်လပ်တဲ့ မီဒီယာရှိဖို့ အထူးလိုအပ်ပါတယ်။ မီဒီယာလောကသားတွေအနေနဲ့ ပွင့်လင်းမြင်သာမှုကို အားပေးနိုင်မှာဖြစ်တယ်။ ခရိုနီအရင်းရှင်စီးပွားရေးကြောင့် ခံစားရမယ့်အပြစ်တွေကို ဖော်ထုတ်နိုင်မှာဖြစ်တယ်။

ခရိုနီအရင်းရှင်စနစ်ဟာ အဂတိလိုက်စားမှုနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ အဂတိလိုက်စားမှုများလေလေ ဒီစနစ်ကြီးဟာကြီးထွားလေလေဖြစ်ပါတယ်။ အဂတိလိုက်စားမှုကို ထိထိရောက်ရောက်တိုက်ဖျက်ဖို့ လိုအပ်တယ်။ နမူနာပြနိုင်ဖို့ အရေးကြီးတယ်။ အခုတော့ အဂတိလိုက်စားမှုဟာ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းမှာ အမြစ်တွယ်နေခဲ့တယ်။ နှစ်ပေါင်းများစွာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်လာခဲ့တယ်။ ပေးမှုကမ်းမှုရတာဟာ ရင်နာစရာကိစ္စဖြစ်တယ်။ အကျင့်စာရိတ္တကို ရိုက်ချိုးလိုက်တာပါပဲ။ အဂတိလိုက်စားမှုရဲ့ အခြေခံဟာစီးပွားရေးလောကနဲ့အုပ်ချုပ်သူများ ဆက်သွယ်ဆက်ဆံမှုပဲဖြစ်တယ်။ အမှန်တော့ အစိုးရနဲ့ စီးပွားရေးလောကဟာ ကင်းကွာလို့မရပါဘူး။ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် အခုလို ဆက်သွယ်ဆက်ဆံရာမှာ သန့်ရှင်းဖို့လိုတယ်။ ရိုးသားဖို့လိုတယ်။ အကျိုးလိုလို့ ညောင်ရေလောင်းတာမျိုး မဖြစ်သင့်ဘူး။ အဂတိလိုက်စားမှုရဲ့ စရိတ်ဟာ ကြီးမားလှပါတယ်။ အဂတိလိုက်စားမှုကြောင့် စီးပွားရေး၊ နိုင်ငံရေးနဲ့လူမှုရေးနယ်ပယ်တွေမှာ ဆုံးရှုံးမှု အများကြီးရှိတယ်။ အဂတိလိုက်စားမှုရဲ့ဒဏ်ကို ခါးစည်းခံရသူတွေက ဆင်းရဲသားတွေနဲ့ ငွေကြေးမပြည့်စုံတဲ့သူတွေဖြစ်တယ်။ လာဘ်မထိုးနိုင်တာမို့ ရသင့်ရထိုက်တဲ့ ဝန်ဆောင်မှုတွေမရရှိဘဲ နစ်နာပါတယ်။ အဂတိလိုက်စားမှုကြောင့် ငွေကြေးဆုံးရှုံးရုံမက စိတ်ဓာတ်ပျက်ပြားမှုကို တိုးပွားစေပါတယ်။ အမှန်တော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟာ အမျိုးသားအရေးဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူပြည်သားအားလုံးနဲ့ဆိုင်ပါတယ်။ လူတိုင်းမှာ တာဝန်ရှိတယ်။ အစိုးရ၊ စီးပွားရေးလုပ်ငန်းများနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းအပြင် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ တာဝန်ရှိသူတွေအနေနဲ့ တာဝန်ခံရမယ်၊ တာဝန်ယူရမှာဖြစ်တယ်။ အဂတိလိုက်စားမှုဟာ ကင်ဆာရောဂါဖြစ်ပါတယ်။ ခွင့်လွှတ်စရာ၊ သည်းခံစရာ၊ နားလည်စရာကိစ္စမဟုတ်ပါဘူး။ လုံးဝလက်ခံစရာမရှိပါဘူး။ တစ်ကျပ်ယူယူ၊ တစ်သန်းယူယူ အတူတူဖြစ်ပါတယ်။ တာဝန်ရှိသူတွေဟာ မိမိရဲ့ပိုင်ဆိုင်မှုတွေကို ဖော်ထုတ်ရဲဖို့လိုအပ်ပါတယ်။ တရားသဖြင့်ရထားတဲ့ ဒါနဥစ္စာနဲ့ကြီးပွားသင့်တယ်။ မတရားသဖြင့် အခွင့်ရေးရပြီး ချမ်းသာမှုဟာ ရှက်စရာတစ်ရပ်ဖြစ်ပါတယ်။ မိမိရတဲ့ဝင်ငွေနဲ့ မိမိရဲ့ပိုင်ဆိုင်မှုကို နှိုင်းယှဉ်ပြီး တရားတယ်၊ မတရားတယ်ဆိုတာ မြင်သာလှပါတယ်။ အဂတိလိုက်စားမှုဟာ ခရိုနီအရင်းရှင်စီးပွားရေးစနစ်ကို အဆိပ်ပင် ရေလောင်းသလိုဖြစ်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လမ်းကြောင်း ပွင့်လင်းမြင်သာမှု တိုးလာလေလေ ခရိုနီအရင်းရှင် စီးပွားရေးစနစ်ဟာ လျော့ကျသွားမှာသာ ဖြစ်တယ်။

*စာမျက်နှာ ၁၆ သို့*

## ရေရှားပါးဒေသများအတွက် စက်ရေတွင်းလှူဒါန်း

**နောင်တရား မတ် ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ နောင်ပီအုပ်စု ဖောင်းဘုန်းတော်ကြီးကျောင်းဝင်း၌ ကမ္ဘောဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းမိသားစုက ရေရှားပါးသော ဒေသများအတွက် သောက်သုံးရေများ လုံလောက်စွာရရှိစေရန်နှင့် ရေရှားပါးမှုအန္တရာယ်မှ ကင်းဝေးစေရန်ရည်ရွယ်၍ လေးလက်မပိုက် အဝီစိစက်ရေတွင်းတစ်တွင်း **(ယာပုံ)**တူးဖော်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းမှာ အထကလွယ်ဘောင်း၊ ဖောင်းရေချိုရွာ၊ ဖောင်းကျောင်းနားရွာ၊ဖောင်းမော်ဒုံရွာ၊ ထီဖားကျေးရွာ၊ စင်းကပ်ကျေးရွာများသို့ ရေပေးဝေနိုင်မည်ဖြစ်ပြီး လူဦးရေ စုစုပေါင်း ၁၇၆၀ ဦး အကျိုးပြုနိုင်မည်ဖြစ်သည်။ ကမ္ဘောဇ အနာဂတ်အလင်းတန်းဖောင်ဒေးရှင်းက စက်ရေတွင်းတူးဖော်လှူဒါန်းပေးသည့်အတွက် အလွန်ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

ဆက်လက်၍ ကမ္ဘောဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းမှ ဖောင်းပြူးလောင်းရွာတွင် ထပ်မံတူးဖော်လှူဒါန်းပေးမည်ဟု သိရသည်။ အဆိုပါကျေးရွာနှင့် အနီးတစ်ဝိုက်မှ ကျေးရွာခြောက်ရွာ အကျိုးပြုနိုင်မည်ဖြစ်ပြီး လူဦးရေစုစုပေါင်း ၁၆၂၇ ဦး အကျိုးပြုနိုင်မည်ဖြစ်သည်။ အဆိုပါ ရေရှားပါးဒေသများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းက စက်ရေတွင်းနှစ်တွင်း တူးဖော်လှူဒါန်းနေကြောင်း သိရသည်။

**ခွန်အောင်(ပြန်/ဆက်)**



## ခေတ်မီစက်ကိရိယာများဖြင့် ရိတ်သိမ်းမှု တောင်သူပညာပေးသရုပ်ပြ

**ချောင်းဦး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)၊ ကော်ဖီ-ရာသီ သီးနှံဌာနခွဲ၊ ပေါက်အင်းစိုက်ကွင်း၏ ၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီဂျုံနှင့် ကုလားပဲသီးနှံများ မျိုးသန့်ပွားများထုတ်လုပ်ရေး နည်းပညာနှင့် GAP စနစ်ဖြင့် စိုက်ပျိုးထားသော သီးနှံများအား ခေတ်မီ စက်ကိရိယာများဖြင့် ရိတ်သိမ်းမှု တောင်သူနည်းပညာပေးသရုပ်ပြပွဲကို မတ် ၁၁ ရက်တွင် ကွင်းအမှတ်(၂) ပေါက်အင်းစိုက်ကွင်းရုံးနေရာ၌ ပြုလုပ်သည်။

ထိုသရုပ်ပြပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးမှ တိုင်းတာဝန်ခံ ဦးထွန်းရှိန်၊ စိုက်ပျိုးရေးဦးစီးဌာန ဒု-တိုင်းဦးစီးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် သုတေသနနှင့် သီးနှံများ မျိုးသန့်ပွားများထုတ်လုပ်ရေး နည်းပညာနှင့်ပတ်သက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တောင်သူများ၏ သိလိုမှုများကို မေးမြန်းရာ ပေါက်အင်းစိုက်ကွင်းမှ စိုက်ပျိုးရေးတာဝန်ခံများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဂျုံသီးနှံများကို ခေတ်မီစက်ကိရိယာများဖြင့် ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ရဲအောင်(ချောင်းဦး)**

## ထန်းတက်လုပ်ငန်းအစပြုချိန်ဖြစ်၍ ထန်းလျက်ကျိုလုပ်ငန်းသုံး ဒယ်အိုး ပြုလုပ်ရောင်းချသူများ အပိုဝင်ငွေရရှိ

**ငါ့သရောက် မတ် ၁၃**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်တွင် ယခုနှစ်ကျေးလက်ဒေသများမှ ထန်းတောင်သူများ ထန်းတက်လုပ်ငန်း စတင်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ ငါ့သရောက်မြို့နယ်အတွင်း ကျေးလက်ဒေသများရှိ ထန်းတောင်သူများ ထန်းလုပ်ငန်း လုပ်ကိုင်ရာတွင် မရှိမဖြစ်လိုအပ်သည့် ထန်းလျက်ကျိုလုပ်ငန်း အသုံးပြုဒယ်အိုးများကို ငါ့သရောက်မြို့နယ် ဆည်ကျေးရွာတွင် တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်လုပ်ကိုင်ကြသူများရှိရာ ရောင်းအားကောင်းပြီး အကျိုးဖြစ်ထွန်းနေကြကြောင်း ငါ့သရောက်မြို့နယ် ဆည်ကျေးရွာမှ ထန်းလျက်ကျိုအသုံးပြု ဒယ်အိုးပြုလုပ်ရောင်းချသူတစ်ဦးထံမှ သိရသည်။

ငါ့သရောက်မြို့နယ် ဆည်ကျေးရွာမှ ထန်းလျက်ကျိုလုပ်ငန်းအသုံးပြု ဒယ်အိုးများမှာ သတ္တုဒယ်အိုးအမျိုးအစားများဖြစ်ကြောင်း သိရသည်။ အဆိုပါ သတ္တုဖြင့်ပြုလုပ်သည့် ဒယ်အိုးများကို ငါ့သရောက်မြို့နယ် ဆည်ကျေးရွာမှ ပြုလုပ်ရောင်းချသူများသည် တစ်နေ့လျှင် အလုံးရေ ၂၀ ခန့် လုပ်ကိုင်နိုင်ကြောင်း သိရသည်။

ဒယ်အိုးများ ပြုလုပ်ရာတွင် ကုန်ကြမ်းအဖြစ် သဲနုနုကိုရေနှာနာစွပ်၍ ပုံစံခွက်အတွင်းထည့်ကာ ဒယ်အိုးပုံပေါ်လာအောင် ပြုလုပ်ရကြောင်း၊ ထိုသို့ပြုလုပ်ပြီးပါက သတ္တုပစ္စည်းများကို လေမီးသွေးဖိုဖြင့် အရည်ကျိုချက်ပြီး သတ္တုရည်များကိုပုံဖော်ပြီး ဒယ်အိုးများပေါ်သို့လောင်းချကာ ပြုလုပ်ကြကြောင်း သိရသည်။

သို့ရာတွင် လိုအပ်သည့် သဲနုနုကိုကျောက်ဆည်ဘိလပ်မြေစက်ရုံများတွင်အသုံးပြုသည့် ကျောက်ဆည်ဒေသထွက်သဲနုနုကို ကိုယ်ပိုင်ကားဖြင့် သွားရောက်၍ သယ်ယူကာ လုပ်ကိုင်နေကြောင်း သိရသည်။

ထိုသို့ ထန်းလျက်ဒယ်အိုးပြုလုပ်ရောင်းချသူများမှာ အဆင့်ဆင့်ပြုလုပ်ပြီး ရောင်းတန်းဝင် ထန်းလျက်ကျိုဒယ်အိုးများကို အိုးအထူ၊ အပါးပေါ်မူတည်ပြီး ငါ့သရောက်မြို့နယ် ဆည်ကျေးရွာ၌ ဒယ်အိုးတစ်လုံးလျှင် ငွေကျပ် ၇၅၀၀၊ ၈၅၀၀ ၊ ၉၅၀၀ ခန့်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် အညာကျေးလက်ဒေသများမှ ထန်းတက်တောင်သူများ လာရောက်ဝယ်ယူမှု များနေခြင်းကြောင့် ထန်းလျက်ကျိုဒယ်အိုးပြုလုပ်ရောင်းချသူများ စီးပွားရေးအဆင်ပြေနေကြကြောင်း ငါ့သရောက်မြို့နယ် ဆည်ကျေးရွာမှ ထန်းလျက်ဒယ်အိုးပြုလုပ်ရောင်းချသည့် ဒေသခံတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





## သူကောင်းတည်မြစ်ရေတင်တွင် ယာမြေများ သီးစားချထားသူများပြား

**ညောင်ဦး မတ် ၁၃**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် သူကောင်းတည် မြစ်ရေတင်ကို တည်ဆောက်ထားလျက်ရှိသည်။ အဆိုပါ သူကောင်းတည်မြစ်ရေတင်ကို မူလလျာထားဧကခြောက်ထောင် လျာထားဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြစ်ရေတင်လမ်းတစ်လျှောက် အနီးပတ်ဝန်းကျင် ယာခင်းများ သီးစားချထားပေးမှု များပြားလျက်ရှိကြောင်း ဒေသခံများက ပြောကြားသည်။ ယာခင်းပိုင်ရှင်များသည် ယာမြေဧက များပြားပြီး ယာခင်းထဲရေရောက်ရန် ရေစုပ်စက်နှင့် ရေပိုက်ထောင်ရမည့် ပစ္စည်းများ တန်ဖိုးကလည်း သိန်းချီကုန်ကျမှုရှိနေသည့်အတွက် နှစ်စဉ်ကြေး(ခေါ်)သီးစားချထားပေးသူများပြားနေသည်ဟု သိရှိရသည်။

"ကျွန်တော့် ယာခင်းအလယ်က မြောင်းမကြီး ဖောက်ပါတယ်။ ဒါပေမယ့် ရေသွယ်ယူလို့ မရပါဘူး။ ယာမြေကမြင့်ပြီး မြောင်းနှင့်ညီနေပါတယ်။ အဲဒီတော့ ရေကိုလိုသလိုယူလို့ မရပါဘူး။ စက်နဲ့စုပ်ယူပြီး ရေတင်မှရမှာဖြစ်တယ်။ အချိန်တွေကုန်မယ်၊ ငွေကုန်မယ်၊ လူလည်း ဒုက္ခများတယ်။ အဲဒါကြောင့် ကျွန်တော်ကိုယ်တိုင်မလုပ်နိုင်ပါဘူး။ နှစ်စဉ်ကြေး တစ်နှစ်လျှင် ငွေကျပ် ၁၅၀၀၀၀ နဲ့ သီးစားချထားပေးလိုက်ပါတယ်" ဟု ယာခင်းပိုင်ရှင်တစ်ဦးက ပြောသည်။

"ကျွန်တော်ကလည်း ဒီနှစ်နွေရာသီမှာ ပဲတီစိမ်းသီးနှံစိုက်ချင်လို့ သီးစားခံယူပါတယ်။ တစ်နှစ်စာသုံးသီးလုပ်ရင် တွက်ခြေကိုက်မယ်ထင်တယ်။

အခု လောလောဆယ်တော့ ရေစုပ်စက်ငှားပြီး ရေသွင်းနေရတယ်။ ရေသွင်းစက်ခက တစ်နာရီကို ငွေကျပ် ၃၅၀၀ ပေးရတယ်။ အခုကျွန်တော်သီးစားခဲ့တဲ့ သုံးတင်းချမြေကွက်ဆိုရင် ၁၈ နာရီလောက်သွင်းရမယ်။ လူငှားခနဲ့ ရေသွင်းခတွက်ရင် ရေတစ်ခါသွင်းရင် ငွေကျပ် ၆၀၀၀၀၊ ၇၀၀၀၀ လောက်ကုန်တယ်။ ပဲတီစိမ်းသီးနှံစိုက်ရင် ရေက စိုက်ရေအပါအဝင် ငါးကာလောက်ပေးရတယ် ကိုက်မယ် မကိုက်မယ်ဆိုတာတော့ မသိပါဘူး။ လက်တွေ့တော့ နွေရာသီနေပူပူမှာ ဆင်းရဲပါတယ်။ လူမနာ ရေမရှားမြေမအားလုပ်နိုင်ရင်တော့ လုပ်တဲ့အကျိုးကျေးဇူးခံစားရမယ်လို့ ထင်ပါတယ်" ဟု မြေအငှားခံယူပြီး နွေပဲတီစိမ်းသီးနှံစိုက်သူတစ်ဦးထံမှ သိရသည်။

**ကျော်ငွေး**

*စာမျက်နှာ ၁၅ မှ*

ကျွန်တော့်ကို အကောင်းမြင်လွန်းတဲ့သူဖြစ်တယ်လို့ အမြဲဝေဖန်ခံရပါတယ်။ ဒါကိုလည်း ကျွန်တော်ဝန်ခံပါတယ်။ ခရိုနီအရင်းရှင်စီးပွားရေးစနစ်နဲ့ပတ်သက်ပြီး ကျွန်တော်က ပြုပြင်လို့ရတယ်လို့ယူဆပါတယ်။ တလောက ဂျာနယ်တစ်ခုမှာ ခရိုနီအရင်းရှင်စီးပွားရေးနိုင်ငံ ၂၃ နိုင်ငံကို တန်းစီဇယားအရ ပြုစုထားပါတယ်။ အဆိုးဆုံးနိုင်ငံက ဟောင်ကောင်ဖြစ်ပြီး ဒုတိယနေရာမှာ ရုရှားနိုင်ငံဖြစ်ပါတယ်။ ထူးဆန်းတာက နံပါတ်(၅)မှာ စင်ကာပူနိုင်ငံဖြစ်နေတာဖြစ်ပြီး ၂၃ နိုင်ငံတွေအနက် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ချမ်းသာတဲ့နိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အာရှနိုင်ငံများပါဝင်ပါတယ်။ ကံကောင်းတာက ကျွန်တော်တို့နိုင်ငံအတွက် ကိန်းဂဏန်းမရှိတာမို့ စာရင်းထဲမပါဝင်ပါဘူး။ ကုသိုလ်ကောင်းတယ်လို့ပဲယူဆမိပါတယ်။

ခရိုနီအရင်းရှင်စီးပွားရေးစနစ် ပေါ်ပေါက်လာတာဟာ ဈေးကွက်စီးပွားရေးစနစ်ကို ကျကျနန စနစ်တကျ ဥပဒေအရ ကျင့်သုံးခြင်းမဖြစ်လို့ပါပဲ။ ဈေးကွက်စီးပွားရေးစနစ်ဟာ တရားသောယှဉ်ပြိုင်မှုအပေါ် အခြေခံထားတာ ဖြစ်တယ်။ ယှဉ်ပြိုင်မှု ရှင်သန်လေလေ စီးပွားရေးစနစ်ဟာ တိုးတက်မှုရှိလေလေ ဖြစ်ပါတယ်။

ခရိုနီလို့သတ်မှတ်ခြင်းခံရသူတွေကိုလည်း စည်းရုံးနိုင်ဖို့အရေးကြီးပါတယ်။ သူတို့တာဝန်ယူနေတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ကြီးမားရုံမက ဝန်ထမ်းမြောက်မြားစွာကို အလုပ်ပေးနေတာဖြစ်တယ်။ ခရိုနီများကို လူမှုရေးတာဝန်ကျေသူတွေ ဖြစ်ပေါ်အောင်စည်းရုံးဖို့ အရေးကြီးပါတယ်။ သူတို့ဟာ စနစ်ရဲ့သားကောင်တွေဖြစ်ကြတယ်။ စနစ်သစ်ကို ဖော်ထုတ်နိုင်ရင် ခရိုနီအရင်းရှင်တွေဟာ အလိုလိုပပျောက်သွားမှာသာဖြစ်တယ်။ ကိုယ့်နိုင်ငံမှာရှိတဲ့သူတွေကိုသာကြည့်ပြီး ဝေဖန်နေတာထက် တခြားနိုင်ငံတွေမှာခရိုနီအရင်းရှင်စီးပွားရေးစနစ်ကို ဘယ်လိုကိုင်တွယ်ခဲ့တာကို သင်ခန်းစာယူရမှာ ဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုရဲ့စီးပွားရေးဖွံ့ဖြိုးမှုဟာ ခရိုနီအရင်းရှင်စီးပွားရေးစနစ်ကို အခြေခံပြီး တည်ဆောက်ခဲ့တယ်။ သမ္မတကနေဒီရဲ့ ဖခင်ဖြစ်သူ သူဌေးကြီးကို ခရိုနီလို့သတ်မှတ်ခဲ့ကြတယ်။ အခုခေတ် နာမည်ကြီးဘဏ်တွေဘဏ္ဍာရေးလုပ်ငန်းတွေကို ခရိုနီတွေက ထည်ထောင်ခဲ့ကြတယ်။ အခုတော့ ဒီလုပ်ငန်းတွေဟာ ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ကျေနေကြတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း တစ်ချိန်ကျရင် ဒီလိုဖြစ်မှာသေချာလှပါတယ်။

အမှန်တော့ ကျွန်တော်တို့တစ်တွေဟာ တစ်နိုင်ငံတည်းနေကြသူတွေဖြစ်ကြတယ်။ နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့အားလုံး ဝိုင်းဝန်းပြီး ကြိုးစားကြရမှာဖြစ်တယ်။ အတူတူရွှေ့ရင် ရွှေ့မှာသေချာပါတယ်။ ခရိုနီအရင်းရှင်စီးပွားရေးစနစ်ရဲ့ ဇာစ်မြစ်ကိုသိရင် ကုစားနိုင်တဲ့ နည်းဗျူဟာတွေရှိပါတယ်။ ဒီဗျူဟာတွေကို သိမ်သိမ်မွေ့မွေ့ကိုင်တွယ်ကျင့်သုံးနိုင်ရင် မလိုလားအပ်တဲ့စနစ်ဆိုးကြီးကို ပပျောက်သွားအောင် ဆောင်ရွက်နိုင်မှာသာဖြစ်ပါတယ်။

အမှန်တော့ ခရိုနီနဲ့ခရိုနီအရင်းရှင်စီးပွားရေးစနစ်ကို ခွဲခြားမြင်နိုင်ဖို့ အလွန်အရေးကြီးပါတယ်။ စနစ်ကြောင့် ပေါ်လာတယ်ဆိုတာကို သဘောပေါက်ဖို့လိုအပ်ပါတယ်။ စနစ်ကိုပြုပြင်နိုင်မှခရိုနီတွေလည်း ပပျောက်သွားမှာသာဖြစ်တယ်။ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တရားဥပဒေစိုးမိုးမှုကြီးထွားခြင်း၊ ဓမ္မနဲ့အဓမ္မကို ခွဲခြားနိုင်ခြင်းတို့ကိုအခြေခံပြီး စနစ်ကိုတိုက်ဖျက်ရမှာသာဖြစ်ပါတယ်။

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

*ယမန်နေ့မှအဆက်*

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၂၆ | မပန်းဝတ်ရည် | အထက(၁)မြင်းမူ | မြင်းမူ | စစ်ကိုင်း |
| ၂၇ | မောင်ရဲထက်ကျော် | အထက(၃)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၈ | မောင်နိုင်ထက်အောင် | အလက-တောက္ကရုပ် | ကန့်ဘလူ | ရွှေဘို |
| ၂၉ | မအေးချမ်းပြည့် | ထ(ခွဲ)လ(၂)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၃၀ | မဆုမြရွှေရည်မောင် | အထက-ကိုးတောင်ဘို့ | ကန့်ဘလူ | ရွှေဘို |
| ၃၁ | မောင်စွမ်းမြတ်ဆောင် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |
| ၃၂ | မအိဖြူစင် | ပညာမိုး(ကပက) | မုံရွာ | မုံရွာ |
| ၃၃ | မောင်အောင်လှခမ်း | လ(ခွဲ)ဘိုက်သရက် | ဆားလင်းကြီး | မုံရွာ |
| ၃၄ | မဟေမာန်စိုး | အထက-ကနီ | ကနီ | မုံရွာ |
| ၃၅ | မောင်သူရိန်စိုး | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၆ | မောင်သူရဇော် | အထက-ကောလင်း | ကောလင်း | ကသာ |
| ၃၇ | မခင်စန္ဒာဝင်း | အထက-အင်းတော် | အင်းတော် | ကသာ |
| ၃၈ | မဖြူစင်ထွန်း | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၉ | မမေမိုးဖြူ | အထက(၁)တမူး | တမူး | ကလေး |
| ၄၀ | မောင်လှိုင်းထက်နိုင် | အထက-ထောက်ကြန့် | ကလေး | ကလေး |
| ၄၁ | မနန်းခမ်းလွင် | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၂ | မဖူးသစ်ခင် | အထက-မော်လိုက် | မော်လိုက် | ခန္တီး |
| ၄၃ | မောင်ရန်မျိုးအောင် | အထက-သရောင်း | ဖောင်းပြင် | ခန္တီး |
| ၄၄ | မောင်ကောင်းခန့်ဇော် | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၅ | မောင်ဖြိုးခန့်ကို | အထက-ကမြိုင် | သရက်ချောင်း | ထားဝယ် |
| ၄၆ | မဟန်ရေရေလင်း | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၇ | မောင်ကျော်မင်းထက် | အလက-ရွှေမင်းဝံ | ကော့သောင်း | မြိတ် |
| ၄၈ | မောင်ခန့်ကို | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၉ | မဟန်နှင်းစု | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၅၀ | မအိကျော့ခိုင် | အထက-ပုလော | ပုလော | မြိတ် |
| ၅၁ | မောင်သုထက်စွမ်းဆောင် | အထက-ကျောက်တံခါး | ကျောက်တံခါး | ပဲခူး |
| ၅၂ | မောင်ပိုင်ထက်စိုး | အထက-ဝေါ | ဝေါ | ပဲခူး |
| ၅၃ | မဖြူစင်ဦး | အထက(၂)ပြွန်တန်ဆာ | ညောင်လေးပင် | ပဲခူး |
| ၅၄ | မခင်နှင်းလွင် | အထက-ကဝ | ကဝ | ပဲခူး |
| ၅၅ | မောင်အောင်ထက်ဝင်း | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၆ | မောင်ဟိန်းထက်ဇော် | အထက(၂)ဖြူး | ဖြူး | တောင်ငူ |
| ၅၇ | မသီရိထွန်း | အထက(၁)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၈ | မလှိုင်သန္တာအောင် | အထက-ဇရပ်ကြီး | ထန်းတပင် | တောင်ငူ |
| ၅၉ | မောင်နေကျော်သူ | အလက(၁)ပြည် | ပြည် | ပြည် |
| ၆၀ | မောင်ဘုန်းမြတ်ကိုကို | အထက-ပေါင်းတည် | ပေါင်းတည် | ပြည် |
| ၆၁ | မမြတ်သိင်္ဂီကျော် | အထက-ပေါင်းတည် | ပေါင်းတည် | ပြည် |
| ၆၂ | မသိမ့်နဒီစိုး | အထက(၃)ပြည် | ပြည် | ပြည် |
| ၆၃ | မောင်ရဲဝင်း | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၆၄ | မောင်ပြည့်ဖြိုးမော် | အလက-မင်းလှ | မင်းလှ | သာယာဝတီ |
| ၆၅ | မသော်တာလင်းလက် | အထက-ဇီးကုန်း | ဇီးကုန်း | သာယာဝတီ |
| ၆၆ | မခင်ဆွေလင်း | အထက-ကြို့ပင်ကောက် | ကြို့ပင်ကောက် | သာယာဝတီ |
| ၆၇ | မောင်ကျော်မြတ်ကောင်း | အလက(ခွဲ)ရဲ၊ မကွေး | မကွေး | မကွေး |
| ၆၈ | မောင်အောင်ခန့်မော် | အထက(၁)တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၆၉ | မရွှေရည်ဝင်း | အထက(၁)မကွေး | မကွေး | မကွေး |
| ၇၀ | မရွှေယမင်းဦး | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၇၁ | မောင်ဇေရဲဘုန်း | အလက(ခွဲ)ဆင်ချည်တိုင်၊ ငဖဲ | ငဖဲ | မင်းဘူး |
| ၇၂ | မညီုရှင်မောင် | အထက(၁)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၇၃ | မောင်ကောင်းခန့်စိုး | အထက-ရေစကြို | ရေစကြို | ပခုက္ကူ |
| ၇၄ | မမေမြတ်မြတ်ခင် | အလက(၃)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၅ | မောင်ဝေယံဖြိုး | အထက(၁)သရက် | သရက် | အောင်လံ |
| ၇၆ | မောင်ခန့်ဇော် | အထက-ရွာထောင် | အောင်လံ | သရက် |
| ၇၇ | မအေးချမ်းမြင့် | အထက(၁)အောင်လံ | အောင်လံ | သရက် |
| ၇၈ | မသွယ်ဇင်ဝင့်နိုင် | အထက-မလွန်၊ မင်းလှ | မင်းလှ | သရက် |
| ၇၉ | မောင်ကျော်လင်းထွန်း | အထက-ဆော | ဆော | ဂန့်ဂေါ |
| ၈၀ | မခင်ရတနာကျော် | အထက-မြို့မ၊ ဂန့်ဂေါ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၁ | မောင်လင်းလက် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၂ | မောင်တော်ဥက္ကာမိုးမြတ် | အထက(၁၆) | ချမ်းအေးသာစံ | မန္တလေး |
| ၈၃ | မကြည်နူးဖြူစင် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မဇင်ငြိမ်းအေး | အထက(၁၆) | ချမ်းအေးသာစံ | မန္တလေး |
| ၈၅ | မောင်ဝေလင်းထွန်း | အထက(၁) | မိုးကုတ် | ပြင်ဦးလွင် |
| ၈၆ | မလင်းလက်ခင် | ထ(ခွဲ)အလက(၁) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၇ | မောင်ဇာနည်လှိုင် | အထက(၂) | ကျောက်ဆည် | ကျောက်ဆည် |
| ၈၈ | မချမ်းမြေ့ခင် | အထက(၁) | ကျောက်ဆည် | ကျောက်ဆည် |
| ၈၉ | မောင်ဘုန်းမြတ်သော် | အထက(၁) | မြင်းခြံ | မြင်းခြံ |
| ၉၀ | မခွန်းဆင့်သာ | အထက(၁) | မြင်းခြံ | မြင်းခြံ |
| ၉၁ | မောင်ကြယ်စင်ရှိန်း | အထက(၁) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၂ | မသိင်္ဂီဝင်း | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၃ | မောင်ကြယ်စင်မင်းသက် | သမာဓိ(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၄ | မသွဲ့နှင်းဇင် | အထက(၁) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်ဖြိုးကိုကို | အထက(၁) | ရမည်းသင်း | ရမည်းသင်း |
| ၉၆ | မရီရီအောင် | အထက(၁) | ပျော်ဘွယ် | ရမည်းသင်း |
| ၉၇ | မောင်ကောင်းခန့် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၉၈ | မောင်ထူးခန့်ဝေ | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၉၉ | မထက်ထက်ဝတ်ရည် | အထက-ချောင်းဆုံ | ချောင်းဆုံ | မော်လမြိုင် |
| ၁၀၀ | မစုဝေနှင်း | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၁ | မောင်စွမ်းရည်ထည် | အထက-ဘီးလင်း | ဘီးလင်း | သထုံ |
| ၁၀၂ | မရွှန်းလဲ့ရတီမြတ် | အထက(၁)ကျိုက်ထို | ကျိုက်ထို | သထုံ |
| ၁၀၃ | မောင်ဇော်လူထက် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မညီုမီမီလွင် | အလက(၅)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်မင်းသက်ခိုင် | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၆ | မဆုငြိမ်းဝေ | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၇ | မောင်လင်းပြည့်ဖြိုး | အထက-ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၈ | မထက်အိအိစံ | အထက-ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၉ | မောင်မြတ်ဘုန်းဆွေ | အထက(၃)ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ |
| ၁၁၀ | မယွန်းနဒီ | အထက(၁)အမ်း | အမ်း | ကျောက်ဖြူ |
| ၁၁၁ | မောင်အုပ်စိုးကျော် | အထက(ခွဲ)မြို့မ၊ သံတွဲ | သံတွဲ | သံတွဲ |
| ၁၁၂ | မရွှေစင်လင်း | အထက(ခွဲ)ငကျော်တောင် | သံတွဲ | သံတွဲ |
| ၁၁၃ | မောင်ကောင်းခန့်ဇော် | အထက(၁) | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၄ | မောင်မင်းသော်ကောင်း | အထက(၅) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၅ | မောင်လမင်းဦး | အထက(၁) | တာမွေ | အရှေ့ပိုင်း |
| ၁၁၆ | မနုယဉ်ဝင်း | အထက(၁) | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၇ | မခင်ချောကလျာ | အထက(၂) | တောင်ဥက္ကလာ | အရှေ့ပိုင်း |
| ၁၁၈ | မသဲနုဇော် | အလက၊ TTC | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၉ | မောင်ထက်မြက်မင်းထွန်း | အထက၊ TTC | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၀ | မောင်အောင်ကျော်ခန့် | အထက(၁) | ဒဂုံ | အနောက်ပိုင်း |
| ၁၂၁ | မခြူးရွှေရည်ထက် | အထက(၂) | လသာ | အနောက်ပိုင်း |
| ၁၂၂ | မအေးဘုန်းပြည့်ချို | အထက(၂) | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၃ | မောင်ရဲဝင့်ခန့် | အထက(၂) | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂၄ | မောင်စွမ်းရည်ထက် | အထက(၂) | သန်လျင် | တောင်ပိုင်း |
| ၁၂၅ | မသီရိရွှေစင် | အထက(၁) | ခရမ်း | တောင်ပိုင်း |
| ၁၂၆ | မခန့်ရတီကျော် | အထက(၂) | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂၇ | မောင်ရောင်နီလင်းလက် | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်စိုင်းဝဏ္ဏထွန်း | အထက(၂) | အင်းစိန် | မြောက်ပိုင်း |
| ၁၂၉ | မမေနှံ့သာဦး | အထက | လှည်းကူး | မြောက်ပိုင်း |
| ၁၃၀ | မကြယ်စင်ရွှန်းလက်ရည် | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၁ | မောင်စိုင်းစင့်စွမ်းလှိုင်း | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မောင်ခွန်ဟန်သာစိုး | အလက-ထီတလိ | ပင်လောင်း | တောင်ကြီး |
| ၁၃၃ | မနေခြည်လင်းလက် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၄ | မချောသဥ္ဇာထွန်း | အထက(၁)ကလော | ကလော | တောင်ကြီး |
| ၁၃၅ | မယွန်းရွှေစင်လင်း | အထက(ခွဲ)၂၊ လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်မင်းသစ်ခန့် | အထက-မြို့မ | နမ့်စန် | လွိုင်လင် |
| ၁၃၇ | မောင်ဝေလင်းကို | အထက(ခွဲ)၂၊ လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မဆောင်းနှင်းဝေဝေ | အထက-ကွန်ဟိန်း | ကွန်ဟိန်း | လွိုင်လင် |
| ၁၃၉ | မောင်စိုင်းဆိုင်ရွက်မိုင် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မဆုနန္ဒာဝင့် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ခွန်ဆိုင် | အထက(၁)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်ဇော်လင်းမောင် | အထက(၁)တန့်ယန်း | တန့်ယန်း | လားရှိုး |
| ၁၄၃ | မစံပယ်ဖြူစင် | အထက(၂)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မဘောက်ဂျာ | အထက(ခွဲ)နမ့်စလပ်၊သိန်းနီ | သိန်းနီ | လားရှိုး |
| ၁၄၅ | မောင်ရန်ကျော်မင်း | အထက(၄)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |

*(ဆက်လက်ဖော်ပြပါမည်)*

# ကြည့်မြင်တိုင် လှိုင်မြစ်တစ်ဖက်ကမ်းရပ်ကွက်များ နွေအတွက် ရေအခက်အခဲမရှိစေရေးစီစဉ်

**သတင်း - တင်ဝင်းလေး (ကြည့်မြင်တိုင်)**
**ဓာတ်ပုံ - ပုံပုံ**



အလတ်ချောင်းရပ်ကွက်ရှိ သုံးရေကန်မှ ရေခပ်နေသော ပြည်သူတစ်ဦး။

ယခုနှစ် နွေရာသီတွင် အယ်နီညိုရာသီကြောင့် မြန်မာပြည်အနှံ့ သောက်သုံးရေများ အခက်အခဲရှိလာနိုင်မည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးထားပြီး ဖြစ်သည်။

ထို့အတွက်မြန်မာနိုင်ငံရှိ မြို့နယ်အသီးသီးတွင် ရေအခက်အခဲ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာ ဒေသအသီးသီးတွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြပြီကို တွေ့ရသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း လှိုင်မြစ်အနောက်ဘက်ကမ်းတွင်ဆိပ်ကြီး၊ ဦးမြ၊ ငါးစင်၊ စက်ဆန်း၊ အောက်ရုံ၊ အလတ်ချောင်း၊ အေးရွာ(အရှေ့)၊ ဘလုတ်ညွန့်၊ စက်ကလေး၊ ဝါးရုံဆိပ်၊ အေးရွာရှေ့ရပ်ကွက်ကြီး လေးရွာအဖြစ် ဖွဲ့စည်းထားသည်။ ရပ်ကွက်လေးရပ်ကွက်တွင် အိမ်ခြေပေါင်း ၈ ဒသမ ၇၉၉ ရှိပြီး အိမ်ထောင်စုပေါင်း ၉၆၆၁ စုတွင် လူဦးရေပေါင်း ၄၀၇၄၆ ဦးရှိကြောင်း သိရသည်။

ယင်းရပ်ကွက်လေးရပ်ကွက် အတွင်း၌ သုံးရေကန်(မြေသားရေကန်) ၁၃ ကန်၊ အုတ်စီကန် သုံးကန်၊ သောက်ရေကန်(မြေသားကန်) ငါးကန်၊ အုတ်စီကန် ၁၄ ကန်နှင့်အဝီစိတွင်း ၃၀၀၀ ခန့်ရှိထားကြောင်း သိရသည်။ လက်ရှိ လူဦးရေနှင့် တွက်ဆပါက ထပ်မံလိုအပ်လျက်ရှိနေကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က ပြောကြားသည်။

နှစ်စဉ် မတ်လပထမအပတ်မှ ဇွန်လ ပထမ အပတ်အထိ ရန်ကုန်မြို့တော် စည်ပင်ယာယာရေးကော်မတီ ခွင့်ပြုရန်ပုံငွေဖြင့် ရေဂါလန် ၅၅၀၀၀ ခန့်ကို လှိုင်မြစ်တစ်ဖက်ကမ်းမှ လိုအပ်သော ရပ်ကွက်များဆီသို့ နေ့စဉ်ပို့ဆောင်ပေးနေခဲ့ရသည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုကြောင့် ရေပြတ်လပ်မှုများ မရှိစေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တွက်ချက်ပြီး လိုအပ်လာမည့်ရေများ ဖြည့်ဆည်းပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တင်ပြ၍ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် မြစ်ကမ်းစပ်မှ ရေများတင်ပို့ပေးရာ၌ မြစ်ရေအတက်အကျရှိနေသည့်အတွက် ရေကျပါက တင်ပို့ရာတွင် အခက်အခဲများရှိနေခဲ့သည်။ ထို့အတွက် လိုအပ်သော အုတ်ရေကန် ၂၂ ကန်အစား (၄×၄)ပေ၊ ရေဂါလန် ၄၀၀ ဆံ့ဖိုက်ဘာကန် ၆၆ ကန်ဖြင့်အစားထိုး ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ထိုဖိုက်ဘာကန်များကို ယခုမတ်လမကုန်မီ ထားရှိပေးနိုင်ရန်အတွက်ကိုလည်း စီစဉ်လျက်ရှိနေသည်။

ရေဖြည့်တင်းပေးနိုင်ရေး အစီအစဉ်အရ မတ် ၁၇ ရက်မှ စတင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သမ္ဗာန်များဖြင့် နေ့စဉ်ရေဂါလန် ၅၅၀၀၀ ခန့်ကို ရပ်ကွက်များ၏ ရေလိုအပ်ချက်များပေါ် မူတည်ပြီး ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရပ်ကွက်များအတွင်းသို့ ရေများသယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် တစ်ရပ်ကွက်လျှင် ရေသယ်ယာဉ်(ထော်လာဂျီ) တစ်စီးစီကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ ။

## မီးဘေးကာကွယ်ရေးအတွက် မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**မြဝတီ မတ် ၁၃**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့၌ ရာသီဥတုအပူချိန် မြင့်တက်ခြင်းကြောင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရန်အတွက် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကို မတ် ၁၂ ရက်က အမှတ်(၄)ရပ်ကွက်ရှိ မြစန္ဒီပန်းခြံကွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို မြဝတီမြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စက်သုံးဆီအသင်းအဖွဲ့တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ကာ ဆီမီးလောင်မှုဖြစ်စဉ် ပေါ်ပေါက်ပါက မှားယွင်းသော နည်းလမ်းများဖြင့် မီးငြှိမ်းသတ်ခြင်း သရုပ်ပြကွက်၊ မီးလောင်မှုဖြစ်စဉ်ကြောင့် ဒဏ်ရာရလူနာအား ကယ်ဆယ်သည့်ပြကွက်၊ မီးလောင်မှုများကို မှန်ကန်စွာမီးငြှိမ်းသတ်သည့် ပြကွက်များကို ပြသခဲ့သည်။ မီးငြှိမ်းသတ်ရာတွင် အမြုပ်မီးငြှိမ်းသတ်ဆေးရည်၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ဘောလုံးများနှင့် မီးသတ်ယာဉ်များဖြင့် မီးငြှိမ်းသတ်မှုများကိုလည်း မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆီဆိုင်ဝန်ထမ်းများနှင့် စေတနာ လူမှုကူညီရေးအသင်းမှ အဖွဲ့ဝင်များက ပူးပေါင်းသရုပ်ပြခဲ့သည်။ သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ရာသို့ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## စွန့်ပစ်ကော်ဖီမစ်အိတ်ခွံများကိုသုံး၍ ဖျာရက်လုပ်ခြင်းဖြင့် အပိုဝင်ငွေရရှိ

**ငါ့သရောက် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ဆည်ကျေးရွာတွင် လူများအသုံးပြုပြီးသော စွန့်ပစ်ကော်ဖီမစ်အိတ်အခွံများကိုစုဆောင်း၍ ဖျာချောရက်ခြင်းကို ဒေသခံပြည်သူအချို့ တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြပြီး အဆိုပါကော်ဖီမစ်အိတ်ခွံများဖြင့်ပြုလုပ်သည့် ဖျာချောများကို မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများက ဝယ်ယူအသုံးပြုကြသည့်အပြင် အခြားနီးစပ်ရာကျေးရွာများသို့ပါ ရောင်းချနေရသဖြင့် အပိုဝင်ငွေရရှိနေကြကြောင်း သိရသည်။

ငါ့သရောက်မြို့နယ်၊ စွန့်ပစ်ကော်ဖီမစ်အိတ်ခွံဖြင့် ဖျာချောရက်လုပ်ရာတွင် တစ်ယောက်အိပ်ဖျာနှင့် သုံးယောက်အိတ်ဖျာ အရွယ်နှစ်မျိုးကို ရက်လုပ်ကြကြောင်း၊ ဖျာချောများရက်လုပ်ရန် စုဆောင်းရရှိသည့် ကော်ဖီမစ်အိတ်ခွံများကို ပထမအဆင့်တွင် ဆပ်ပြာဖြင့် ရေဆေးသန့်စင်ရကြောင်း၊ ထို့နောက် သပ်ရပ်မှုရှိစေရန် အိတ်ခွံအနားများကို ကတ်ကြေးဖြင့် ညီအောင်လှီးဖြတ်ပေးရကြောင်း၊ ထို့နောက် အမျိုးအစားတူ ကော်ဖီမစ်အိတ်ခွံများဖြင့် လှပသည့် ဖျာချောတစ်ချပ်ဖြစ်လာအောင် ပုံဖော်ရက်လုပ်ကြကြောင်းသိရသည်။

“ကျွန်မတို့ရွာမှာစွန့်ပစ်ကော်ဖီမစ်အိတ်ခွံနဲ့ ဖျာချောယက်လုပ်တဲ့သူသိပ်မရှိပါဘူး၊ ကျွန်မတို့ကတော့ ကိုယ်တတ်ကျွမ်းတဲ့ပညာကို အသုံးချပြီး မိသားစုအတွက် နေ့စဉ်ဝင်ငွေရရှိအောင် လုပ်ကိုင်နေကြတာပါ။ ဒီလို စွန့်ပစ်ကော်ဖီမစ်အိတ်ခွံနဲ့ ဖျာချောဖြစ်ဖို့ဆိုတာ မလွယ်ကူပါဘူး၊ ပြီးတော့ လုပ်ငန်းလုပ်ရာမှာလည်း ပစ္စည်းစုဆောင်းရတဲ့အချိန်ရယ်၊ သေသပ်လှပတဲ့ဖျာတစ်ချပ်ဖြစ်လာဖို့အတွက် အမျိုးအစားတူတဲ့ ကော်ဖီမစ်အိတ်အခွံတွေကို အနားတွေညီအောင် ကတ်ကြေးနဲ့ကိုက်ဖြတ်နေရတာရယ်၊ ဖျာရက်ရတဲ့အချိန်ရယ်ဆိုတော့ အချိန်တွေယူပြီးတော့ လုပ်ကိုင်နေရတဲ့ အလုပ်တစ်ခုပါ။ တစ်ပတ်ကိုလည်း တစ်ယောက်အိပ်ဖျာနှစ်ချပ်နဲ့ သုံးယောက်အိပ်ဖျာတစ်ချပ်လောက်ပဲပြီးတာပါ။ ဒါပေမယ့် ကျွန်မတို့ပြုလုပ်တဲ့ဖျာတွေကိုတော့ ရွာမှာရှိတဲ့ ဒေသခံတွေကလည်း ဝယ်သုံးကြတဲ့အပြင် နီးစပ်ရာကျေးရွာတွေကိုပါ ရောင်းချနေပါတယ်”ဟု စွန့်ပစ်ကော်ဖီမစ်အိတ်ခွံများကိုအသုံးပြု၍ တစ်နိုင်တစ်ပိုင်ဖျာချောယက်လုပ်ရောင်းချသည့် ဆည်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

ဖျာချောများ ရောင်းချရာတွင် တစ်ယောက်အိပ်ဖျာ တစ်ချပ်လျှင် ကျပ် ၇၅၀၀ နှင့် သုံးယောက်အိပ်ဖျာ တစ်ချပ်လျှင် ကျပ် ၁၅၀၀၀ အထိနှုန်းဖြင့် ရောင်းချရသောကြောင့် အပိုဝင်ငွေရရှိကာ ဖျာရက်သူများအနေဖြင့် အထိုက်အလျောက် အဆင်ပြေကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## သတင်းမီဒီယာကဏ္ဍ တိုးတက်ရေးအတွက် တာချီလိတ်၌ သင်တန်းပို့ချ

**တာချီလိတ် မတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ သတင်းမီဒီယာသင်တန်း အမှတ်စဉ် (၁/၂၀၁၆) သင်တန်းကို မကာဟိုခမ်းရပ်ကွက်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးရုံးသင်တန်းခန်းမ၌ မတ် ၁၂ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေလှရှုန်က ဒီမိုကရေစီစနစ် အောင်မြင်ရေးအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် မဏ္ဍိုင်သုံးရပ် အပြန်အလှန်ထိန်းကြောင်းရေးတွင် သတင်းမီဒီယာမှ လွတ်လပ်မှု၊ တာဝန်သိမှုတို့ဖြင့် တည့်မတ်မှန်ကန်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ သင်တန်းသို့ ကျိုင်းတုံခရိုင်နှင့် မိုင်းဆတ်ခရိုင်များရှိ မြို့နယ်အသီးသီးမှ မီဒီယာသင်တန်းသားသင်တန်းသူ ၅၅ ဦးတက်ရောက်ခဲ့ကာ သင်တန်းကို မတ် ၁၂ ရက်နှင့် ၁၃ ရက် နှစ်ရက်ကြာဖွင့်လှစ်ပို့ချပြီး ၁၄ ရက်နေ့တွင် မီဒီယာသင်တန်းဆင်းပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## ဇူလိုင်လမှာ နည်းပြသစ်အလုပ်ကို စတင်မယ်ဆိုတဲ့ မော်ရင်ဟို

မန်ယူနည်းပြ ဗန်ဟားလ် ဖိအားပေးခံနေရချိန်မှာ ချယ်လ်ဆီးက အလုပ်ဖြုတ်လိုက်တဲ့ မော်ရင်ဟိုက သူ့အနေနဲ့ နည်းပြသစ်အလုပ်ကို ဇူလိုင်လမှာ စတင်သွားမယ်လို့ မော်ရင်ဟိုက အတည်ပြုပြောကြားလိုက်ပါတယ်။ မော်ရင်ဟိုဟာ မန်ယူနည်းပြဖြစ်ဖို့ အပြင်းအထန်ကြိုးစားနေသူဖြစ်ပါတယ်။ အင်တာမီလန်နဲ့ ရီးရဲမက်ဒရစ်နည်းပြဟောင်း မော်ရင်ဟိုဟာ ယခုနှစ်နွေရာသီမှာ မန်ယူကို ပြောင်းဖို့ သဘောတူထားပြီလို့ ဆိုပါတယ်။ သူဟာ မန်ယူနည်းပြအလုပ်ကို ယခုနှစ်ဘောလုံးရာသီအကုန်မှာ စတင်လုပ်ခွင့်ရဖို့မျှားနေပါတယ်။ သို့ပေမယ့် မော်ရင်ဟိုနဲ့ မန်ယူတို့ရဲ့ တရားဝင်စာချုပ်က ယခုအထိတော့ မတွေ့ရသေးပါဘူး။ ယခုနှစ်ရာသီအစောပိုင်းက အလုပ်ဖြုတ်ခံလိုက်ရတဲ့ မော်ရင်ဟိုဟာ နည်းပြအလုပ်နဲ့ အဆက်အသွယ်ပြတ်တောက်နေဆဲဖြစ်ပါတယ်။ လာမယ့် ရာသီမှာတော့ မန်ယူနည်းပြဖြစ်လာဖို့ ရှိနေပါတယ်။

## နယူးကာဆယ်ကိုရောက်လာတဲ့ ဘင်နီတက်ဇ်

နယူးကာဆယ်က လက်ရှိနည်းပြ စတိဗ်မက္ကလာရင်ကို အလုပ်ဖြုတ်လိုက်ပြီး လီဗာပူးနည်းပြဟောင်း ဘင်နီတက်ဇ်ကို စာချုပ်လိုက်ပြီဖြစ်ပါတယ်။ စိန့်ဂျိမ်းပတ်ခ်က စပိန်နိုင်ငံသား ဘင်နီတက်ဇ်ကို သုံးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တာပါ။ ဘင်နီတက်ဇ်အနေနဲ့ ပထမဆုံးပွဲအဖြစ် တနင်္လာနေ့မှာ လက်စတာစီးတီးနဲ့ ကစားမယ့်ပွဲမှာ နယူးကာဆယ်ကို စတင်ကိုင်တွယ်ရဖွယ်ရှိပါတယ်။ အမှတ်ပေးဇယားအောက်ခြေမှ လွတ်မြောက်ရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် လက်ရှိနည်းပြ မက္ကလာရင်ကို ဖြုတ်ချပြီး ဘင်နီတက်ဇ်ကို အစားထိုးဖို့ ကြိုးစားခဲ့တာဖြစ်ပါတယ်။ အသက် ၅၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘင်နီတက်ဇ်ဟာ နည်းပြအလုပ်နဲ့ အဆက်ပြတ်နေတာ အတန်ကြာခဲ့ပါပြီ။ သူ့ကို နယူးကာဆယ်နည်းပြအဖြစ်ခန့်ပြီးနောက် မိနစ် ၉၀ ကြာ အသင်းကစားသမားတွေနဲ့ လေ့ကျင့်မှုတွေ စတင်ပြုလုပ်ခဲ့ပါတယ်။ လက်ကျန်ပွဲစဉ်တွေမှာ နယူးကာဆယ်အတွက် အကောင်းဆုံးအနေအထား ရောက်အောင်ကြိုးစားပေးသွားမယ်လို့ ဘင်နီတက်ဇ်က ဆိုပါတယ်။




## အက်ဖ်အေနဲ့ ယူရိုပါလိဂ်မှ မန်ယူထွက်ရသော် ဗန်ဟားလ်ထွက်ရဖွယ်ရှိနေ

မန်ယူအသင်းအနေနဲ့ လာမယ့် သတင်းပတ်ထဲမှာ အက်ဖ်အေဖလားနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေကနေထွက်ရမယ်ဆိုရင် နည်းပြဗန်ဟားလ်ကို မန်ယူတာဝန်ရှိသူတွေက အလုပ်ကဖြုတ်ဖို့ရှိနေတယ်လို့ ဆိုပါတယ်။ မန်ယူဂလေဇာမိသားစုနှင့် ဒုတိယအမှုဆောင်အကြီးအကဲအက်ဝုဒ်ဝပ်ကတော့ ဒီနှစ်ရာသီမှာ အပြောင်းအလဲရှိမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ သို့ပေမယ့် ဗန်ဟားလ်ရဲ့ လက်ထောက်နည်းပြ ရှိုင်ယံဂစ်က မန်ယူရဲ့ ယာယီနည်းပြအဖြစ် ကိုင်တွယ်သွားဖွယ်ရှိနေပါတယ်။ လာမယ့်နည်းပြအတွက် ဆုံးဖြတ်ချက်မချရသေးပါဘူး။ မော်ရင်ဟိုကတော့ မန်ယူနည်းပြဖြစ်ဖို့ ကြိုးစားနေတာပါ။ လာမယ့် သတင်းပတ်ထဲမှာ ကစားမယ့် အက်ဖ်အေဖလားနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေဟာ မန်ယူအတွက် အလွန်ပင်အရေးကြီးနေပါတယ်။ ဒီပြိုင်ပွဲတွေကနေ မန်ယူထွက်ရမယ်ဆိုရင် ဗန်ဟားလ်လည်း ထွက်ရဖို့ ရှိနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ပြတ်သားတဲ့ရလဒ်တွေကို အပြိုင်အဆိုင်ပုံဖော်ကြမယ့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွေလာပြီ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ ရှုံးထွက်ပွဲစဉ်တွေကို မတ် ၁၆ ရက်နဲ့ ၁၇ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပေးမယ့် ဒီပွဲစဉ်တွေဟာ ပြိုင်ပွဲဝင်အသင်းတိုင်းရဲ့ ပရိသတ်တွေကို ရင်ခုန်လှိုက်မောစရာ ခံစားမှုတွေလည်း ပေးစွမ်းဦးမှာဖြစ်ပါတယ်။ ကစားသမားတိုင်းရဲ့ ခြေစွမ်းတွေနဲ့အတူ တိုက်စစ်မှူးတွေရဲ့ တောက်ပတဲ့ စွမ်းဆောင်မှုတွေက ပြိုင်ပွဲရလဒ်ကို စက္ကန့်ပိုင်းနဲ့အမျှ အပြောင်းအလဲတွေပေါ်ထွက်စေနိုင်တာ မို့ မျက်တောင်မခတ်စတမ်းအားပေးရဦးမယ့် ပွဲတွေအဖြစ် ရှုစားကြရဦးမှာ အသေအချာဖြစ်နေပြန်ပါတယ်။




**မိုးမြင့်လင်းလက်**

### မန်စီးတီးနှင့် ဒိုင်နမိုကိဗ်

ပထမအကျော့မှာ မန်စီးတီးတို့ အဝေးကွင်းဖြစ်ပေမယ့် သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာ ဖိအားနည်းနည်းနဲ့ ကစားနိုင်ပါလိမ့်မယ်။ ဒါပေမယ့် ဒိုင်နမိုကိဗ်ရဲ့ ထူးခြားချက်က အိမ်ကွင်းထက် အဝေးကွင်းမှာ နိုင်ပွဲရအောင် ကစားတတ်တာမို့ မန်စီးတီးတို့ ပေါ့ဆလို့တော့မရပါဘူး။ လောလောဆယ်မှာ ဒိုင်နမိုကိဗ်ရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်တွေကိုကြည့်ရင် တစ်ပွဲသာ ရှုံးထားပြီး နိုင်ပွဲ၊ သရေပွဲတွေရအောင် အားထုတ်နိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ဒီနှစ်ချန်ပီယံလိဂ် အဝေးကွင်းပွဲရလဒ်တွေကိုကြည့်ရင် ပေါ်တိုကိုနှစ်ဂိုးပြတ်နိုင်သလို မက္ကာဘီတဲလ်အဗစ်ကိုလည်း နှစ်ဂိုးပြတ်နိုင်ကာ ချယ်လ်ဆီးကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ပါတယ်။ မန်စီးတီးတို့ကတော့ ဒီနှစ်ချန်ပီယံလိဂ် အိမ်ကွင်းပွဲစဉ်တွေကိုကြည့်ရင် မိုချိန်ဂလာဘတ်ကို လေးဂိုး-နှစ်ဂိုးနဲ့နိုင်ပြီး ဆီဗီလာကိုနှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ကာ ဂျူဗင်တပ်စ်ကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ မန်စီးတီးတို့ကတော့ ဥရောပပွဲစဉ်တွေရဲ့ ပထမအကျော့အဝေးကွင်းမှာ နိုင်ပွဲရတိုင်း နောက်တစ်ဆင့်ကို တက်လှမ်းနိုင်တာများပါတယ်။ ဒိုင်နမိုကိဗ်တို့ကတော့ အင်္ဂလန်မြေမှာ လာကစားတိုင်း နိုင်ပွဲရခဲ့တာ မရှိတာမို့ ဒီပွဲမှာလည်း မျှော်လင့်ချက်တွေ ပျက်သုဉ်းသွားနိုင်ပါတယ်။

### အက်သလက်တီကိုနှင့် ပီအက်ဗွီ

ပထမအကျော့မှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့လို့ ဒီပွဲကတော့ ပြတ်သားတဲ့ရလဒ်အတွက် ခြေကုန်ဖွင့်ကြမယ့်ပွဲပါပဲ။ ဒီနှစ်ချန်ပီယံလိဂ်မှာ အိမ်ကွင်းသုံးပွဲကစားခဲ့ရာမှာ အက်သလက်တီကိုတို့ ဂါလာတာစာရေးနဲ့ အက်စ်တာနာတို့ကို နိုင်ပွဲရခဲ့ပြီး ဘင်ဖီကာကိုတော့ ရှုံးခဲ့ပါတယ်။ အက်သလက်တီကိုအသင်းဟာ ဟော်လန်ကလပ်တွေနဲ့ ကစားခဲ့တဲ့ (၁၁)ကြိမ်မှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲ ရှုံးထားပါတယ်။ ပီအက်စ်ဗွီတို့တော့ ဒီနှစ်ချန်ပီယံလိဂ်မှာ အဝေးကွင်းသုံးပွဲကစားခဲ့ရာမှာ မန်ယူကို ဂိုးမရှိသရေ၊ ဝုဖ်ဘတ်ကို နှစ်ဂိုးပြတ်ရှုံးပြီး စီအက်စ်ကေအေမော်စကိုအသင်းကိုလည်း ရှုံးခဲ့ပါတယ်။ ပီအက်စ်ဗွီအသင်းဟာ အခုအချိန်အထိ စပိန်မြေမှာ စုစုပေါင်း ၁၂ ကြိမ်သွားကစားခဲ့ရာမှာ နိုင်ပွဲတစ်ပွဲမှမရခဲ့ပါဘူး။ အက်သလက်တီကိုမှာ ဂရစ်ဇ်မန်း၊ ဂါဘီ၊ ကိုကီနဲ့ ဘေလ်တို့ကအတွဲညီပြီး ပွဲရလဒ်ကိုပြောင်းလဲနိုင်သူတွေ ဖြစ်ပါတယ်။ အစဉ်အလာအရရော လက်ရှိခြေစွမ်းအရပါ အက်သလက်တီကိုတို့ အသာစီးရပြီး နောက်တစ်ဆင့် တက်လှမ်းပါလိမ့်မယ်။

### ဘိုင်ယန်မြူးနစ်နှင့် ဂျူဗင်တပ်စ်

ပထမအကျော့မှာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ ဒီပွဲကတော့ ပြင်းထန်တဲ့ ထိပ်တိုက်ရင်ဆိုင်မှုပါပဲ။ ဘိုင်ယန်မြူးနစ်ရဲ့ ဒီနှစ်ချန်ပီယံလိဂ်မှာ အိမ်ကွင်းကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ဂိုးပြတ်သွင်းနိုင်ပွဲတွေချည်းရရှိခဲ့ပါတယ်။ လက်ရှိခြေစွမ်းကိုကြည့်ရင်လည်း နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးထားတာမို့ အိမ်ကွင်းမှာ အနိုင်ယူရေးအားထုတ်လာပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်တို့က အိမ်ကွင်းမှာ စီးရီးအေအသင်းတွေနဲ့ (၁၉)ကြိမ် တွေ့ဆုံခဲ့ရာမှာ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ကိုးပွဲရှုံးထားတဲ့ မှတ်တမ်းရှိထားပါတယ်။ ဂျူဗင်တပ်စ်တို့က ဒီနှစ်ချန်ပီယံလိဂ်အဝေးကွင်းသုံးပွဲကစားခဲ့ရာမှာ တစ်ပွဲသရေ၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားပါတယ်။ ဂျူဗင်တပ်စ်ရဲ့ ထူးခြားမှုက ဥရောပအဆင့်ပွဲစဉ်တွေမှာ ပထမအကျော့အိမ်ကွင်းမှာ သရေပွဲဖြစ်တိုင်း နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့မှု များတာကြောင့် ဘိုင်ယန်မြူးနစ်တို့ အလေးထားကစားမှရပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်ရဲ့ အားနည်းချက်က ဒဏ်ရာရကစားသမားတွေ များနေတာပါပဲ။ ဒါပေမယ့် အိမ်ကွင်းစွမ်းဆောင်မှုကောင်းတဲ့ ဘိုင်ယန်မြူးနစ်တို့ပဲ နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်လှမ်းသွားပါလိမ့်မယ်။

### ဘာစီလိုနာနှင့် အာဆင်နယ်

ပထမအကျော့အဝေးကွင်းမှာ နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားတဲ့ ဘာစီလိုနာတို့ အခုပွဲအိမ်ကွင်းမှာ ဂိုးမပြတ်သွင်းနိုင်ရေး ကြိုးစားပါလိမ့်မယ်။ အာဆင်နယ်တို့က ဒီနှစ်ချန်ပီယံလိဂ် အဝေးကွင်းသုံးပွဲကစားခဲ့ရာမှာ အိုလံပီယာကော့စ်ကိုပဲ နိုင်ပွဲရခဲ့ပြီး ဘိုင်ယန်မြူးနစ်နဲ့ ဒိုင်နမိုကိဗ်တို့ကို ရှုံးခဲ့ပါတယ်။ ချန်ပီယံလိဂ်လက်ရှိချန်ပီယံ ဘာစီလိုနာတို့က အိမ်ကွင်းမှာ ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ် ကိုးပွဲဆက်တိုက်နိုင်ပွဲရယူနိုင်တဲ့ အသင်းဖြစ်ပြီး အကောင်းဆုံးခြေစွမ်းကို ပြသထားပါတယ်။ ဒ့ါအပြင် အင်္ဂလန်ကလပ်တွေနဲ့ အိမ်ကွင်းမှာ လက်ခံကစားတိုင်း ၁၇ ပွဲနိုင်ကာ သရေပွဲ ၁၁ ပွဲဖြစ်ပြီး နှစ်ပွဲသာရှုံးထားတဲ့ မှတ်တမ်းရှိထားပါတယ်။ အာဆင်နယ်တို့ကတော့ ဥရောပပွဲစဉ်တွေမှာ ပထမအကျော့ရှုံးပွဲကြုံထားတိုင်း နောက်တစ်ဆင့် တက်ရောက်နိုင်ခြင်းမရှိတာ တွေ့ရပါတယ်။ ဒါကြောင့် အစဉ်အလာအရရော လက်ရှိခြေစွမ်းအရပါ အိမ်ရှင်ဘာစီလိုနာတို့ပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။ ။

# ကချင်ပြည်နယ်သို့ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်လိုင်းများကို ဒေါနဘွားယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်

**မန္တလေး မတ် ၁၃**

မန္တလေး အောင်မြေသာစံမြို့နယ် သီရိမန္တလာ ယာဉ်ရပ်နားစခန်းမှ ကချင်ပြည်နယ်သို့ ထွက်ခွာသည့် အဝေးပြေးခရီးသည်ယာဉ်လိုင်း ၄၅ လိုင်းကို ဒေါနဘွားယာဉ်ရပ်နားစခန်းသို့ မတ် ၁၁ ရက်က ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သီရိမန္တလာကားကွင်းတွင် ယာဉ်အသင်းပေါင်း ၁၃၈ သင်း၊ ယာဉ်အစီးရေ ၈၆၈၀ ရှိသော်လည်း ယာဉ်ဝင်းအကျယ်အဝန်းမှာ နှစ်ဧကခွဲသာ ကျယ်ဝန်းသဖြင့် ခရီးသည်ယာဉ်များဖြင့် ပြည့်ကျပ်ကာ ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုများ ဖြစ်နေခြင်းကြောင့် အောင်မြေသာစံမြို့နယ် ဒေါနဘွားယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက ပြောင်းရွှေ့ဖို့ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ မြို့တော်စည်ပင်သာယာရေးတို့ ညှိနှိုင်းပြီး ဒေါနဘွားကားကွင်းမှာ လိုအပ်တာတွေ ပြင်ဆင်ခဲ့တယ်။ ဂိတ်ခန်း ၁၀ ခန်း အသစ်ဆောက်လုပ်ပြီး လိုအပ်တဲ့အသင်းတွေအတွက် မဲနှိုက်နေရာချပေးခဲ့တာပါ။ ခုလိုပြောင်းရွှေ့လိုက်တော့ မူလကားကွင်းမှာ ယာဉ်ကြောကျပ်တာ လျော့နည်းသွားမယ်" ဟု တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးကျော်ဆန်းက ပြောသည်။





ပြောင်းရွှေ့ဖွင့်လှစ်သည့် ဒေါနဘွား ယာဉ်ရပ်နားစခန်းသည် ဧရိယာ ၄ ဒသမ ၃၈၃ ဧက ကျယ်ဝန်းပြီး မန္တလေးမြို့မှ ကချင်ပြည်နယ်ဘက်သို့ ထွက်ခွာသည့် ယာဉ်လိုင်း ၄၅ လိုင်းကို ပြောင်းရွှေ့ခြင်းဖြစ်ကြောင်း၊ လိုအပ်သည့် ဂိတ်ခန်းများကို ဆက်လက်တည်ဆောက်ရန်အတွက် မြို့တော်စည်ပင်နှင့် ညှိနှိုင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလို ကျယ်ဝန်းတဲ့ကားကွင်းကို ပြောင်းရွှေ့လိုက်ခြင်းဖြင့် ယာဉ်လိုင်းတွေအတွက် အဆင်ပြေသွားမယ်။ ယာဉ်လိုင်းတွေက အိမ်အရောက်ကြိုပို့စနစ် လုပ်ထားကြတော့ သူတို့ရဲ့ခရီးသည်တွေအတွက် အဆင်ပြေပါတယ်။ ဆက်လက်ပြီး ဂိတ်ခန်းနေရာတွေ တိုးချဲ့ဖို့လည်း လုပ်ဆောင်နေပါတယ်"ဟု တိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီ(အဝေးပြေး) ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောသည်။

ဒေါနဘွားကားကွင်းသို့ပြောင်းရွှေ့သည့် ယာဉ်လိုင်း ၄၅ လိုင်းတွင် ယာဉ်အစီးရေ ၄၅၀ ခန့်ရှိကြောင်းနှင့် ပြောင်းရွှေ့ရာတွင် ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း စနစ်တကျနှင့် တိုးတက်မှုရှိရန် ဌာနဆိုင်ရာများနှင့်ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီက အနီးကပ်ထိန်းသိမ်းကြီးကြပ်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**တောင်တွင်းကြီး မတ် ၁၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဖျောက်ဆိတ်ကုန်းကျေးရွာရှိ ယာယီမီးဘေးကယ်ဆယ်ရေးစခန်းမှ မီးဘေးသင့်အိမ်ထောင်စုများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို မတ် ၁၁ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ယာယီမီးဘေးကယ်ဆယ်ရေးစခန်းမှ မီးဘေးသင့်အိမ်ထောင်စု ၉၀ အတွက် တန်ဖိုးကျပ်သိန်း ၂၀ ကျော်ရှိ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် အိမ်သုံးပစ္စည်းများကို အိမ်ထောင်စုတစ်စုချင်းထံသို့ ခွဲဝေလှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဖျောက်ဆိတ်ကုန်းကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များက လာရောက်လှူဒါန်းလျက်ရှိရာ မတ် ၁၁ ရက်အထိ အိမ်ထောင်စုတစ်စုလျှင် အလှူငွေကျပ် ၅၁၀၀၀၀၊ ဆီ ၁၂ ပိဿာ၊ ဆန် ၃၃ တင်း၊ သွပ် ၃၂ ချပ်နှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။ စေတနာရှင်ပြည်သူများ လှူဒါန်းထားသည့် အလှူငွေများမှ ကျန်ရှိနေသည့် အလှူငွေကျပ် ၃၅၇ သိန်းကျော်ကိုလည်း အိမ်ထောင်စုတစ်စုစီသို့ အညီအမျှခွဲဝေ၍ ဆက်လက်ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၁၅)**

# အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက် ပိုစတာများစိုက်ထူ

**အောင်လံ မတ် ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ ဒေသခံပြည်သူများ ရာသီဥတုပူပြင်းမှုကို သတိပြုရေးအတွက် အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက် ပိုစတာများကို လူစည်ကားရာနေရာများဖြစ်သော သရက်မော်တော်ဆိပ်၊ စည်ပင်သာယာမြို့မဈေးနှင့် ရွာထောင်တာဝ့တို့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့်အဖွဲ့ မတ် ၁၁ ရက်က စိုက်ထူခဲ့ကြောင်း သိရသည် ။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော အဖွဲ့က ပိုစတာများကို စိုက်ထူခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အောင်လံမြို့ပေါ်ရှိ ရွာထောင်ရပ်ကွက်၊ စက်ရုံရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ရေပြင်း၊ မိုးဖုံး ၊ ရေနံကြီး၊ မိုးကောင်း၊ ရွှေညောင်ပင် စသည့် ကျေးရွာများမှ ပြည်သူများကိုလည်း အယ်နီညိုကြောင့်ဖြစ်ပေါ်နိုင်သော သဘာဝဘေးအန္တရာယ်များနှင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကို မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ဟောပြောခဲ့ကြပြီး အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဝေငှပေးခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# ဖမ်းဆီးရမိသည့် သစ်လုံး၊ သစ်ခွဲသားနှင့်မီးသွေးများ လေလံတင်ရောင်းချ

**မြိုင် မတ် ၁၃**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် သစ်တောဦးစီးဌာနက မြို့နယ်အတွင်းမှ ဖမ်းဆီးရမိသည့် သစ်လုံး၊သစ်ခွဲသားနှင့် မီးသွေးများကို သစ်တောဦးစီးဌာနမှ စည်းကမ်းချက်နှင့်အညီ လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် မတ် ၁၂ ရက်က လေလံတင်ရောင်းချခဲ့ကြောင်း သိရသည်။



မြိုင်မြို့နယ် သစ်တောဦးစီးဌာနရုံးခန်း၌ ပြုလုပ်သည့် လေလံတင်ရောင်းချပွဲတွင် ဖမ်းဆီးရမိထားသည့် ပုံစံ (၈) ဝင် ကျွန်းနှင့် သစ်မာ အလေးချိန် ၄၇ ဒသမ ၉၀၃၅ တန်၊ အုပ်စု(၂) အခြားသစ်ခွဲသား အလေးချိန် ၁၅ ဒသမ ၀၀၆၁ တန်နှင့် မီးသွေး ၄၅ ပေါင်ဝင်အိတ် ၅၄ အိတ် (အလေးချိန် ၈ ဒသမ ၆၄ တန်) တို့ကို ရောင်းချခဲ့ခြင်းဖြစ်သည်။ လေလံတင်ရောင်းချရာတွင် ပခုက္ကူခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ မကွေးခရိုင်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်း၊ မြိုင်မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဝင်းနိုင်ဦးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခိုင်မင်းထွန်းတို့ပါဝင်သည့် မြို့နယ်လေလံတင်ရောင်းချရေးအဖွဲ့က လေလံစည်းကမ်းချက် (၁၁) ချက်နှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် ရောင်းချခဲ့ပြီး လေလံတင်ရောင်းချမှုမှ ငွေကျပ် ၂၁၅ သိန်းကျော်ရရှိခဲ့ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**



# ရေပြတ်လပ်မှုမရှိစေရေး ကျေးရွာများသို့ ကွင်းဆင်းပညာပေး

**ကျောက်ပန်းတောင်း မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ညောင်ပင်သာကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ အယ်နီညိုရာသီဥတုကြောင့် ရေပြတ်လပ်မှုမရှိစေရန်နှင့် စိုက်ပျိုးရေနှင့် သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲနိုင်ရေးအတွက် မြို့နယ်ကြီးကြပ်မှုကော်မတီဝင်များက ပညာပေးဆွေးနွေးမှုများကို မတ် ၁၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်ကြီးကြပ်ရေးကော်မတီဝင်များသည် တလင်းကုန်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့မှ တောင်သူများအားတွေ့ဆုံ၍ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ကြုံတွေ့လာပါက တွေ့ကြုံလာနိုင်သည့်အခက်အခဲများနှင့် စိုက်ပျိုးရေနှင့်သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ပြင်ဆင်ထားမှုများ၊ တောင်သူများအနေဖြင့် စိုက်ပျိုးရေပြတ်လပ်မှုမရှိစေရန် ဆောင်ရွက်သင့်သည်များကို မြို့နယ်ကြီးကြပ်မှုကော်မတီဝင်များဖြစ်ကြသည့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးတို့က ဆွေးနွေးဟောပြောခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည်။ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာများ၌လည်း အယ်နီညိုရာသီဥတုဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သော ရေအခက်အခဲများကို ဖြေရှင်းကျော်လွှားနိုင်ရန်အတွက် ကျောက်ပန်းတောင်းမြို့နယ် ကြီးကြပ်ရေးအဖွဲ့အနေဖြင့် ကျေးရွာများသို့ကွင်းဆင်း၍ ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေအောင်(iprd)**

# ခေတ်မီစက်ကိရိယာများဖြင့် ဂျုံရိတ်သိမ်းမှု သရုပ်ပြ

**ချောင်းဦး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်းရှိ ခေတ်မီစက်ကိရိယာများဖြင့် ဂျုံရိတ်သိမ်းမှု တောင်သူနည်းပညာပေးသရုပ်ပြပွဲကို မတ် ၁၁ ရက်က ပြုလုပ်ခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ ပေါက်အင်းစိုက်ကွင်း၌ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း စိုက်ပျိုးထားသည့် ဂျုံနှင့်ကုလားပဲသီးနှံများ မျိုးသန့်ပွားများထုတ်လုပ်ရေး နည်းပညာနှင့် GAP စနစ်ဖြင့် စိုက်ပျိုးထားသော သီးနှံများအား ခေတ်မီစက်ကိရိယာများဖြင့် ရိတ်သိမ်းမှုကို သရုပ်ပြခဲ့ခြင်းဖြစ်သည်။

သရုပ်ပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံ ဦးထွန်းရှိန်၊ ဒုတိယမှူး ဦးဝင်းမြင့်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းတို့က ပြောင်းလဲလာသော ရာသီဥတုအခြေအနေနှင့် အယ်နီညိုရာသီဥတုအခြေအနေအပေါ်မူတည်၍ သီးနှံစိုက်ပျိုးရာတွင် ရေအသုံးချမှုနည်းနိုင်သမျှနည်းရန်နှင့် ရေလိုအပ်ချက်အနည်းဆုံးသီးနှံများ စိုက်ပျိုးရန်၊ သုတေသနနှင့်သီးနှံများ မျိုးသန့်ပွားထုတ်လုပ်ရေး နည်းပညာအကြောင်း စသည်တို့ကို တောင်သူများအား ရှင်းလင်းပြောကြားပြီး GAP စနစ်ဖြင့် စိုက်ပျိုးထားသော ဂျုံများကို ခေတ်မီစက်ကိရိယာများဖြင့် ရိတ်သိမ်းခဲ့ကြကြောင်း သိရသည်။

**ရဲအောင်(ချောင်းဦး)**



# လေးဖက်နာရောဂါအမျိုးမျိုးနှင့် မြန်မာ့ဆေး

ကြည်လွင်မြင့်(မုဒြာ)

လေးဖက်နာဟုခေါ်ရခြင်းမှာ လူတို့ နေ့စဉ်အသုံးပြုနေရသော ခြေနှစ်ဖက်၊ လက်နှစ်ဖက်ရှိ အဆစ်အမျက်များ နာကျင်ရောင်ရမ်းသော ရောဂါဖြစ်သောကြောင့် ခေါ်ခြင်းဖြစ်သည်။ လေးဖက်လုံးနာမှသာ လေးဖက်နာအစစ်ဖြစ်သည်။

အဆစ်ရောင်လေးဖက်နာသည် လေဖြတ်ခြင်းပြီးလျှင် ဒုတိယလိုက်သော ကိုယ်အင်္ဂါချို့ယွင်းစေသည့်ဝေဒနာမျိုးဖြစ်သည်။ သွားလာလှုပ်ရှားမှုဖြင့် ဝမ်းစာရှာဖွေရသော လူ့ဘဝတွင် အသွားအလာအဆင်းအတက် မပြုနိုင်သောဒုက္ခကိုပေးသည့် ဝေဒနာဆိုးဖြစ်သည်။

လေးဖက်နာသည် အဆစ်အမျက်များသို့ရောက်သော သွေးတွင် ဝါယောဓာတ်ပါလာသဖြင့် လေပူဖောင်းများဖြစ်ပြီး ဖောင်းကား၍ရောင်လာသည့် ရောဂါမျိုးဖြစ်သည်။ သွေးကြောတွင် သွေးများစီးဆင်းရာ၌ လေပူဖောင်းများ ရောပါလာပြီး အဆစ်များသို့ရောက်သောအခါ လေပူဖောင်းပေါက်ပြီးကျန်ခဲ့သော သဘောတရားဖြစ်သည်။ ထို့ကြောင့် လေစာများဖြစ်သော မျှစ်၊ မျှစ်ချဉ်၊ ပဲပင်ပေါက်၊ ဝမ်းတွင်းသားများသည် လေးဖက်နာနှင့် မတည့်ခြင်းဖြစ်သည်။

လေးဖက်နာအမျိုးမျိုးတို့တွင် အဆစ်ကြီးများ တစ်ဆစ်နှစ်ဆစ်ရောင်လျှင် ဂေါက်(Gout)ရောဂါအဆင့်သာ သတ်မှတ်ပြီး ထို့ထက်နာလျှင် အဆစ်သုံးဆစ်ထက်ပိုပြီး ရောင်လျှင်၊နာလျှင် လေးဖက်နာအဆင့် သတ်မှတ်သည်ဟု ဆရာဝန်ကြီးများက အမိန့်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ သတ်မှတ်ချက်အရ အရိုးအဆစ်ရောဂါအုပ်စုကြီး ငါးခုရှိသည်။

၁။ အဆစ်ရောင်ရောဂါအုပ်စု
၂။ ခါးနာရောဂါအုပ်စု
၃။ အရိုးရောဂါများအုပ်စု
၄။ အဆစ်နာရောဂါအုပ်စု
၅။ သွေးကြောရောဂါအုပ်စု တို့ ဖြစ်ပါသည်။

အဆစ်ရောင်ရောဂါများမှာ (အနောက်တိုင်းနည်းအရ)

(က) သွေးတွင်းခုခံဓာတ်ပေါ်သော အဆစ်ရောင်ရောဂါ
 (၁) သွေးလေးဖက်နာ(ra)
 (၂) အရေပြားလေးဖက်နာ(sle)
 (၃) အရေပြားထူ အဆစ်နာ(Scleroderma)
(ခ) သွေးတွင်းခုခံဓာတ်မပေါ်သော အဆစ်ရောင်ရောဂါ
 (၁) အဆစ်ရောင်အရေပြားနာ(Psoriasis)
 (၂) တုံ့ပြန်လေးဖက်နာ(Reactive Arthritis, Reiter's)
 (၃) ပိုးလေးဖက်နာ(Rheumatic fever)

တို့ဖြစ်ကြောင်း တွေ့ရှိရသည်။

ရှေးဟောင်း အာယုဗေဒဆေးကျမ်းတစ်ဆူဖြစ်သည့် အမြိတ္တသာဂရဆေးကျမ်းကို ဆရာကြီးဦးတင်ဦးက ရန်ကုန်မြို့ သိမ်ဖြူကျောင်းတိုက်ဆရာတော် အရှင်နာဂသေနထံမှရယူပြီး ၁၉၆၂ ခုနှစ်တွင် မူရင်းသက္ကတဘာသာ၊ ဟိန္ဒူဘာသာတို့မှ ဘာသာပြန်ထုတ်ဝေခဲ့ရာ ထိုအမြိတ္တသာဂရဆေးကျမ်းတွင်

၁။ အာမဝါတ(အဆစ်ရောင်ကိုက်)ရောဂါ
၂။ ဝါတရတ္တ(ပါဒရက်)ရောဂါ
၃။ ဥရုထမ္ဘ(ဒူးကြီးသော)ရောဂါဟု

လေးဖက်နာနှင့်နီးစပ်သော ရောဂါကုထုံးများကို တွေ့ရပါသည်။

၄င်းသုံးမျိုးမှ ယခုစာရေးသူတင်ပြနေသော အဆစ်ရောင်ကိုက်လေးဖက်နာနှင့် နီးနွယ်နေသော အာမဝါတ(အဆစ်ရောင်ကိုက်)ရောဂါအကြောင်းကို ကျမ်းရင်းတွင်ပါရှိသည့်အတိုင်း ဆရာကြီးဦးတင်ဦး ဘာသာပြန်သည့်အတိုင်း ကူးယူဖော်ပြလိုပါသည်။

**အာမဝါတ(အဆစ်ရောင်ကိုက်)ရောဂါ**

ပါစကမီးညံ့သောသူသည် မသင့်သော၊ ခွဲပျစ်သောအစားအစာကို စား၏။ လှုံ့လကြိုးကုတ်အားထုတ်မှုတစ်စုံတစ်ရာကို မပြုလုပ်ဘဲနေ၏။ ထိုအခါ လေသည် ပို့ဆောင်အပ်သော မကြေကျက်သောအစာ၏ အရည်သည် သလိပ်၏တည်နေရာဌာန နှလုံးအိမ်သို့ရောက်၍



ထိုမှတစ်ဖန် အကြောတို့သို့ ရောက်၏။ အကြောတို့၏ အပေါက်တို့ကိုပိတ်၍ ပါစကမီးကို နှံ့စေလျက် နှလုံးကို လေးလံခြင်းကို ပြု၏။ ထိုမှတစ်ပါး အဆိုပါသလိပ်နှင့် လေတို့သည် ဖောက်ပြန်ခြင်းဖြစ်၍ ဝမ်းဗိုက်နှင့် တိသန္ဓိဌာနများသို့ဝင်၍ ခန္ဓာကိုယ်ကို တောင့်တင်းခိုင်မာစေ၏။ ထိုရောဂါကို 'အာမဝါတ' အဆစ်ရောင်ကိုက်ရောဂါဟု ခေါ်ဆို၏။ ထိုအာမဝါတရောဂါသည် လေးမျိုးရှိ၏။ လေးမျိုးဟူသည်-

| | | |
|---|---|---|
| (၁) | ဝါတာဓိက | လေလွန်ကဲ၍ဖြစ်သော အာမဝါတရောဂါ။ |
| (၂) | ပိတ္တာဓိက | သည်းခြေလွန်ကဲသော အာမဝါတရောဂါ။ |
| (၃) | ကဖာဓိက | သလိပ်လွန်ကဲသော အာမဝါတရောဂါ။ |
| (၄) | သန္နိပါတာဓိက | သန္နိပါတ်လွန်ကဲသော အာမဝါတရောဂါ။ |

(ဒေါသသုံးပါးလက္ခဏာရောနှော)အားဖြင့် လေးမျိုးဖြစ်သည်။

ကိုယ်အင်္ဂါကြီးငယ်တို့၌ ကိုက်ခဲခြင်း၊ နှုတ်မမြိန်ခြင်း၊ ရေငတ်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်လေးလံခြင်း၊ ဖျားခြင်း၊ အစာမကြေခြင်း၊ ကိုယ်အင်္ဂါများရောင်ရမ်းခြင်း ဖြစ်ခဲ့သော် အာမဝါတရောဂါ၏လက္ခဏာဟု မှတ်အပ်ကုန်၏ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။

လေးဖက်နာသည် နာတာရှည်ရောဂါဖြစ်သည်။ ဆေးမြီးတို၊ ဆေးနည်းတိုများဖြင့် မပျောက်ကင်းနိုင်ပါ။ မြစ်ချင်းပြီးဆေးနည်းဟူ၍ မတွေ့ဖူးသေးပါ။ ဓာတ်ကြီးလေးပါးကို ရာသီအလိုက်ညှိပြီး ဆေးပေးနိုင်သည့် ဝါရင့်သမားတော်ကြီးများနှင့် တိုင်ပင်ကုသသင့်သည်။

အချို့လေးဖက်နာဝေဒနာရှင်များမှာ အနောက်တိုင်းဆေးနှင့်ကုသရင်း အကိုက်အခဲပျောက်ဆေးများ အသောက်များလာသောအခါ အစာအိမ်နှင့် အူလမ်းကြောင်းတွင် အနာများဖြစ်လေ့ရှိသည်။ အချို့သည် အကိုက်အခဲပျောက်ဆေးကို မဆင်မခြင်သောက်လွန်းသဖြင့် အစာအိမ်သွေးကြောပေါက်ပြီး သေရသူပင်ရှိသည်။

ဓာတ်ကြီးလေးပါးတို့တွင် ပထဝီနှင့် အာပေါဓာတ်တို့ လွန်ကဲလျှင် အဆစ်အမျက်များ တောင့်တင်းမည်။ တင်းကျပ်မည်။ တေဇောနှင့် ဝါယော ဓာတ်ကြီးနှစ်ပါး လွန်ကဲလျှင် အဆစ်များကိုက်ခဲမည်ဖြစ်သည်။

ဓာတ်စာအနေဖြင့် ပထဝီနှင့် အာပေါဓာတ်တို့လွန်ကဲလျှင် အသားဓာတ်ကို လျှော့စားရန်လိုသည်။ အထူးသဖြင့် ခြေလေးချောင်းသား အမဲသား၊ နီသောအသားများကို ရှောင်ရန်လိုသည်။ တေဇောဓာတ်နှင့် ဝါယောဓာတ်တို့ လွန်ကဲလျှင် အချဉ်၊ အစပ်၊ အခါးဓာတ်တို့ကို လျှော့စားရမည်ဖြစ်သည်။

အမှန်မှာ ချို၊ ချဉ်၊ ငန်၊ ဖန်၊ ခါး၊ စပ် အရသာခြောက်ပါးလုံး မျှတအောင်စားရန် လိုသည်။ လွန်ကဲမှုတစ်ခုခုဖြစ်လျှင် ရောဂါတစ်မျိုးမျိုး ဖြစ်လာနိုင်သည်။ ရှောင်ကြဉ်သည်ဆိုပြီး လုံးဝမစားဘဲလည်း မနေအပ်၊ မပြုအပ်ပေ။ ဓာတ်ဆရာတို့သည် မျှတအောင်ကြည့်ပြီး ဓာတ်စာပေးရမည်ဖြစ်သည်။ ရှေးကလူကြီးများ အသက်ရှည်ကြခြင်းမှာ ရာသီစာ၊ ဓာတ်စာတို့ကို နားလည်သဘောပေါက်ပြီး မျှတအောင်စားသုံးကြခြင်းကြောင့် ဖြစ်သည်။ အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်သည်။

လေးဖက်နာနှင့် ဂေါက်ရောဂါသမားများအတွက် ရှောင်ကြဉ်ရမည့်အစားအစာများမှာ ခြေလေးချောင်းနှင့် ခြေနှစ်ချောင်းရှိ သတ္တဝါများမှရသောအသားကို လွန်ကဲစွာစားသုံးခြင်း၊ ဝမ်းတွင်းကလီစာနှင့် ဥများဖြစ်သည်။

ငါးစားလျှင် Uric Acid မတက်။ ကိုလက်စထရောမတက်ဟု ဆိုကြသည်။ ငါးမှရသော အဆီဓာတ်တွင် အိုမီဂါ(၃) ဖက်တီးအက်စစ်ပါသဖြင့် သွေးကြောကျဉ်းရောဂါများအတွက် ကောင်းသည်ဟု ဆိုကြသည်။ သို့သော် အချို့ ငါးမွေးမြူရေးမှငါးများတွင် မွေးမြူရေးအစာကျွေးရာ၌ ဓာတုဗေဒပစ္စည်းများ ဆေးများပါဝင်ခြင်း၊ အစာစပ်ရာတွင် ငါးအတွက်အသားတိုးဆေး၊ ရောဂါကာကွယ်ဆေးများ ထည့်ကျွေးသဖြင့် ၄င်းဆေးများကြောင့် စားသုံးသူများကို အဆစ်အမျက်ရောင်ကိုက်ရောဂါများ ဖြစ်စေနိုင်ကြောင်း ဆေးပညာဂျာနယ်တစ်စောင်တွင် မကြာသေးမီက ဖတ်ရှုလိုက်ရသည်။ ဓာတုဗေဒပစ္စည်းများသည် ငါးများတွင်လည်း မလွတ်ကင်းကြောင်း တွေ့ရသည်။

လေးဖက်နာအတွက် သက်သတ်လွတ်စားလျှင် အသီးအနှံစားလျှင် အကျိုးရှိကြောင်း တိုက်တွန်းလိုသော်လည်း ထိုဓာတုဗေဒပစ္စည်းများကို အသီးအရွက်ကြီးထွားရန် မြေဩဇာတွင်သာမက အပင်ဖျန်းဆေး၊ အသီးကြီးထွားဆေး၊ အရောင်လှအောင် သုတ်လိမ်းသောဆေး၊ အသီးမှည့်မြန်အောင် သုတ်လိမ်းသောဆေးများ ပေါ်နေပြီး သုံးစွဲနေပြီဖြစ်သည်။ တိုးတက်သောခေတ်၏ ဆုတ်ယုတ်သော ကျန်းမာရေးကဏ္ဍပင်ဖြစ်သည်။

**လေးဖက်နာ ဆေးနည်းကောင်း**

| | | |
|---|---|---|
| ၁။ | တောင်မရိုးပင် အခေါက်မှုန့် | ၁၀ ကျပ်သား |
| ၂။ | မြင်းခွာ(နွယ်) အခြောက်မှုန့် | ၁၀ ကျပ်သား |
| ၃။ | ပဲနံ့သာစေ့ | ၅ ကျပ်သား |
| ၄။ | ဆင်သမနွယ် | ၅ ကျပ်သား |
| ၅။ | နံ့သာနီ | ၃ ကျပ်သား |
| ၆။ | ကရဝေးရွက် | ၂ ကျပ်သား |
| ၇။ | စူလာနဖာ | ၂ ကျပ်သား |
| ၈။ | ဆေးပုလဲ | ၂ ကျပ်သား |
| ၉။ | မုတ်ခါးစစ်စစ် | ၁ ကျပ်သား |

(စုစုပေါင်းဆေးချိန် ၄၀ ကျပ်သား)

ဆေးအမယ်အားလုံးရော၍ အမှုန့်ကြိတ်ပါ။ ပျားရည် ၂၅ ကျပ်သားနှင့် ရောတေစားပါ။ တစ်ကြိမ်လျှင် ဟင်းစားဇွန်းဖြင့် တစ်ဇွန်းမှ နှစ်ဇွန်း၊ နံနက်၊ ည တစ်နေ့နှစ်ကြိမ် တစ်လခွဲစားရမည်။ လေးဖက်နာအားလုံးနှင့်သင့်သော ဆေးနည်းဖြစ်သည်။ ဘေးထွက်ဆိုးကျိုးမရှိပါ။ စာရေးသူ၏ကိုယ်ပိုင် လေးဖက်နာပျောက်ဆေးနည်း ဖြစ်သည်။ မည်သူမဆိုဖော်စပ်ပြီး မျှဝေကုသိုလ်ပြုနိုင်ပါသည်။ ။

# ပေါင်မြို့၌ ဇီကာရောဂါကာကွယ်ရေးနှင့် လူထုကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြော



**ပေါင် မတ် ၁၃**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဇီကာဗိုင်းရပ်စ်ရောဂါနှင့် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ကြိုတင်ကာကွယ်ရေး လူထုကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ကဒါရပ်ကွက်ရှိ မြို့ဦးဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ မတ် ၁၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပေါင်မြို့နယ် ကျန်းမာရေးဌာနဦးစီးမှူး ဒေါက်တာခင်စုစုဟန်က ကမ္ဘာပေါ်တွင် ခြင်ကိုက်ခြင်းကြောင့် ဖြစ်ပွားလျက်ရှိသော ဇီကာဗိုင်းရပ်စ်နှင့် သွေးလွန်တုပ်ကွေးရောဂါများကို ကြိုတင်ကာကွယ်ရေး၊ နွေရာသီရေရှားပါးချိန်တွင် ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး စသည်တို့ကို ပညာပေးဟောပြောပြီး ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စိုးစိုးစံက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဟောပြောပွဲတက်ရောက်သော ပြည်သူများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြသည့်အပြင် ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများ ဖြစ်ပွားမှုမရှိစေရန်အတွက် ရပ်ကွက်အတွင်း ခြင်ဆေးမှုတ်ခြင်း၊ ရေစည်၊ ရေတွင်း ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းများကိုလည်း ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းဝင်များ၊ ကင်းထောက်လူငယ်အဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတို

### ထီးလင်းတွင် ပုလဲသွယ်စပါးစိုက်ပျိုးလျက်ရှိ

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် သရခါရွာ ကွင်းအမှတ်(၂၂၂)၌ အထူးအထွက်ကောင်း ဗီယက်နမ်ပုလဲသွယ်စပ်မျိုးစပါးများကို ပေါင်စနစ်ဖြင့် အခြောက်ပျိုးထောင်ခြင်း လက်တွေ့သရုပ်ပြမှုကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ မတ် ၁၀ ရက်က ပြုလုပ်ခဲ့ပြီး ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာခဲ့သည်။ ယခုနှစ်တွင် ရာသီဥတုပြောင်းလဲလာမှုကြောင့် နွေစပါးစိုက်တောင်သူများအနေဖြင့် ရေပြတ်လပ်မှုမရှိစေရန် ရေကိုချွေတာ၍ စနစ်တကျသုံးစွဲရေးကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(၁၀၁)**



**ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နွေရာသီအားကစားသင်တန်း၌ ဘောလုံးကစားနည်း လေ့ကျင့်နေသော ကျောင်းသားများ။** (တွံတေးမြို့နယ် နွေရာသီအားကစားသင်တန်းတွင် ဘောလုံး၊အေရိုဗစ်နှင့် မြန်မာ့သိုင်းအားကစားနည်းများကို မတ် ၁ ရက်မှ မတ် ၃၀ ရက်အထိ တစ်လကြာပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။)

မျိုးလှိုင်(တွံတေး)

# နွေရာသီကာလတွင် လှိုင်းတက်သောက်ရေအိုးများ လူသုံးများပြီး ရောင်းမလောက်ဖြစ်နေ

**မလှိုင် မတ် ၁၃**

ပူပြင်းသော နွေရာသီကာလတွင် အညာဒေသထွက် သောက်ရေအိုး (မြေအိုး) များကို အသုံးပြုသူများလာသဖြင့် မြေအိုးရောင်းသူများ အရောင်းဝယ်ကောင်းပြီး လုပ်သမျှ ရောင်းမလောက် ဖြစ်နေကြောင်း သိရသည်။

မြန်မာလူမျိုးများသည် သောက်ရေအိုးစင်ကို မရှိမဖြစ် ပစ္စည်းတစ်ခုအနေဖြင့် အိမ်တိုင်းတွင် ထားလေ့ရှိသည်။ ငွေကြေးတတ်နိုင်သူ အများစုက ရိုးရိုးရေအိုးစင်(မြေအိုး)အပြင် ရေအေးစက်၊ ရေခဲသေတ္တာစသည့် ခေတ်မီအသုံးအဆောင် ပစ္စည်းများကိုပါ ပူးတွဲသုံးစွဲလေ့ရှိကြသည်။ သို့သော်လည်း အညာကျေးလက်ဒေသများတွင် နွေရာသီကာလများ၌ သဘာဝအအေးဓာတ်ကို ပေးစွမ်းနိုင်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော မြေသောက်ရေအိုးများကိုသာ အသုံးပြုကြလေ့ရှိရာ ပူပြင်းသော နွေရာသီကာလများတွင် မြေသောက်ရေအိုး သုံးစွဲသူများပြားလာသဖြင့် မြေအိုးရောင်းသူများ အရောင်းအဝယ်ကောင်းပြီး ရောင်းမလောက်ဖြစ်နေကြောင်း သိရသည်။

သောက်ရေအိုး(မြေအိုး)များကို မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု မယ်ဇလီကန်ကျေးရွာ၌ ပြုလုပ်ပြီး မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်း၊ နေပြည်တော်စသည့် အနယ်နယ်အရပ်ရပ်သို့ တင်ပို့



ရောင်းချလျက်ရှိသည်။ လှိုင်းတက်အိုးဟု လူသိများသော်လည်း အမှန်တကယ်မှာ မယ်ဇလီကန်ကျေးရွာမှ ပြုလုပ်ခြင်းဖြစ်သည်။

"သောက်ရေအိုးအပြင်၊ ပန်းအိုး၊ ရေတကောင်း၊ မီးဖိုတို့ကိုလည်း လုပ်ပါတယ်။ ခုလို နွေရာသီမှာတော့ သောက်ရေအိုးကိုပဲ ဦးစားပေး လုပ်ပါတယ်။ ကျွန်တော်တို့ရွာကထွက်တဲ့ တစ်နေ့ကို အိုးကား လေးငါးစီးထွက်ပါတယ်။ ဝယ်လက်များလို့ နိုင်အောင် လုပ်မပေးနိုင်ပါဘူး။ ဒီကားပေါ်က သောက်ရေအိုးတွေက တောင်သာမြို့ကို သွားပို့ရမှာပါ။ အလုံး ၅၀၀ ကျော်လောက်ရှိပါတယ်။ အိုးမရှိလို့ ရှိတာတင်လာတာပါ။ တကယ်တမ်းတင်ရင် အိုး ၈၀၀ နီးပါး တင်နိုင်ပါတယ်။ အိုးတစ်လုံးကို ရွာမှာ အထိုင်ဈေး ကျပ် ၅၀၀ နှုန်း ရောင်းရပါတယ်။ တောင်သာအထိဆို ကားခ ခြောက်သောင်းခွဲနဲ့ အတင်အချ အလုပ်သမားခ တစ်သောင်းထပ်ပေးရပါတယ်"ဟု မယ်ဇလီကန်ကျေးရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သူ ကိုဇော်က ပြောသည်။

မယ်ဇလီကန်ကျေးရွာတွင် မြေအိုးကို တစ်ရွာလုံးနီးပါး ပြုလုပ်ကြကြောင်း၊ အထူးသဖြင့် မယ်ဇလီကန်ကျေးရွာမှ အမျိုးသမီးများမှာ အိုးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြကြောင်း သိရသည်

အောင်ဒွေး(မလှိုင်)

# ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်း အမှုဆောင်သစ်ရွေးချယ်

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို မတ်လပထမပတ်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ ကျင်းပရာ သဘာပတိဆရာကြီး ဦးရန်ကြီးအောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေး ဆရာအသင်း(ဗဟို) ဦးကြိုင်မြင့်(ဆူးလေ)က ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်အောင် (ဝါးခယ်မ-ဖျံငါးကောင်)က နှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဦးမောင်မြင့်(စိန်ဂွန်း-စံမောင်)က အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အမှုဆောင်ဟောင်းများ နုတ်ထွက်ကြပြီး ရွေးချယ်ရေးကော်မရှင်ဥက္ကဋ္ဌ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်အောင်ဌေး၊ အဖွဲ့ဝင်ဒေါက်တာဦးကျော်စိန်တို့ ပါဝင်သော အဖွဲ့ဝင်များက ဥက္ကဋ္ဌအဖြစ် ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ-ဖျံငါးကောင်)၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မြင့်(စိန်ဂွန်း-စံမောင်)၊ အတွင်းရေးမှူး တွဲဖက်ပါမောက္ခ ဒေါက်တာဝင်းလွင်၊ တွဲဖက်အတွင်းရေးမှူး ဦးသောင်းစိန်၊ ဘဏ္ဍာရေးမှူး ဦးတင်ရွှေ(မန်း)၊ အဖွဲ့ဝင်ဖွဲ့တင်ဝင်း၊ စာရင်းစစ် ဦးတင်ထွဋ်တို့အား ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

# လူထုဗဟိုပြုစီမံကိန်းကော်မတီများ ဖွဲ့စည်း

**ညောင်ဦး မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက မတ်လဆန်းမှစတင်၍ လကုန်အထိ လူထု ဗဟိုပြုစီမံကိန်းလုပ်ဆောင်နိုင်ရန် ကော်မတီများဖွဲ့စည်းပြီး ပြည်သူတို့၏ လိုအပ်ချက်များကို လေ့လာသိရှိနိုင်ရေး စည်းဝေးဆောင်ရွက်ကြရာ ကျေးရွာသူကျေးရွာသား ၁၄၂ ဦး တက်ရောက်ခဲ့သည်။ တက်ရောက်လာသူများက အိမ်တိုင်ရာရောက် ရေပေးဝေရေးစနစ်ကိုတည်ဆောက်ပေးရန် တင်ပြခဲ့ကြသည်။ယင်းတင်ပြမှုများကို အစည်းအဝေးမှ သဘောတူညီခဲ့ကြပြီး တာဝန်ရှိသူများသည် အဖွဲ့ လေးဖွဲ့ခွဲလျက် ကျေးရွာပေါင်း ၂၁၈ ရွာကို ယခုလကုန်တွင် ကော်မတီများ ပြီးပြတ်အောင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဌေး(ညောင်ဦး)

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

**တီးတိန် မတ် ၁၃**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း အယ်နီညိုရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့ချိန်၌ သောက်သုံးရေရှားပါးမှု၊ စိုက်ပျိုးသီးနှံများ ရေပြတ်လပ်မှု၊ မီးလောင်မှုနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများဖြစ်ပေါ်လာပါက တုံ့ပြန်ဖြေရှင်းနိုင်ရေး စသည့်စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ မတ် ၁၁ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မောင်မောင်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးကြကာ တက်ရောက်လာကြသော မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

# ကြွက်များကိုက်ဖြတ်၍ ငရုတ်စိုက်ခင်းများ အထွက်နှုန်းလျော့ကျ

**ရေတာရှည် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ တောင်ဘက် ဆွာချောင်းအနီး၌ စိုက်ပျိုးထားသည့် ငရုတ်ရှည်စိုက်ခင်းများတွင် ယခုရက်ပိုင်းအတွင်း နေအပူချိန်မြင့်တက်ခြင်းကြောင့် သီးနှံစိုက်ခင်းများ အောက်ရေဓာတ်ခန်းခြောက်ကာ ကြွက်များကိုက်ဖြတ်ဖျက်ဆီး၍ မူလက ထင်မှတ်ထားသည်ထက် အထွက်နှုန်းလျော့ကျဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ ငရုတ်ရှည်မျိုးစေ့ထုတ်စိုက်ခင်းများကို တရုတ်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များက မြေငှားရမ်း၍ လွန်ခဲ့သော ခြောက်လခန့်ကတည်းက စတင်စိုက်ပျိုးခဲ့ကြခြင်းဖြစ်ကာ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာလည်း ရရှိခဲ့ကြသည်ကို တွေ့ရသည်။ ယခုအခါ ပြောင်းလဲ လာသော ရာသီဥတုနှင့်ကြွက်များ အုပ်စုလိုက်ကိုက်ဖြတ်ခြင်းကြောင့် အကျိုးအမြတ်ထက် အရှုံးဘက်ကိုဦးတည်နေကြောင်း အဆိုပါစိုက်ခင်းမှ စိုက်ခင်းတာဝန်ခံတစ်ဦးက ပြောကြားသည်။

"အပူချိန်ကအလွန်မြင့်လာတော့ အောက်က ရေဓာတ်ခန်းကုန်တယ်။ ပိုဆိုးတာကကြွက်တွေပါ။ အတော်ကိုများပါတယ်။ အပင်ကို မကိုက်ဘူး။ အသီးတွေချည်း လိုက်ကိုက်ပစ်တော့ ပိုဆိုးတာပေါ့"ဟု ၄င်းက ဆက်ပြောသည်။

ယခုအချိန်မှာ ငရုတ်သီးများ ရင့်မှည့်ချိန်ဖြစ်သည့်အတွက် အခြောက်ခံကာ အစေ့ထုတ်ချိန်ဖြစ်ပြီး မကြာမီ တရုတ်နိုင်ငံသို့ တင်ပို့ကာ ပိုးသတ်ရန်နှင့် သန့်စင်ထုပ်ပိုးရန် ပြင်ဆင်နေချိန်လည်းဖြစ်သည်။ မျိုးစေ့ထုတ်လုပ်ရန် စံချိန်မမီသော ငရုတ်သီးများကို ဈေးကွက်သို့ တင်ပို့ရောင်းချလိုသော်လည်း ယခုငရုတ်မျိုးမှာ စားသုံးသူများနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသည့်အတွက် ရောင်းချရန် အခက်အခဲရှိနေပြီး ဟိုတယ်လုပ်ငန်းများနှင့် အခြားသော စားသောက်ဆိုင်ဈေးကွက်များကို ဆက်သွယ်ချိတ်ဆက်မိမှ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)



# ကြက်ခြေနီအသင်းခွဲ စွမ်းဆောင်ရည်အကဲဖြတ်မှုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**သီပေါ မတ် ၁၃**

မြန်မာနိုင်ငံကြက်ခြေနီအသင်း မြို့နယ်အသင်းခွဲ စွမ်းဆောင်ရည်ဆန်းစစ်အကဲဖြတ်မှု အလုပ်ရုံဆွေးနွေးပွဲကို ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၁ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာစိုင်းထွန်းဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်မြောက်ပိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ တွဲဖက်ဦးစီးမှူး(ပထမတန်း) ဦးထွန်းထွန်းက BOAC အလုပ်ရုံဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ပြောကြားကာ မြို့နယ်ကြက်ခြေနီအသင်း အမှုဆောင်များနှင့် မြို့မိမြို့ဖများက အသင်းဖွံ့ဖြိုးတိုးတက်ရေး၊ တပ်ဖွဲ့ဝင်ဦးရေ တိုးပွားများပြားလာရေး စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် လားရှိုးမြို့နယ် ကြက်ခြေနီအသင်းမှ အထောက်အကူပြုအရာရှိ ဒေါ်သန္တာမိုး၊ ဦးစီးမှူး ဦးဇော်မျိုးကျော်နှင့် သီပေါမြို့နယ် ကြက်ခြေနီအသင်းမှ ဦးသိန်းစိုးနိုင်တို့က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကျင့်ဝတ်စည်းကမ်းများနှင့် ကလေးသူငယ်အကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စိုင်း(သီပေါ)


# အချိန်လည်းတို၊ အကျိုးလည်းများသည့် DAPOG နည်းဖြင့် ပျိုးထောင်စိုက်ပျိုးကြပါစို့

**ရေစကြို မတ် ၁၃**

စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးလက်ဒေသနေပြည်သူများ၏ အဓိက အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရိက္ခာလိုအပ်ချက်ကိုဖြည့်ဆည်းပေးနေသော လုပ်ငန်းလည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကကျသော စိုက်ပျိုးရေးကဏ္ဍမြင့်မားတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် နိုင်ငံတော်မှ ဒေသအသီးသီးတွင် စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်း၊ စိုက်ပျိုးရေးဖူလုံစွာရရှိစေရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဖန်တီးပေးခြင်း၊ စိုက်ပျိုးရေးသုတေသနပြုနည်းပညာများ အသုံးပြု၍ ဒေသ ရေ၊ မြေ၊ သဘာဝနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များကို သုတေသနပြုဖြန့်ဖြူးပေးခြင်း၊ သီးနှံအမျိုးအစားအလိုက် သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်များကို စိုက်ကွင်းများအရောက် နည်းပေးခြင်းများကြောင့် အဓိကကျသော စပါးသီးနှံမှာ ပြည်တွင်းစားသုံးမှုဖူလုံသည့်အပြင် ပိုလျှံလျက်လည်းရှိနေပြီးဖြစ်သည်။

ထိုသို့ ဆန်စပါးသီးနှံဖူလုံပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်ရာတွင် ဒေသခံတောင်သူများ ပိုမိုအကျိုးဖြစ်ထွန်းစေမည့် နည်းလမ်းများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနအဆင့်ဆင့်မှ နည်းပညာပေးဆောင်ရွက်လျက်ရှိရာ (DAPOG= Mordified Mat Nursery) ပျိုးထောင်စိုက်ပျိုးနည်းမှာ တောင်သူဦးကြီးများအတွက် အချိန်လည်းတို၊ အကျိုးလည်းများသော စပါးပျိုးထောင်စိုက်ပျိုးနည်းကောင်းတစ်ခုဖြစ်ကြောင်း လေ့လာသိရှိရသည်။



အဆိုပါ DAPOG နည်းဖြင့် စပါးပျိုးထောင်ပုံမှာ မိမိ၏အိမ်ခြံမြေအတွင်းတွင် အလျားပေ ၈၀၊ အနံ ၃ ပေ မြေကွက်ငယ်တစ်ခုကို တိုင်းတာပြီး အောက်ခံမြေသားမျက်နှာပြင်ကို ညီညာအောင်ညှိပြီး အပေါက်ငယ်လေးများဖောက်ထားသည့် ပလတ်စတစ်စကို အလျားပေ ၈၀ ၊ အနံ ၃ ပေ မြေကွက်ငယ်အတွင်း၌ခင်း၍ နုန်းမြေသုံးဆ၊ နွားချေးတစ်ဆ၊ စက်ဖွဲပြာတစ်ဆကို သမအောင်ရောမွှေပြီး လက်မဝက်ထုရအောင် ခင်းထားသည့် ပလတ်စတစ်အပေါ်တွင် ညီညာအောင် ဖြူး၍ ထည့်ရမည်ဖြစ်သည်။ ထို့နောက် ရေပန်းခရားဖြင့် ရေကိုရွှဲအောင်လောင်းပြီး တစ်ရက်ရေနှပ်ထားရမည်ဖြစ်သည်။

ရေနှပ်ထားသော အလျားပေ ၈၀၊ အနံ ၃ ပေပေါင်ပေါ်တွင် အညှောင့်ဖောက်ထားသော မျိုးစပါးများကို ညီညာစွာဖြန့်၍ အပေါ်မှ စက်ဖွဲပြာလက်မဝက်ခန့် ဖုန်းအုပ်ပြီး ရေပန်းခရားဖြင့် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်၊ ၁၄ ရက်တိတိ ရေဖျန်း၍ ပြုစုကာ ၁၅ ရက်ပြည့်သည့်အခါ ပျိုးပင်များကို အတွင်းမှာထားလျက် ဖျာလိပ်သလိုလိပ်၍ စိုက်ပျိုးရန် အသင့်မြေယာပြုပြင်ထားသည့် စိုက်ကွင်းသို့ လွယ်ကူပေ့ါပါးစွာ သယ်ယူ၍ စိုက်ပျိုးနိုင်ပါသည်။ (အလျားပေ ၈၀၊ အနံ ၃ ပေ ပေါင်တစ်ပေါင်သည် မျိုးစပါးတစ်တင်းပျိုးထောင်နိုင်သည့် အရွယ်အစားဖြစ်ပါသည်။)

ဤကဲ့သို့ DAPOG နည်းဖြင့် ပျိုးထောင်ခြင်းအားဖြင့် တောင်သူဦးကြီးများတွက် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ပျိုးခင်းမြေကို ထွန်ယက်ပြုပြင်စရာမလိုသည့်အတွက် ထွန်ယက်စရိတ်သက်သာခြင်း၊ သဘာဝမြေဩဇာသုံးစွဲရမှုသက်သာခြင်း၊ အကုန်အကျသက်သာခြင်း ပျိုးနုတ်စရိတ်သက်သာခြင်း၊ ရေပေးသွင်းစရိတ်သက်သာခြင်း၊ သက်ယူရွှေ့ပြောင်းစရိတ်သက်သာခြင်း၊ လယ်တွင်းထဲတွင် ပျိုးထောင်ခြင်းမဟုတ်သည့်အတွက် တိရစ္ဆာန်ဖျက်ဆီးမှုသက်သာခြင်း၊ ပျိုးခင်းသို့ သွားလာစောင့်ရှောက်ရသည့် လူနှင့်အချိန်သက်သာခြင်း စသည့်အကျိုးများကို ရရှိစေနိုင်သည့်အပြင် ပျိုးမနုတ်ရသည့်အတွက် ပျိုးပင်(ကောက်ပင်)အနာသက်သာခြင်း၊ ပျိုးပင်မနာသည့်အတွက် ပျိုးပင်ရှင်သန်ကြီးထွားမှုကိုမြန်စေခြင်း၊ ပျိုးသက်နုနုတွင်ပြောင်းရွှေ့စိုက်ပျိုးသည့်အတွက် ပင်ပွားအားကိုကောင်းစေခြင်း၊ ပင်ပွားအားကောင်းသည့်အတွက် စပါးအထွက်နှုန်းတိုးတက်ခြင်း အကျိုးများကိုပါ ရရှိစေပါသည်။

သို့အတွက် ကျေးဇူးရှင်တောင်သူဦးကြီးများတွက် အမှန်တကယ် ထိထိရောက်ရောက် အကျိုးတရားများကို တိုးပွားစေသည့် DAPOG နည်းဖြင့် ပျိုးထောင်စိုက်ပျိုးကြရန် လေ့လာအကြံပြုရေးသားလိုက်ရပါသည်။

**ဆောင်းပါးနှင့်ဓာတ်ပုံ-ဖေထွဏ်းဇော်(ရေစကြို)**



# ဦးရာဇ်တော်စေတီ ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပမည်

**ပုဏ္ဏားကျွန်း မတ် ၁၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သမိုင်းဝင် ဦးရာဇ်တော်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၁၀ရက်မှ ၁၂ ရက်(မတ် ၁၈ ရက်မှ ၂၀ ရက်အထိ) စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဦးရာဇ်တော်ဘုရားဂေါပကအဖွဲ့မှ သိရသည်။

ဘုရားပွဲတော်တွင် ပါဝင်မြဲဖြစ်သော ဗုဒ္ဓဘိသေက အနေကဇာတင်မင်္ဂလာနှင့် သံဃဒါန ဆွမ်းကျွေးလှူဒါန်းပွဲ၊ ရခိုင်ရိုးရာပြိုင်လောင်းပြိုင်ပွဲ(လှေပြိုင်ပွဲ)၊ ရခိုင်ရိုးရာ ကျင်ကိုင်ပွဲ(ရွှေမောင်းတန်း၊ ငွေမောင်းတန်း)များနှင့် အခြားပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဟုသိရပြီး ညပိုင်းတွင် အောင်နန်းဇာတ်သဘင်ဖြင့် သုံးညတိုင်တိုင် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်ဦးက ပြောသည်။

သေလပိဋ္ဌိပဗ္ဗတ(ဦးရာဇ်တောင်) တောင်ထိပ်တွင် တည်ရှိသည့် ဦးရာဇ်တော်ဓာတ် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးမှာ ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်တော်အရ ရခိုင်ပြည့်ရှင် သူရိယစက္ကမင်းကြီးသည် ဘုရားရှင်၏ ဦးရာဇ်တော်ဓာတ်ကို ဌာပနာပြီး သာသနာသက္ကရာဇ် ၂၂၂ ခုနှစ်တွင် တည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် အထင်ကရစေတီတော်မြတ်ကြီးဖြစ်ကြောင်း သိရသည်။ ရခိုင်ဘုရင်မင်းများအဆက်ဆက်က မွမ်းမံကုသိုလ်ပြုခဲ့ကြရာ မင်းဖလောင်းဘုရင်လက်ထက် အေဒီ ၁၅၉၁ တွင် ဉာဏ်တော် ၁၅၃ ပေ၊ လုံးပတ်တော် ၄၀၁ ပေအထိ ထပ်မံတည်ထားခဲ့ကြောင်း သိရသည်။

**မြတ်ဝေ**

# သောက်သုံးရေအခက်အခဲဖြစ်နေသည့်ကျေးရွာများသို့ ရေများလှူဒါန်း

**စစ်ကိုင်း မတ် ၁၃**

စစ်ကိုင်းမြို့နယ်အတွင်း သောက်သုံးရေအခက်အခဲဖြစ်သည့် ကျေးရွာများသို့ ရေသွားရောက်လှူဒါန်းခြင်းနှင့် အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောပွဲကို ရေမျက်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ မတ် ၁၂ ရက်က ပြုလုပ်ခဲ့သည်။

ရေလှူဒါန်းရာတွင် စစ်ကိုင်းမြို့ မြို့မိမြို့ဖ ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ရေအလှူရှင်များဖြစ်သည့် ရန်ကုန်မြို့မှ ရေအလှူရှင်မိသားစုက လှူဒါန်းသည့် သောက်သုံးရေ ဂါလန် ၅၈၀၀ ကို သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ရေသယ်ယာဉ်လေးစီးနှင့်သယ်ယူ၍ ကျေးရွာနေပြည်သူများထံ ပေးဝေလှူဒါန်းကာ ကိတ်မုန့်နှင့် ရေခဲမုန့်များလည်း လှူဒါန်းကျွေးမွေးခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးစန်းလွင်ဦးက အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ကျေးရွာနေပြည်သူများအား ကြိုတင်သိရှိထားသင့်သည့် အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်က ကျေးရွာပြည်သူလူထုအနေဖြင့် မိုးရေစုဆောင်းနိုင်ရေးအတွက် ရေလှောင်စနစ် ကျင့်သုံးရန်နှင့် အဓိကဆောင်ရွက်ရမည့် အကြောင်းအရာများကို လည်းကောင်း ဟောပြောခဲ့သည်။

ရေလှူဒါန်းခြင်းနှင့် ဟောပြောပွဲသို့ မြို့မိမြို့ဖများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ အလှူရှင်မိသားစုနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။ **မျိုးဝင်း(စစ်ကိုင်း)**

**မွန်ပြည်နယ် ရေးမြို့ မြသီတာဈေးအတွင်း၌ လက်လီလက်ကားရောင်းချနေသော စားသောက်ကုန်နှင့် ဆေးဆိုင်များတွင် ကျန်းမာရေးဝန်ကြီးဌာနမှ တားမြစ်ထားသော စားသောက်ကုန်နှင့် ဆေးဝါးများကို ဈေးကွက်အတွင်း ရောင်းချခြင်းမရှိစေရန်အတွက် မြို့နယ်ရှိ သက်ဆိုင်ရာဌာနများပါဝင်သော ပူးပေါင်းအဖွဲ့များ မတ် ၁၂ ရက်က လိုက်လံစစ်ဆေးစဉ်။**

နေမျိုးထွဋ်(ရေး)



# ဂုဏ်ယူဝမ်းမြောက်ခြင်း

Yangon Aerodrome Company Limited မှ
နိုင်ငံတကာအဆင့်မီ
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပခရီးသည်အဆောက်အဦသစ်အား
၂၀၁၆-ခုနှစ်၊ မတ်လ (၁၂) ရက်နေ့တွင်
ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် ဆက်လက်၍ တိုးတက်အောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

KBZ BANK

ဥက္ကဋ္ဌ
နှင့်
ဒါရိုက်တာအဖွဲ့

KBZ GROUP

---

## EAGLE GUEST HOUSE

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇

၁၂၀၀၀ ကျပ်
၁၇၀၀၀ ကျပ်

---

အခြေခံ ဆရာဦးသိန်းဝင်း
## ပန်းချီသင်တန်း
အခြေခံမှစ၍ တစ်ဦးချင်းသင်သည်

(၁) အမှတ်(၁၆၆/၁၆၈)၊ တ-ထပ်၊ အနော်ရထာလမ်းမကြီး၊ ၃၄ လမ်းထိပ် ဘားလမ်း၊ မှတ်တိုင်အနီး၊ ကျောက်တံတားမြို့နယ်။
(၂) တိုက်(၃)၊ အခန်း(၅၀၅)၊ ၁၅၄ လမ်း(မင်္ဂလာဗေယျကျောင်းလမ်း)၊ (နား နှာခေါင်း လည်ချောင်း ဆေးရုံနံဘေးလမ်း) ၊ တာမွေ

ဖုန်း ၀၉ ၅၀ ၇၇၅၆၀ ၀၉ ၂၅ ၃၂၆၁၇၁၀

---

## ချာချီးယား ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-681 9020
09-510 1862

---

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာရှိ တိုက်အမှတ် (ဘီ-၁)၊ အခန်းအမှတ် (၀၀၁)ကို Ruby Centre Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးရွှေကြိုင်ထံမှ ဒေါ်သက်သက်ခိုင် ၁၂/အလန(နိုင်) ၀၃၀၂၀၇မှ ဝယ်ယူပြီးဖြစ်သဖြင့် ငွေအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် Owner Book ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့်တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သင်္ဘောစီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉)၊ မိုလ်ချုပ်(၁)လမ်း၊ ဇည္ဗားဒလရပ်ကွက်၊ ဒလမြို့နယ်။

၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃

၁၀၀၀၀ ကျပ်
၁၄၀၀၀ ကျပ်
30$

---

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် GG/1818 Toyota Probox ယာဉ်လက်ဝယ်ရှိသူ Moe Pwint Cherry Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

---

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 3G/5988 Toyota Hilux ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျွမ်မိန်း ၁၃/မပန(နိုင်)၀၂၃၀၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃စယ/၃၉၁၀၆ YAMAHA FINO MLEKE ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမွန်းခမ်း ၁၃/ကတန(နိုင်)၁၃၄၀၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၆၅၃၄၆ HONDA DREAM C100M ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းသူ ၁၄/လမန(နိုင်)၀၈၅၄၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၄၆၃၇၄ Yin Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောလင်းအောင် ၉/ပသက(နိုင်)၁၀၃၄၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆ခ/၂၂၉၃ Mitsubishi Fuso ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမိုးနွံ ၁၃/မပတ(နိုင်)၀၂၃၇၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃စယ/၂၁၁၂၉ Honda Wave 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်ထွေး ၁၀/ခဆန(နိုင်)၀၉၄၈၀၀(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

---

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ မယ်နင်ကျေးရွာနေ မောင်အားလို့၏ ဖခင်အမည်မှန်မှာ ဦးအာမဲ(ခ)ဦးဆူမဲ ၁၃/မဆန(နိုင်)၀၁၇၉၇၅ ဖြစ်ပါကြောင်း။

**ဦးအာမဲ(ခ)ဦးဆူမဲ ၁၃/မဆန(နိုင်)၀၁၇၉၇၅**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/6075 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဟ/၄၁၃၀ Dong Fang သုံးဘီးဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးရှမ်းမွန် ၁၀/မလမ(နိုင်)၁၅၉၈၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

---

## ဒေါ်နီနီအေး ၇/အတန(နိုင်)၀၃၀၃၂၇နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးတင်မောင်ဆွေသည် (ဘ) ဦးပေါက်စ၏သမီး ဒေါ်နီနီအေး ၇/အတန (နိုင်)၀၃၀၃၂၇နှင့် ၁၉၉၉ခုနှစ်မှစ၍ တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ရာ သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ဒေါ်နီနီအေးသည် ခင်ပွန်းဖြစ်သူ ကျွန်တော်ဦးတင်မောင်ဆွေ၏ ဆိုဆုံးမမှုများကို နာခံမှုမရှိခြင်း၊ မသင့်လျော်သော လူမှုရေးကိစ္စများကိုပြုလုပ်ခြင်း ၂၀၁၄ခုနှစ်မှစ၍ နေအိမ်မှဆင်းသွားခြင်း၊ အကြိမ်ကြိမ်ပြန်ခေါ်သော်လည်း ပြန်မလာခြင်းစသည့်အကြောင်းများကြောင့် ဒေါ်နီနီအေး ၇/အတန(နိုင်) ၀၃၀၃၂၇ အား ၁၀-၃-၂၀၁၆ ရက်မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်၊ ပြတ်စဲ၊ ကွာရှင်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင်မောင်ဆွေ ၁၂/သဃက(နိုင်)၀၃၉၁၀၇**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂C/၇၅၈၆ Suzuki Swift , H/B (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၁၂/ဗဟန (နိုင်) ၀၄၅၂၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂C/၇၅၈၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် (၉၄၆)၊ ထူပါရုံ(၉)လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်မြကေခိုင်(ခ)ပြည့်ပြည့် ၁၂/သကတ(နိုင်)၁၂၇၃၉၀၏သား မောင်အာကာကျော်ဝင်းသည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲနေအိမ်မှ မိမိဘာသာအလိုအလျောက်ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မည်သည့်ကိစ္စမှတာဝန်မယူပါ။

**မိခင် - ဒေါ်မြကေခိုင်(ခ)ပြည့်ပြည့်**

KBZ BANK

## သာကေတ–ကမာကြည်ဘဏ်ခွဲ ၊ ရန်ကုန်ဘဏ်ခွဲ(၉၀)

အမှတ်(၇)၊ ရွှေခင်းသာလမ်းနှင့် ရတနာပုံ(၅)လမ်းထောင့်၊ ကမာကြည်အိမ်ရာစီမံကိန်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၉၄၁၀၂၁၃/ ၂၁၄/ ၂၁၅၊ ဖက်စ်(၀၁)၉၄၁၀၂၁၀/ ၂၁၁/ ၂၁၂

## မဟာဗန္ဓုလပန်းခြံလမ်းဘဏ်ခွဲ၊ ရန်ကုန်ဘဏ်ခွဲ(၉၁)

အမှတ်(၅၆၇)၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၂၄၉၄၁၇၊ ၂၄၉၈၄၀၊ ဖက်စ်(၀၁)၂၄၉၂၃၆၊ ၂၄၉၂၄၆

## မင်းလမ်းဘဏ်ခွဲ၊ ပဲခူးဘဏ်ခွဲ(၄)

အမှတ်(၁၃၀)၊ မြေညီထပ်၊ မင်းလမ်း၊ ဈေးပိုင်းရပ်ကွက်၊ ပဲခူးမြို့။
ဖုန်း(၀၅၂)၂၂၂၃၂၅၉၊ ၂၂၀၁၀၈၆၊ ဖက်စ်(၀၅၂)၂၂၀၁၃၄၀၊ ၂၂၀၁၃၄၁

## ပြည်ကျော်ဈေးဘဏ်ခွဲ၊ မန္တလေးဘဏ်ခွဲ(၃၁)

အမှတ်(၃၅)၊ (၈၇)လမ်း၊ (၃၀× ၃၁)လမ်းကြား၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း(၀၂)၆၇၃၂၇၊ ဖက်စ်(၀၂)၆၇၃၂၈၊ ၆၇၃၂၉

## ပြည်သာယာဘဏ်ခွဲ၊ မိတ္ထီလာဘဏ်ခွဲ(၅)

အမှတ်(၁၉/၈၊ ပြည်သာယာ)၊ ပြည်သာယာ(၂)လမ်းနှင့်(၃)လမ်းကြား၊ ရန်ကုန်–မန္တလေးလမ်းမကြီးဘေး၊ ပြည်သာယာရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း(၀၆၄)၂၀၃၅၂၁၁၊ ၂၀၃၅၄၆၈၊ ဖက်စ်(၀၆၄)၂၀၃၅၄၈၁၊ ၂၀၃၅၄၈၂

**တို့ကိုဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဘဏ်**

www.kbzbank.com




ဘဏ်လုပ်ငန်းကိစ္စအရပ်ရပ်နှင့် ပြည်တွင်းငွေလွှဲလုပ်ငန်းများကို (၁၁.၃.၂၀၁၆)နေ့ မှစ၍ Myanmar Plaza အမှတ် ၁၉၂ / အခန်း ၆၂၄၊ ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု(၁)လမ်းထောင့်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Phone : (95) 09 73116458/09 73223426/09 73180241 Call Center : 1874
Fax : (95) 09 73219446 Website: www.cbbank.com.mm
Email : myanmarplazabranch@cbbank.com.mm

# မဟာဗန္ဓုလအငှားအိမ်ရာ အိမ်ခန်းပေါင်း ၁၁၅၂ ခန်း မဲနှိုက်ရွေးချယ်



သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးက ဖေဖော်ဝါရီလအတွင်း လျှောက်လွှာများခေါ်ယူခဲ့သည့် မဟာဗန္ဓုလ အငှားအိမ်ရာတိုက်ခန်း လျှောက်ထားသူများကို ယနေ့နံနက်ပိုင်းက လျှောက်ထားသူများ၏ ရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာဖြင့် မဲနှိုက်ရွေးချယ်ပေးလိုက်ပြီ ဖြစ်သည်။

"ဒီမဟာဗန္ဓုလ အငှားအိမ်ရာအတွက် လျှောက်ထားသူပေါင်း ၃၅၄၉၃ ဦး ရှိပါတယ်။ မဲဖောက်ပေးမယ့် တိုက်ခန်းပေါင်းကတော့ ၁၁၅၂ ခန်း ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ဦးနေဝင်းအောင်က မြန်မာအီးဗင့်ပတ်ခ်၌ပြုလုပ်သော မဲနှိုက်ရွေးချယ်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ အငှားအိမ်ရာတိုက်ခန်း မဲပေါက်သူများအနေဖြင့် ယခင်

*စာမျက်နှာ ၈ ကော်လံ ၁* ✻

## အက်ဖ်အေဖလား ကွာတားဖိုင်နယ် အာဆင်နယ်တို့ အိမ်ကွင်း၌ ဝက်ဖို့ဒ်ကိုရှုံး

အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပွဲစဉ်တစ်ပွဲဖြစ်သည့် အာဆင်နယ်နှင့် ဝက်ဖို့ဒ်တို့ပွဲကို မတ် ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ အာဆင်နယ်တို့ အိမ်ကွင်း၌ ဝက်ဖို့ဒ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ကွာတားဖိုင်နယ်ပွဲဖြစ်သည်နှင့်အညီ အိမ်ကွင်း၌ အာဆင်နယ်တို့ အနိုင်ရရှိရေး ၄-၂-၃-၁ အခင်းအကျင်းဖြင့် ဂျရူးကို အထောင်ထားကာ အိုဇေးလ်၊ ကမ့်ဘဲ၊ ဆန်ချက်ဇ်၊ ကိုကွီလင်တို့ဖြင့် ပွဲထွက်ခဲ့ပြီး ဝက်ဖို့ဒ်တို့ကလည်း ၄-၄-၂ ပုံစံဖြင့် အမာခံကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ဝက်ဖို့ဒ်အတွက် အဖွင့်ဂိုးကို မိနစ် ၅၀ တွင် တိုက်စစ်မှူး အစ်ဟာလိုက သွင်းယူခဲ့သည်။ ဝက်ဖို့ဒ်အသင်း ဦးဆောင်ဂိုးရပြီးနောက် အာဆင်နယ်တို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ၆၃ မိနစ်တွင် ဝက်ဖို့ဒ်မှ ဂွဒီရိုအူရာက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ပွဲချိန် ၈၇ မိနစ်တွင် အာဆင်နယ်အတွက် ချေပဂိုးကို တိုက်စစ်မှူး ဝဲဘက်က သွင်းယူခဲ့သည်။ အာဆင်နယ်အသင်း တရစပ် တိုက်စစ်ဆင်ကစားခဲ့ရာ ၈၉ မိနစ်တွင် အပိုင်အခွင့်အရေးကို တိုက်စစ်မှူး ဝဲဘတ် လွဲချော်ခဲ့၍ အာဆင်နယ်တို့ ချေပဂိုးနစ်နာခဲ့ရသည်။

*စာမျက်နှာ ၁၄ ကော်လံ ၃* ○

## ယနေ့ ဖတ်စရာ

**တိုက်ချင်းပစ်ဒုံးပျံ စမ်းသပ်မှုအတွက် အီရန်ကို အရေးယူရန် အစ္စရေး တိုက်တွန်း**

စာမျက်နှာ » ၄

**မင်းပြားမြို့အနီး စစ်တွေ-ရန်ကုန် ခရီးသည်တင်ယာဉ် တစ်စီး မီးလောင်**

စာမျက်နှာ » ၁၂

**စိတ်ကြွရူးသွပ်ဆေးပြား ၅၂၅၀၊ ဘိန်းဖြူ ၅ ဒသမ ၆ ဂရမ်တို့ ဖမ်းဆီးမိ**

စာမျက်နှာ » ၁၃

# ရတနာပုံအသင်း ဂိုးပြတ်နိုင်ပွဲရယူပြီး ပထမအကျော့မပြီးဆုံးမီ ရာသီဝက်ချန်ပီယံဖြစ်

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် မတ် ၁၃

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ရတနာပုံအသင်းနိုင်ပွဲရယူနိုင်ခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းက ဟံသာဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထိပ်ဆုံးတွင်ဦးဆောင်နေသည့် ရတနာပုံအသင်းမှာ အနီးကပ်ဆုံးပြိုင်ဘက်ဖြစ်သည့် ဟံသာဝတီအသင်းကို အနိုင်ကစားနိုင်ခဲ့သောကြောင့် ထိပ်ဆုံးနေရာတွင် ငါးမှတ်ပြတ် ဦးဆောင်နိုင်ခဲ့သည်။ ယခုပွဲ အနိုင်ရလဒ်ကြောင့် ရတနာပုံအသင်းသည် ပထမအကျော့ မပြီးဆုံးမီ ရာသီဝက်ချန်ပီယံဖြစ်ခဲ့သည်။ ဟံသာဝတီအသင်းမှာ ခံစစ်ပိုင်းအားနည်းမှုများကြောင့် ယခုရာသီ၏ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

အမာခံကစားသမားအစုံအလင် ပါဝင်လာသည့်ရတနာပုံအသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး အောင်ဇော်မပါနိုင်သည့် ဟံသာဝတီ ခံစစ်ပိုင်းက

*စာမျက်နှာ ၁၄ ကော်လံ ၅* ❖



ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။




မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
စာတိုက်သေတ္တာအမှတ်-၄၀၊